# မြဝတီ နေ့စဉ်

တိုင်းပြည်၏စတုတ္ထမဏ္ဍိုင်ကို ဖော်ဆောင်ပေးသည် မြဝတီ

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၄)၊ အမှတ်(၁၈၄)

၁၃၈၆ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၂ ရက်
၂၀၂၄ ခုနှစ်၊ အောက်တိုဘာ ၁၉ ရက်၊ စနေနေ့


**မြတ်ဗုဒ္ဓ၏အဆုံးအမတရား**

လောက၌ အမိကိုပြုစုလုပ်ကျွေးခြင်းသည် ချမ်းသာ၏။ အဖကိုပြုစုလုပ်ကျွေးခြင်းသည် ချမ်းသာ၏။ လောက၌ ရဟန်းတို့ကို ပစ္စည်းလေးပါးတို့ဖြင့် အရိုအသေပြုစုခြင်းသည် ချမ်းသာ၏။ မကောင်းမှုကင်းကုန်သော ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ သာဝကတို့ကို ပစ္စည်းလေးပါးဖြင့် အရိုအသေပြုစုခြင်းသည် ချမ်းသာ၏။ **ဓမ္မပဒ**

**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များတည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကျင်းပနေမှုများကို တက်ရောက်ကြည့်ရှုအားပေး






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၊ ဇနီး ဒေါ်ကြူကြူလှနှင့်အဖွဲ့ဝင်များ အခြေခံပညာအဆင့် အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း (အမျိုးသမီး)(ဂီတာ)အတီးပြိုင်ပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်တစ်ဦးယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးစဉ်။

**နေပြည်တော် အောက်တိုဘာ ၁၈**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့သည် ယနေ့နံနက်ပိုင်းတွင် မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန(၂)၌ ကျင်းပလျက်ရှိသည့် (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ (ဗဟိုအဆင့်)ပြိုင်ပွဲယှဉ်ပြိုင်နေမှုများကို တက်ရောက်ကြည့်ရှုအားပေးကြသည်။

**စာမျက်နှာ ၁၆ ကော်လံ ၅✯**

**ဆောင်းပါး** တိုင်းရင်းသားစည်းလုံးညီညွတ်ရေးအတွက် အနုသုခုမပညာ (စာ - ၁၃ သို့)

**အခြေခံရည်ညွှန်းစပါးဈေးနှုန်း ထုတ်ပြန်ကြေညာချက်** (စာ - ၉ သို့)




## အယ်ဒီတာ့အာဘော်

(၂၀၂၄ ခုနှစ်၊ အောက်တိုဘာ ၁၉ ရက်)

# တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးပူးပေါင်းဆောင်ရွက်ပေး

ကမ္ဘာ့နိုင်ငံများအနေဖြင့် မည်သည့်နိုင်ငံကမှ တရားမဝင်ကုန်သွယ်မှုများကိုအမြစ်ပြတ်အောင် မလုပ်ဆောင်နိုင်သေးကြောင်းတွေ့ရှိရပြီး မူးယစ်ဆေးဝါး၊ လက်နက်ခဲယမ်းရောင်းဝယ်မှုများနှင့် ငွေကြေးခဝါချမှုများကို သီးခြားနည်းလမ်းရွေးချယ်ပြီး တားဆီးကျင့်သုံးဆောင်ရွက်လျက်ရှိသည်။ တစ်ပြေးညီဆောင်ရွက်ပါက စည်းကမ်းလိုက်နာသူများပါနှောင့်နှေးနစ်နာပြီး အခြားနိုင်ငံများနှင့်ဈေးကွက်ရအောင်ယှဉ်ပြိုင်ရာတွင်ခက်ခဲမှုရှိလာနိုင်သည်။ တရားမဝင်ကုန်သွယ်မှုလုပ်ဆောင်နေကြသူများသည် နည်းလမ်းမျိုးစုံအသုံးပြုပြီး ဆောင်ရွက်နေကြသကဲ့သို့ တားဆီးသူများအနေဖြင့်လည်း လုပ်ထုံးလုပ်နည်းများအရဖြစ်စေ၊ စစ်ဆေးမှုအခြေအနေများအရဖြစ်စေ၊ ပျော့ကွက်ဟာကွက်မရှိအောင်စီမံတားဆီးဆောင်ရွက်ကြရမည်ဖြစ်သည်။

တရားမဝင်ကုန်သွယ်မှုရှိနေခြင်းမှာ နိုင်ငံ့စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကိုနှောင့်နှေးစေပြီး ပြည်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းများလုပ်ကိုင်နေကြသည့် တိုင်းရင်းသားလုပ်ငန်းရှင်များ၏ကုန်ထုတ်လုပ်မှုနှင့် ဈေးကွက်ယှဉ်ပြိုင်နိုင်မှုစွမ်းဆောင်ရည်နှင့် စွမ်းဆောင်နိုင်မှုအားများကိုယုတ်လျော့စေသည်။ ထိုသို့မဖြစ်စေရန်အတွက် တရားမဝင်ကုန်သွယ်မှုလုပ်ဆောင်နေခြင်းများကို ပြတ်ပြတ်သားသားတားဆီးကာကွယ်ရမည်ဖြစ်သည်။ တရားမဝင်ကုန်သွယ်မှုပပျောက်မှသာ ကုန်ထုတ်လုပ်မှုနှင့်ဈေးကွက်ယှဉ်ပြိုင်နိုင်မှုမှတစ်ဆင့် ပို့ကုန်ကဏ္ဍနှင့် ကူးသန်းရောင်းဝယ်ရေးကဏ္ဍမြင့်မားတိုးတက်လာစေမည်။ ၎င်းမှတစ်ဆင့် ပြည်တွင်းသုံးစွဲမှုငွေလည်ပတ်မှုအားကောင်းစေမည့်ကဏ္ဍအပါအဝင် နောက်ဆုံးပြည်ပပို့ကုန်တင်ပို့နိုင်မှုကို ပိုမိုဖွံ့ဖြိုးတိုးတက်စေလျက် နိုင်ငံခြားငွေစီးဆင်းမှုမြန်ဆန်သွက်လက်မှုဖြစ်ပေါ်စေမည်ဖြစ်သည်။

မြန်မာနိုင်ငံအနေဖြင့် သယံဇာတပေါကြွယ်ဝပြီး စိုက်ပျိုးရေးကိုအဓိကအခြေခံသောနိုင်ငံဖြစ်သည့်အတွက် စီးပွားရေးတိုးတက်အောင်ဆောင်ရွက်ရာတွင် သဘာဝသယံဇာတထုတ်ကုန်များနှင့်စိုက်ပျိုးရေးထွက်ကုန်များ အဓိကထုတ်လုပ်ခြင်းများကိုအားပေးနေရမည်ဖြစ်သကဲ့သို့ ထုတ်ကုန်တိုးတက်ထုတ်လုပ်နိုင်ရေး၊ ပြည်ပပို့ကုန်အမယ်သစ်များတင်ပို့နိုင်ရန်အတွက်လည်း နိုင်ငံတော်မှစီမံချက်များချမှတ်လုပ်ဆောင်နေသည့် အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်း(MSME)လုပ်ငန်းများကိုလည်း အင်တိုက်အားတိုက်အားပေးဆောင်ရွက်နေရမည်ဖြစ်သည်။ နိုင်ငံတော်၏ ကုန်သွယ်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်လျက်ရှိရာတွင် တရားမဝင်ကုန်သွယ်မှုများသည် နိုင်ငံ့စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အဓိကအဟန့်အတားဖြစ်ပေါ်စေပြီး လူမှုစီးပွားရေးကဏ္ဍအပေါ် များစွာဆိုးကျိုးသက်ရောက်လျက်ရှိသည်။

ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့အနေဖြင့် တရားမဝင်ကုန်သွယ်မှု၏အန္တရာယ်ကိုအမြဲစောင့်ကြည့်ပြီး ထိန်းကျောင်းနိုင်ရန်အတွက် ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေးသဘောတူညီချက်၊ အကောက်ခွန်ဆိုင်ရာသဘောတူညီချက်၊ နည်းပညာအဟန့်အတားများဆိုင်ရာ သဘောတူညီချက်နှင့်ကုန်သွယ်မှုနှင့်ဆက်နွှယ်သည့်မူပိုင်ခွင့်ဆိုင်ရာသဘောတူညီချက်များပါဝင်သည့် ပြဋ္ဌာန်းချက်များကိုအသုံးပြုပြီး ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ဝင်နိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိသည်။ ကမ္ဘာ့စီးပွားရေးဖိုရမ်၏လေ့လာတွေ့ရှိချက်များအရ တရားမဝင်ကုန်သွယ်မှုများသည် ကမ္ဘာလုံးဆိုင်ရာ GDP ၏ ၅ ရာခိုင်နှုန်းမှ ၁၅ ရာခိုင်နှုန်းအထိရှိပြီး ကမ္ဘာလုံးဆိုင်ရာစီးပွားရေးကိုဆိုးရွားသောအကျိုးဆက်များဖြစ်ပေါ်စေနိုင်ကြောင်းကို သုံးသပ်ထားသည်။

တရားမဝင်ကုန်သွယ်မှုများကိုထိရောက်စွာတားဆီးရာတွင် သတင်းရရှိမှုသည် အရေးကြီးလှသည်။ ဖမ်းဆီးရရှိမှုများအနက် တာဝန်သိပြည်သူများ၏သတင်းပေးတိုင်ကြားမှုများကြောင့် ၂၀၂၄ ခုနှစ် ဇူလိုင်လနှင့်ဩဂုတ်လအတွင်းသတင်းရရှိမှု ၉၇ ကြိမ်ရရှိခဲ့သည်။ သတင်းရရှိမှု ၉၇ ကြိမ်တွင် သတင်းမှန်ရရှိမှုမှာ ၉၁ ကြိမ်ဖြစ်သည်။ သတင်းမှန်ပေးပို့မှုအကြိမ်အရေအတွက်ပိုမိုများပြားလာခြင်းက မိမိတို့၏လုပ်ငန်းတာဝန်များပိုမိုအောင်မြင်ရေးတွင် များစွာအထောက်အကူပြုလျက်ရှိသည်။သတင်းပေးသူများကိုဦးဆောင်ကော်မတီမှလည်းအသိအမှတ်ပြုသည့်အပြင် သတင်းပေးသူအတွက်ရပိုင်ခွင့်ကိုလည်းသတ်မှတ်နှုန်းထားများအတိုင်း ဆုကြေးငွေများကိုအချိန်နှင့်တစ်ပြေးညီချီးမြှင့်လျက်ရှိသည်။ ယခုကာလအတွင်းသတင်းပေးပို့မှုငါးကြိမ်ရှိပြီး ဖမ်းဆီးရရှိမှုမှ သတင်းပေးသူအား ဆုကြေးနှစ်ဘီလီယံကျပ်ခန့် သတ်မှတ်ရာခိုင်နှုန်းအရ ထိုက်တန်စွာဂုဏ်ပြုချီးမြှင့်ခဲ့ကြောင်းသိရသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းသည် အောက်တိုဘာလ ၉ ရက်ကကျင်းပသည့် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေး(၄/၂၀၂၄)တွင်အမှာစကားပြောကြားစဉ် **“တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးတွင် တိုင်းဒေသကြီး/ပြည်နယ်အထူးအဖွဲ့များ၊ သက်ဆိုင်ရာဌာနများအကြား ပိုမိုအားကောင်းသည့်ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်ကြရန်၊ ပြည်တွင်းသယံဇာတများ တရားမဝင်ထုတ်လုပ်နေမှုကို ထိထိရောက်ရောက်တားဆီးအရေးယူရန်၊ တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးတွင် တာဝန်ကျဝန်ထမ်းများအနေဖြင့် လာဘ်ပေးလာဘ်ယူမှုကင်းရှင်းရန်၊ တာဝန်ထမ်းဆောင်ရာတွင် လုံခြုံရေးအသိ၊ လုံခြုံရေးသတိဖြင့် တာဝန်ထမ်းဆောင်ကြရန်နှင့် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးလုပ်ငန်းများကို ထိထိရောက်ရောက် တားဆီးကြပ်မတ်ဆောင်ရွက်ကြရန်”** တိုက်တွန်းပြောကြားခဲ့သည်။ အနှစ်ချုပ်ဆိုရသော် တရားမဝင်ကုန်သွယ်မှုများပပျောက်ပြီး တရားဝင်ကုန်သွယ်မှုလမ်းကြောင်းပေါ်ရောက်ရှိရေးအတွက် သက်ဆိုင်သူအားလုံးက စဉ်ဆက်မပြတ်လုပ်ဆောင်ကြရန်ဖြစ်ပါကြောင်း။ ။

# ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှလျှော့ပေါ့ခွင့်ရသူများ

**လျှော့ပေါ့ခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ လျှော့ပေါ့ခွင့်ပြုသူများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) လျှောက်ထားသူ၏မိဘနှစ်ပါးစလုံးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ တစ်ဝက်အထိလျှော့ပေါ့ပေးနိုင်သည်။

(ခ) လျှောက်ထားသူ၏မိဘနှစ်ပါးအနက် တစ်ဦးဦးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ်တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း၊ အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏သုံးပုံတစ်ပုံအထိ လျှော့ပေါ့ပေးနိုင်သည်။

(ဂ) ပြည်သူ့စစ်မှုထမ်းတစ်ဦးဦးသည် တာဝန်ထမ်းဆောင်နေသည့်ကာလအတွင်း ထိခိုက်ဒဏ်ရာရရှိခြင်းများရှိခဲ့ပါက ထိခိုက်ဒဏ်ရာရရှိသည့်နေ့နောက်ပိုင်း ဆက်လက်တာဝန်ထမ်းဆောင်ရန်ကျန်ရှိသည့်ကာလအား လျှော့ပေါ့ပေးနိုင်သည်။

# ဆိပ်ဖြူမြို့နယ် ဆူးလေကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများဆောင်ရွက်

ဆိပ်ဖြူ အောက်တိုဘာ ၁၈

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ် ဆူးလေကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နေမှုအခြေအနေများကို တာဝန်ရှိသူများက အောက်တိုဘာလ ၁၈ ရက် နံနက်ပိုင်းတွင် ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ပခုက္ကူခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဦးစီးမှူး၊ ဆိပ်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဦးစီးမှူးနှင့်ဝန်ထမ်းများက ကျေးရွာကော်မတီဝင်များနှင့်အတူ ဆူးလေကုန်းကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ အရောင်းအဝယ်လုပ်ငန်းနှင့်အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်မှုအခြေအနေများ၊ လအလိုက်ပေးပို့ရသည့်စာရင်းဇယားများပြည့်စုံမှန်ကန်မှုရှိ၊ မရှိအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ကျေးရွာမှတာဝန်ရှိသူများ၊ ကျေးရွာမြစိမ်းရောင်လုပ်ငန်းအဖွဲ့ဝင်များနှင့်တွေ့ဆုံကာ မိသားစုတစ်နိုင်တစ်ပိုင်အသေးစားစီးပွားရေးလုပ်ငန်းများကို ပိုမိုတိုးချဲ့လုပ်ကိုင်ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

ဆူးလေကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှစတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ ယခုဘဏ္ဍာနှစ်တွင် ဆူးလေကုန်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၀၂ ဦးကိုချေးငွေကျပ် ၃၀ ဒသမ ၇ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၀ ဦးကို ချေးငွေကျပ် ၃ ဒသမ ၄ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၁၉ ဦးကို ချေးငွေကျပ် ၅ ဒသမ ၄ သန်း၊ အသေးစားလုပ်ငန်းလုပ်ကိုင်သူနှစ်ဦးကိုချေးငွေကျပ် သုည ဒသမ ၅ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၃၃ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ်သန်း ၄၀ ထုတ်ချေးပေးထားကြောင်း သိရသည်။

**ချိုလေး**

## သဇင် (FM) အသံလွှင့်အစီအစဉ်

၁၉-၁၀-၂၀၂၄(စနေနေ့)

၁။ ၀၈:၀၀ ယဉ်ကျေးလိမ္မာဖို့နားဆင်စို့
၂။ ၀၈:၂၀ Morning Songs
၃။ ၁၁:၅၀ စိုက်မွေးသုတ
၄။ ၁၄:၅၀ Business Tips
၅။ ၁၆:၀၀ Holiday Vibes
၆။ ၂၁:၄၀ ဇာတ်လမ်းအသွင်တေးသံစဉ်

မြဝတီ နေ့စဉ် The Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂။
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၃၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၃၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** - ၀၀၃၇၈/၀၀၄၉၄
**စတင်ထုတ်ဝေသည့်ရက်** - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

# ယခုဘဏ္ဍာနှစ် ခြောက်လတာကာလအတွင်း ကုန်သွယ်ရေးလမ်းကြောင်းအသီးသီးမှ ပြည်ပသို့ ဆန်တန်ချိန် ၉၃၀၀၀၀ ကျော်တင်ပို့ထား



ရန်ကုန် အောက်တိုဘာ ၁၈

ယခုဘဏ္ဍာနှစ် ဧပြီလမှ စက်တင်ဘာလအထိ ခြောက်လတာကာလအတွင်း ကုန်သွယ်ရေး လမ်းကြောင်းအသီးသီးမှ ပြည်ပသို့ ဆန်တန်ချိန် ၉၃၇၈၄၆ ဒသမ ၅၈ တန် တင်ပို့နိုင်ခဲ့ပြီး စုစုပေါင်း အမေရိကန်ဒေါ်လာ ၄၅၈ ဒသမ ၂၄၁၈၁၉ သန်းရရှိကြောင်း မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်မှ သိရသည်။

ယခုဘဏ္ဍာနှစ် ခြောက်လတာကာလအတွင်း ပြည်ပသို့ ဆန်တန်ချိန်တစ်သန်းနီးပါး တင်ပို့နိုင်ခဲ့ပြီး ထိုသို့တင်ပို့ခဲ့သည့် နိုင်ငံများတွင် ဒေသတွင်းနိုင်ငံများ၊ ဥရောပနိုင်ငံများနှင့် အာဖရိကနိုင်ငံများ ပါဝင်သည်။ ကျန်ရှိသည့်ဘဏ္ဍာနှစ်ဝက်သည်လည်း ပွင့်လင်းရာသီဖြစ်သောကြောင့် ဆန်တန်ချိန်တစ်သန်းကျော် တင်ပို့နိုင်ရန် လျာထားဆောင်ရွက်လျက်ရှိပြီး ယခုဘဏ္ဍာနှစ်အတွင်း တင်ပို့ရန် ရည်မှန်းထားသော စုစုပေါင်းဆန်တန်ချိန် နှစ်သန်းပြည့်မီနိုင်ကြောင်း သိရသည်။

"ပြည်တွင်းမှာ နှစ်စဉ် ဆန်တန်ချိန် ၁၃ သန်းကနေ ၁၄ သန်းအထိ ထုတ်လုပ်နိုင်ပြီး ပြည်တွင်းစားသုံးမှုအနေနဲ့ ဆန်တန်ချိန် ၁၀ သန်းလောက်ရှိတဲ့အတွက် ပိုလျှံတဲ့ဆန်တန်ချိန်က ၃ သန်းကနေ ၄ သန်းကြားရှိပါတယ်။ အဲဒီပိုလျှံတဲ့ဆန်တွေထဲက ပြည်ပကိုတင်ပို့တဲ့ဆန်ပမာဏက တစ်နှစ်ကို တန်ချိန်နှစ်သန်းဝန်းကျင်ရှိပါတယ်" ဟု မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် ဥက္ကဋ္ဌ ဦးရဲမင်းအောင်ကပြောသည်။

ယခုနှစ် မိုးရာသီတွင် ရေကြီးရေလျှံမှုများကြောင့် စပါးစိုက်ပျိုးရာတွင် ထိခိုက်မှုတချို့ရှိခဲ့ပြီး လက်ရှိတွင် ပြည်တွင်းစားသုံးမှုအတွက် ဆန်အလုံအလောက်ရှိကာ ဆန်ဈေးနှုန်း တည်ငြိမ်စေရေးအတွက် အလေးထားဆောင်ရွက်နေပြီး ပိုလျှံသောဆန်များကိုလည်း ပြည်ပသို့ စနစ်တကျ တင်ပို့နိုင်စေရန် သက်ဆိုင်ရာအစိုးရဌာနများနှင့် ပုဂ္ဂလိကအဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

လက်ရှိတွင် နိုင်ငံတကာ၌ ယခင်ကထက် ဆန်ဈေးနှုန်းအနည်းငယ်ကျဆင်းနေကြောင်း၊ အိန္ဒိယနိုင်ငံမှ ပို့ကုန်မူဝါဒများပြောင်းလဲကာ ယခင်က ပိတ်ထားခဲ့သော ပြည်ပသို့ ဆန်တင်ပို့မှုများကို ဖြေလျှော့၍ ဆန်များထုတ်ရောင်းနေသည့်အပြင် ပါကစ္စတန်နိုင်ငံကလည်း ဆန်တင်ပို့မှု မြင့်တက်လာသည့်အတွက် နိုင်ငံတကာဆန်ဈေးနှုန်း ကျဆင်းနေကြောင်း သိရသည်။

**ဆောင်းဦး**

# ဇန်းမောက်မြို့နယ်၌ ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီတွင် မိုးစပါး ၃၈၈၅၇ ဧကစိုက်ပျိုးပြီးစီး

ဇန်းမောက် အောက်တိုဘာ ၁၈

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ဇန်းမောက်မြို့နယ်၌ ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီတွင် မိုးစပါး ၃၈၈၅၇ ဧကစိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း ကသာခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် ဇန်းမောက်မြို့နယ်၌ မိုးစပါး ၃၈၈၅၇ ဧကစိုက်ပျိုးရန်လျာထားပြီး ယခုနှစ် ဇူလိုင်လမှစတင်စိုက်ပျိုးခဲ့ကြရာ ရာနှုန်းပြည့်စိုက်ပျိုးပြီးစီးနေပြီဖြစ်သည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ ဇန်းမောက်မြို့နယ်မှာ မိုးစပါး ၃၈၈၅၇ ဧက စိုက်ပျိုးဖို့လျာထားပါတယ်။ လက်ရှိအချိန်မှာတော့ ရာနှုန်းပြည့်စိုက်ပျိုးပြီးစီးနေပြီဖြစ်ပါတယ်။ မိုးစပါးစိုက်ပျိုးရာမှာ လိုအပ်တဲ့နည်းပညာတွေနဲ့ မျိုးတွေ ဆောင်ရွက်ပေးပါတယ်။ တောင်သူတွေ မိုးစပါးအချိန်မီစိုက်ပျိုးနိုင်ဖို့ ကွင်းဆင်းဆောင်ရွက်ပေးနေပါတယ်"ဟု ကသာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးမြင့်စိုးကပြောသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် မိုးစပါးစိုက်ပျိုးရာ၌ အခက်အခဲမရှိ စနစ်တကျ စိုက်ပျိုးနိုင်ရေးအတွက် သက်ဆိုင်ရာမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့် ဒေသခံတောင်သူများ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ယခုနှစ်တွင် ဇန်းမောက်မြို့နယ်၌ စိုက်ပျိုးထားသော မိုးစပါးစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းပြီး အထွက်နှုန်းကောင်းမွန်စေရန် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းများက မျိုးကောင်းမျိုးသန့်ရွေးချယ်စိုက်ပျိုးခြင်း၊ ပိုးမွှားကျရောက်မှုကင်းထောက်ခြင်း၊ စိုက်နည်းစနစ်မှန်ကန်ခြင်း၊ တမန်းနှီးပေါင်းထိုးခြင်း၊ မျိုးကွဲနုတ်ပယ်ခြင်း၊ ဓာတ်မြေသြဇာ စနစ်တကျသုံးစွဲခြင်း စသည့် စိုက်ပျိုးရေးဆိုင်ရာ နည်းပညာပေးခြင်းများ ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(၄၀၉)

# ဘိုကလေးမြို့နယ်မှ မွေးမြူထွက်ရှိသည့် တီလားဗီးယားငါးများကို ရန်ကုန်ဈေးကွက်သို့ အဓိကတင်ပို့ရောင်းချလျက်ရှိ



ဘိုကလေး အောက်တိုဘာ ၁၈

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ်မှမွေးမြူထွက်ရှိသည့် တီလားဗီးယားငါးများကို ရန်ကုန်ဈေးကွက်သို့ အဓိက တင်ပို့ရောင်းချလျက်ရှိကြောင်း ဘိုကလေးမြို့နယ်၌ ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးလုပ်ငန်း လုပ်ကိုင်သူ ဒေါ်ရီထွန်း၏ပြောဆိုချက်အရ သိရသည်။

ဘိုကလေးမြို့နယ် အသား၊ ငါးဈေးကွက်တွင် အောက်တိုဘာလပထမပတ်မှ လက်ရှိအချိန်ထိ ဒေသထွက်တီလားဗီးယားငါးများ ဝယ်လိုအားကောင်းနေကြောင်း၊ အဆိုပါတီလားဗီးယားငါး တစ်ရက်လျှင် ပိဿာ ၅၀ မှ ၇၀ အထိ အရောင်းအဝယ်ကောင်းမွန်နေကြောင်း သိရသည်။

"ဒေသထွက် ရေထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကို အဓိကတင်ပို့ရောင်းချနေပါတယ်။ ပြည်တွင်းစားသုံးမှုအားကောင်းလာပြီး ဝယ်လိုအားကောင်းနေတာကြောင့် အရောင်းအဝယ်ကောင်းနေတာပါ။ လက်ရှိ တီလားဗီးယားငါး ပိဿာတော်တော်များများ အရောင်းအဝယ်ဖြစ်နေပါတယ်။ အခု တီလားဗီးယားငါး ဝယ်လိုအားကောင်းလာတာကြောင့် မွေးမြူသူတွေ ထပ်တိုးမွေးမြူလာတာတွေ့ရပါတယ်။ ငါးဈေးကတော့ ပုံမှန်အခြေအနေမှာပဲရှိပါတယ်" ဟု ဒေါ်ရီထွန်းကပြောသည်။

ဘိုကလေးမြို့နယ်၌ မွေးမြူသည့် တီလားဗီးယားငါးနှင့် သဘာဝအတိုင်း ဖမ်းဆီးရရှိသည့် တီလားဗီးယားငါးများ ထွက်ရှိကြောင်း၊ မွေးမြူသည့် တီလားဗီးယားငါးသည် သုံးလခန့်မွေးမြူရကြောင်း သိရသည်။

**သုတကျော်**



# မြစ်ကိုအလျားစုန်ကူးခဲ့သည်

ကျွန်းစဉ်မြေစောခက်

''မဒမထင်း (ကပိုင်ထင်း)ဟူသည် ဒီရေရောက်ချောင်းစပ် မြစ်စပ်များတွင် ပေါက်ရောက်ရှင်သန်နေကြသော မဒမပင်များထဲက လုံးပတ်နှစ်ထွာဝန်းကျင် မဒမပင်များကိုခုတ်လှဲပြီး အကိုင်းအခက်များကို ခုတ်ဖြတ်ပစ်ရသည်။ ပြီးလျှင် ပင်စည်ကို တစ်တောင်အရှည်စီသတ်မှတ်ပြီး အပိုင်းလိုက် ခုတ်ဖြတ်ရသည်။ သစ်တစ်ပင်ဆိုလျှင် ထင်း လေးပိုင်း၊ ငါးပိုင်း၊ ခြောက်ပိုင်း၊ ခုနစ်ပိုင်း စသည်ဖြင့် အပိုင်းအရေအတွက်ရကြသည် . . .''

**ယမန်နေ့မှအဆက်**

"နာမည် ပြောပါ"

"ဘညွန့် "

"ဘယ်ကလာကြတာလဲ"

"သရက်တောင်ရွာကပါ"

"ဘာကိစ္စလဲ"

"ထင်းဝယ်သွားဖို့ပါ"

"ဘယ်ကိုလဲ"

"အမ်းမြို့နယ် ကျားခိုက်ရွာသို့ပါ"

"နယ်မြေဖြတ်ကျော်ခ ပေးရမယ်"

"ဟုတ်ကဲ့"

သူသည် တံဆိပ်ရိုက် ဗလာစာရွက်ဖြတ်ပိုင်းလေးတွင် ကောက်ခံငွေနှစ်ကျပ်ဟု ရေးထားပြီး အောက်က လက်မှတ်ထိုးထားသောစာရွက်ကို လှမ်းပေးသည်။ တံဆိပ်ဝိုင်းရိုက်ထားသောစာတွင် “ဗမာပြည်ကွန်မြူနစ်ပါတီ” ဟုပါရှိသည်။ ကျွန်တော်သည် ငွေနှစ်ကျပ်ကိုပေးပြီး ပြန်လှည့်လာခဲ့သည်။ ယင်းအချိန်က ရခိုင်ဒေသတွင် ဗကပ (ဗမာပြည်ကွန်မြူနစ်ပါတီ)ဟူသည် အမ်းမြို့နယ်အောက်ပိုင်း (ပင်လယ်ကမ်းခြေပိုင်း)နှင့် မြေပုံမြို့နယ် ကျွန်းစဉ်နယ်တို့တွင်သာ ရှိကြသည်။ အစိုးရက အနက်ရောင်နယ်မြေဟု သတ်မှတ်ထားသောနေရာများပင် ဖြစ်ကြသည်။

ကျွန်တော်တို့သည် ရွာကထွက်လာပြီး ဒုတိယနေ့ညနေပိုင်းတွင် အမ်းမြို့နယ် ကျားခိုက်ရွာသို့ ရောက်ခဲ့ကြပါလေပြီ။ နောက်တစ်နေ့မနက်စောစောတွင် လှေပဲ့ကိုင်ကို လှေပေါ်တွင် ထမင်းဟင်းချက် စေခိုင်းထားပြီး ကျွန်တော်ရယ်၊ တက်ခတ်သားနှစ်ယောက်ရယ်၊ ဦးမွှီးဖြူအောင်ရယ်က မဒမရိုး (ကပိုင်ရိုး) ထင်းချောင်းတွေကို ပုဆိုးဖြင့် ပတ်လိပ်ပြီး ပခုံးပေါ်တင်ရင်း လှေကြီးဝမ်းဗိုက်ထဲမှာ စီလျက်ထည့်ကြရသည်။ ကိုယ်သယ်လာသည့်ထင်းစည်းကို လှေဝမ်းဗိုက်ထဲချပြီးလျှင် တစ်ချောင်းချင်း ပြန်ကောက်ယူပြီး ညီညီညာညာ ထပ်စီကြရသည်။

မဒမထင်း (ကပိုင်ထင်း)ဟူသည် ဒီရေရောက်ချောင်းစပ် မြစ်စပ်များတွင် ပေါက်ရောက်ရှင်သန်နေကြသော မဒမပင်များထဲက လုံးပတ် နှစ်ထွာဝန်းကျင် မဒမပင်များကိုခုတ်လှဲပြီး အကိုင်းအခက်များကို ခုတ်ဖြတ်ပစ်ရသည်။ ပြီးလျှင် ပင်စည်ကို တစ်တောင်အရှည်စီသတ်မှတ်ပြီး အပိုင်းလိုက် ခုတ်ဖြတ်ရသည်။ သစ်တစ်ပင်ဆိုလျှင် ထင်း လေးပိုင်း၊ ငါးပိုင်း၊ ခြောက်ပိုင်း၊ ခုနစ်ပိုင်း စသည်ဖြင့် အပိုင်းအရေအတွက်ရကြသည်။ ထင်းခုတ်သားများမှာ တစ်နေ့တာခုတ်ယူလို့ ရလာသမျှကို လှေပေါ်တင်ယူပြီး ရွာသို့ရောက်လျှင် ထင်းဒိုင်ဟုသတ်မှတ်ထားသောနေရာ ထင်းဝယ်သူများဆီ သွားရောင်းကြသည်။ ဦးမွှီးဖြူအောင်မှာလည်း ဤသို့ ဝယ်ယူစုဆောင်းထားခြင်းပင်ဖြစ်သည်။ မဒမရိုးများ အရည်စစ်ပြီး နေပူရှိန်ကြောင့် အက်ကွဲလာသလိုမျိုး ဖြစ်လာသည့်အချိန်တွင် စစ်တွေ၊ ပေါက်တော၊ မြေပုံလိုမြို့များတွင် သွားရောင်းကြသည်။ စစ်တွေမြို့သည် ရခိုင်ဒေသ၏ အဓိက ထင်း၊ ဝါး၊ ဓနိဈေးကွက်ပင် ဖြစ်သည်။ ခြောက်သွေ့နေသော မဒမရိုးတစ်တောင်ပိုင်းလေးများကို ပုဆိန်ဖြင့် ခွဲစိတ်ပြီး ထမင်းဟင်းချက်ရာတွင် ထင်းမီးအဖြစ် အသုံးပြုကြသည်။ တချို့မှာ မဒမရိုးများကို ၅ ပေလောက်စီ အရှည်ယူပြီး ခြံစည်းရိုးတိုင်အဖြစ် သွားရောင်းကြသည်။ တချို့ဆိုလျှင် မဒမပင် အလုံးကြီးကြီးရှည်ရှည်များကို ခုတ်လှဲဖြတ်တောက်ပြီး အိမ်သေးသေးလေးများ ဆောက်လုပ်ရာတွင် အိမ်တိုင်အဖြစ် အသုံးပြုကြသည်လည်း ရှိသည်။ ရခိုင်ဒေသတွင် မဒမပင်ကို ကပိုင်ပင်ဟု ခေါ်ကြပေသည်။

● ● ● ● ● ● ●

ကုန်တင်လှေကြီးတွင် မဒမထင်းချောင်းတွေ အပြည့်တင်ပြီး ကျွန်တော်တို့ အမ်းမြို့နယ် ကျားခိုက်ရွာမှ ထွက်ခွာလာခဲ့ကြသည်မှာ နှစ်နေ့နှင့်နှစ်ညတိုင်ခဲ့ကြပေပြီ။ ချောင်းအတန်တန်ကို စုန်ဆန်ခဲ့ကြသည်။ မြစ်အစင်းစင်းကို လှော်ဆင်းခဲ့ကြသည်။ လေလာလျှင် ရွက်ဆင်ပြီး လေမလာလျှင် တက်ပြင်ခဲ့ကြသည်။

ပဲ့ကိုင်သည် ကောင်းကင်တစ်ခွင် မိုးရိပ်မိုးသားကို မော့ကြည့်လိုက်ပြီး ရေတက်၊ ရေကျ အနေအထားနဲ့ တောင်မြောက်ဝဲယာကို လှမ်းကြည့်လိုက်ပြန်သည်။ ပဲ့ကိုင် သဘောကျသလို ရှိသွားပုံရသည်။

“ကဲ ကျောက်ဆူးဖော်မယ်ကွာ၊ ဒီက ရေကျတာနဲ့ တက်ခတ်ဆင်းသွားရင် ငါးပိသည်မမြစ်ဘက် တစ်ရေမီနိုင်တယ်”

ပဲ့ကိုင်ပြောအပြီးတွင် လှေသားများ ကျောက်ဆူးကို ဝိုင်းပြီးဆွဲဖော်လိုက်ကြ၏။ ကျောက်ဆူး လှေပေါ်ရောက်ချိန်တွင် ကျောက်ကြိုးကို အသေအချာသပ်ပြီး လှေသားများ ကိုယ့်ခတ်တက်စင်လေးကို ကိုယ်ပြေးဝင်လိုက်ကြ၏။

"ဝိုး ဖွမ်း၊ ဝိုး ဖွမ်း၊ ဝိုး ဖွမ်း"

လှေသားများ မတ်တတ်ရပ်လျက်ပဲ ရှေ့တိုးနောက်လှန်တက်ခတ်လိုက်ကြရာ ခတ်တက်ရေချသံမှာ နရီစည်းချက်များသဖွယ် သံစဉ်မှန်မှန် ထွက်ပေါ်နေပေတော့သည်။ အဝေးကလှမ်းကြည့်လျှင် ကကွက်တစ်ခုကို သရုပ်ဖော်ကပြနေကြသည်နှင့် တူနေမည်မှာ အမှန်ပင်။ လှေသားတို့မှာ တစ်ရေစီ မနားတမ်း ခတ်တက်ခတ်ရသည်။ ရေတက်ဆိုလျှင်လည်း ရေတက်အကုန်၊ ရေကျဆိုလျှင်လည်း ရေကျအကုန်ခတ်ရသည်။ ချမ်းလျှင်လည်း မနားရ၊ ပူလျှင်လည်း မရပ်ရ။ သတ်မှတ်နေရာရောက်၍ ပဲ့ကိုင်က ရပ်ဆိုမှရပ်ရသည်။ တစ်ခါတစ်ရံ ရေကျကုန်သည်နဲ့ ရေတက်ကို ဆက်လိုက်ရသည်လည်းရှိသည်။ ဤအခါမျိုးတွင် သေချင်စော်နံသွားသည်ဟု မှတ်ယူရတတ်သည်။

"ငါးပိသည်မမြစ်တော့ ရောက်သွားပြီဟေ့၊ ရပ်လို့မရသေးဘူး၊ ကြွက်တောင်းပေါက်မြစ်ဘက် ဆက်ဆွဲမယ်၊ ပင်လယ်ရေ ပြန်တက်လာပြီ"

"ဝိုး ဖွမ်း" "ဝိုး ဖွမ်း" "ဝိုး ဖွမ်း"

ကျွန်တော်နှင့်ဦးမွှီးဖြူအောင်အပါအဝင် မြစ်ရေပြင်ထဲခတ်တက်လေးချောင်း ပြိုင်တူခတ်သံများမှာ တက်ချက်သံကြမ်းကြမ်းနှင့် ခပ်မှန်မှန်ထွက်ပေါ်နေပေတော့သည်။

ကျွန်တော်တို့သည် အမ်းမြို့နယ်ကထွက်လာပြီး လေးရက်မြောက်နေ့ မနက်ပိုင်းတွင် မြေပုံမြို့အောက်ဘက်ရှိ ဟန်တာ(Hunter)ပင်လယ်ကို ဖြတ်လိုက်ကြပေပြီ။ မနက်ပိုင်းတွင် အရှေ့လေ ခပ်ညင်းညင်းလေးတိုက်နေ၍ ရွက်ဖွင့်လိုက်ကြရာ အဆင်ပြေသွားသည်။ ကျွန်တော်တို့မှာ ထမင်းဟင်းစားသောက်ရေးအတွက် အလှည့်ကျ ချက်ကြ၊ ပြုတ်ကြသည်။ ရွာက ခရီးစထွက်လာကတည်းကပင် ခရီးစာအတွက် ငါးပိ၊ ငါးခြောက်နှင့် ဟင်းသီးဟင်းရွက်များကို ယူဆောင်လာခဲ့ကြသည်။

လှေဝမ်းဗိုက်ထဲသို့ ရေဝင်လာလျှင်လည်း အလှည့်ကျ ရေပက်ထုတ်ကြရသည်။ လှေထဲဝင်သည့်ရေကို လှေတံကူမြုပ်အောင်ထိ ထား၍မရပေ။ လှေဝမ်းဗိုက်ကြီးတစ်လျှောက် လှေတံကူမြုပ်အောင်ထိ ရေပြည့်နေလျှင် တော်တော်နဲ့ပက်ထုတ်၍ မကုန်နိုင်တော့ပေ။ လှေဝမ်းဗိုက်ထဲကရေကို ပက်ထုတ်ရာတွင် တစ်ပေပတ်လည်အမြင့်ရှိသော လေးထောင့်သံစည်ပုံးဖြင့် ပက်ထုတ်ရသည်။ လှေဝမ်းဗိုက်ထဲကရေကို ငုံ့လျက်ပဲ သံစည်ပုံးအပြည့် ခပ်ယူပြီး ပခုံးအမြင့်သို့ထိ မယူကာ လှေနံရံတွင် ကပ်ရိုက်ထားသော သစ်သားခွက်ကြီးထဲသို့ ဂလွမ်းခနဲ သွန်ထည့်လိုက်ရသည်။ ရေပုံးအပြည့်စီခပ်ယူပြီး ငုံ့လိုက်၊ မတ်တတ်ရပ်လိုက်နဲ့ အခေါက်ခေါက်အခါခါလုပ်ရသည်မှာလည်း မလွယ်ပါ။ သို့သော် အလှည့်ကျလျှင် မနွဲ့စတမ်းပါပဲ။ ဘဝဟူသည် တိုက်ပွဲပဲလေ။**ဆက်လက်ဖော်ပြပါမည်။**

## အင်းမမြို့၌ (၁၁၅ )ကြိမ်မြောက် ဆွမ်းတော်ကြီးကပ်လှူပူဇော်ပွဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကျင်းပ

သဲကုန်း အောက်တိုဘာ ၁၈

ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင် သဲကုန်းမြို့နယ် အင်းမမြို့ သီရိရတနာရပ်ကွက် မြို့လယ်ဓမ္မာရုံ၌တည်ထားကိုးကွယ်တော်မူသော ရပ်တော်မူဆုတောင်းပြည့် ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ (၁၁၅) ကြိမ်မြောက် ဆွမ်းတော်ကြီးကပ်လှူပူဇော်ပွဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို အောက်တိုဘာလ ၁၈ ရက်တွင် ကျင်းပသည်။

အဆိုပါ ဆွမ်းတော်ကြီးကပ်လှူပူဇော်ပွဲနှင့်ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို အင်းမမြို့ပေါ်(၅) ရပ်ကွက်မှ အလှူရှင်များနှင့်ရပ်ဝေးရပ်နီးရှိ စေတနာရှင် အလှူရှင်များက အင်းမမြို့အတွင်းရှိ ဘုန်းတော်ကြီးကျောင်း ၇၃ ကျောင်းမှ ပင့်သံဃာ ရဟန်း/သာမဏေ စုစုပေါင်း အပါး ၂၇၀ တို့အား လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် ငွေပဒေသာပင်များ လှူဒါန်းပူဇော်ကြကြောင်း သိရသည်။



**ချမ်းမြေ့**

## ကွမ်းခြံကုန်းမြို့နယ်ရှိ ကျေးရွာနှစ်ရွာ၌ ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများ ဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

ရန်ကုန် အောက်တိုဘာ ၁၈

ရန်ကုန်တိုင်းဒေသကြီး တွံတေးခရိုင် ကွမ်းခြံကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တိုက်ကြီးကျေးရွာနှင့် ဝါးကောက်တောကျေးရွာတို့၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို အောက်တိုဘာလ ၁၇ ရက်က တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးကြသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် တွံတေးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်သက်ဦး၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်စုသီတာလင်းနှင့် ဝန်ထမ်းများသည် တိုက်ကြီးကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေ ငွေကျပ်သိန်း ၄၁၀ ဖြင့် စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းနှင့် အရောင်းအဝယ်လုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဝါးကောက်တောကျေးရွာ၌ ကျေးလက်နေပြည်သူများ သန့်ရှင်းသောသောက်သုံးရေရရှိစေရေးအတွက် ဆိုလာရေသန့်စင်စနစ် လည်ပတ်နေမှုနှင့် သောက်သုံးရေ ခပ်ယူသုံးစွဲနေမှုအခြေအနေများကို တာဝန်ရှိသူများက ကြည့်ရှုစစ်ဆေးပြီး ကျေးရွာတာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကြောင်း သိရသည်။ **ကာရံ(ကျေးလက်)**

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**“လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့အစမ္မဝင်ရောက်နေထိုင်နေသည့်မြို့၊ ရွာများ၌ တပ်မတော်၏တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါလက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အစမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်ကြောင်း။”**

(၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့်ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှကောက်နုတ်ချက်)


❒ ကျောဖုံးမှအဆက်

ကြီးကြပ်အုပ်ချုပ်သူများ၊ နည်းပြများ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ ပြိုင်ပွဲဝင် တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၊ ဝန်ထမ်းများ၊ ဝန်ထမ်းမိသားစုများနှင့် သဘင်ကိုချစ်မြတ်နိုးကြသည့် မိဘပြည်သူများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့်ဇနီးနှင့်အဖွဲ့ဝင်တို့သည် ရန်ကုန်တိုင်းဒေသကြီးကိုယ်စားပြု “ရွှေရန်ကုန်တိုင်း ဇာတ်အလှသဘင်” ဇာတ်တော်ကြီးအဖွဲ့က မူရင်းမဟာဇနကဇာတ်တော်ကြီး တီးလုံးတီးချက် အကအလှများနှင့်အတူ မြန်မာ့ဇာတ်သဘင်ဇာတ်စာ၊ ဇာတ်စကား၊ ဆို၊ ငို၊ ပြောပညာရပ်များနှင့်ပေါင်းစပ်၍ ယှဉ်ပြိုင်ကပြဖျော်ဖြေမှုကို ကြည့်ရှုအားပေးကြသည်။

ယှဉ်ပြိုင်မှုအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့်ဇနီးတို့သည် အကဲဖြတ်ဆောင်ရွက်ပေးနေသည့် အကဲဖြတ်ပညာရှင်များနှင့် ပြိုင်ပွဲဝင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကြသည်။

၂၀၂၄ ခုနှစ်၊ (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ “မဟာဇနက” ဇာတ်တော်ကြီးပြိုင်ပွဲကို အောက်တိုဘာလ ၁၄ ရက်က ဧရာဝတီတိုင်းဒေသကြီးကိုယ်စားပြု “မဟာဧရာ” ဇာတ်တော်ကြီးအဖွဲ့က လည်းကောင်း၊ အောက်တိုဘာလ ၁၅ ရက်တွင် မကွေးတိုင်းဒေသကြီးကိုယ်စားပြု “ဖန်ခါးမြေ” ဇာတ်တော်ကြီးအဖွဲ့က လည်းကောင်း၊ အောက်တိုဘာလ ၁၆ ရက်တွင် မွန်ပြည်နယ်ကိုယ်စားပြု “မင်းနိုင်စိုး” ဇာတ်တော်ကြီးအဖွဲ့ကလည်းကောင်း၊ အောက်တိုဘာလ ၁၇ ရက်တွင် မန္တလေးတိုင်းဒေသကြီးကိုယ်စားပြု “မန်းမြို့ဂုဏ်ရည်” ဇာတ်တော်ကြီးအဖွဲ့က လည်းကောင်း ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီးကိုယ်စားပြု “ ရွှေရန်ကုန်တိုင်း ဇာတ်အလှသဘင်” ဇာတ်တော်ကြီးအဖွဲ့တို့ ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး အောက်တိုဘာလ ၁၉ ရက်နှင့် ၂၀ ရက်တို့တွင် ပဲခူးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့မှ သက်ဆိုင်ရာ ကိုယ်စားပြုဇာတ်တော်ကြီးအဖွဲ့များက ဆက်လက်ပါဝင်ယှဉ်ပြိုင်သွားကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(၁၀၀)**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ဇနီး ဒေါ်သန်းသန်းနွယ်နှင့် အဖွဲ့ဝင်များ ၂၀၂၄ ခုနှစ်၊ (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ ဗုဒ္ဓဝင်ဆယ်ဘွဲ့လာ “မဟာဇနက” ဇာတ်တော်ကြီးပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးကိုယ်စားပြု“ရွှေရန်ကုန်တိုင်းဇာတ်အလှသဘင်” ဇာတ်တော်ကြီးအဖွဲ့၏ ယှဉ်ပြိုင်ကပြဖျော်ဖြေမှုကို ကြည့်ရှုအားပေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ် အကဲဖြတ်ဆောင်ရွက်ပေးနေသည့် အကဲဖြတ်ပညာရှင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

## ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေတွင် ခရီးသွားဝင်ရောက်မှုများပြား၍ ဒေသခံများ အလုပ်အကိုင်အခွင့်အလမ်းပွင့်လန်း

ရန်ကုန် အောက်တိုဘာ ၁၈

ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေတွင် သီတင်းကျွတ်ပွဲတော်ကာလ၌ ဘုရားဖူးခရီးသွားများ ဟိုတယ်နှင့်တည်းခိုခန်း အခန်းပြည့်မှာယူမှုရှိခဲ့ပြီး လပြည့်နေ့တွင် မျှော်မှန်းထားသည်ထက်ခရီးသွားဝင်ရောက်မှုများခဲ့ရာ ဒေသခံများ အလုပ်အကိုင်အခွင့်အလမ်းပွင့်လန်းခဲ့ကြောင်း သိရသည်။

သီတင်းကျွတ်ပွဲတော်ကာလ၌ အဖိတ်နေ့၊ လပြည့်နေ့နှင့် လပြည့်ကျော်တစ်ရက်နေ့တို့တွင် ခရီးသွားအများဆုံးဝင်ရောက်လေ့ရှိပြီး လပြည့်နေ့၌ ပုဂံဒေသတွင် တစ်နှစ်လျှင် တစ်ကြိမ်သာတွေ့မြင်ရသည့် လရောင်ဆမ်းသော ညပိုင်းသဘာဝအလှနှင့် ဆီမီးရောင်စုံဖြင့် ကြည်ညိုဖွယ် ဘုရား၊ စေတီများကို ကုသိုလ်ယူကြည့်ရှုလိုမှုကြောင့် သီတင်းကျွတ်လပြည့်နေ့တွင် ခရီးသွားဝင်ရောက်မှုများခြင်းဖြစ်သည်။ သီတင်းကျွတ်လပြည့်နေ့တွင် နိုင်ငံခြားခရီးသွားထက် ပြည်တွင်းခရီးသွား ပိုမိုဝင်ရောက်ခဲ့ပြီး ဘုရားဖူးခရီးသွားများ မြင်းလှည်းစီး၍ ဘုရား၊ စေတီလှည့်လည်ဖူးမြော်နိုင်ရန် သဗ္ဗညုနှင့် အာနန္ဒာဘုရားအနီး၌ ဂိတ်များဖွင့်လှစ်၍ မြင်းလှည်းအစီး ၁၀၀ ဖြင့် ဘုရားဖူးပြည်သူများအား ဝန်ဆောင်မှုကောင်းများပေးခဲ့ပြီး ဒေသခံများမျှော်မှန်းထားသည်ထက် ခရီးသွားဝင်ရောက်လာမှုကြောင့်ဒေသခံများ အလုပ်အကိုင်အခွင့်အလမ်း ပွင့်လန်းခဲ့ကြောင်း သိရသည်။ **ဓာတ်ပုံ-ဖွဲ့မာန်-သစ္စာ(MNA)**



# တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဘုရား၊ စေတီပုထိုးများ၌ အများပြည်သူများ စိတ်အေးချမ်းသာစွာ ဖူးမြော်ကြည်ညို၊ အပန်းဖြေနေရာများ၌ အများပြည်သူများဖြင့်စည်ကား





မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၌ လာရောက်ဖူးမြော်သူများ၊ ဆီမီးပူဇော်သူများဖြင့် စည်ကားနေမှုကိုတွေ့ရစဉ်။

**နေပြည်တော် အောက်တိုဘာ ၁၈**

ယနေ့သည် ၁၃၈၆ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁ ရက်နေ့ဖြစ်သည်နှင့်အညီ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ဘုရား၊ စေတီ၊ ပုထိုးများ၌ ဥပုသ်သီလဆောက်တည်ခြင်း၊ ပရိတ်တရားတော်များရွတ်ပွားပူဇော်ခြင်း၊ ကုသိုလ်ဒါနသီလပွားများခြင်း စသည့်သူတော်ကောင်းတရားများကို ကြိုးစားအားထုတ်ဆောင်ရွက်ကြလေ့ရှိသည့်အပြင် အထင်ကရနေရာများ၊ ပန်းခြံများ၊ အပန်းဖြေနေရာများ၌လည်း အပန်းဖြေခြင်းတို့ဖြင့် အထူးစည်ကားလျက်ရှိသည်။

ရုပ်ပွားတော်မြတ်ကြီး၊ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၊ ရန်ကုန်တိုင်းဒေသကြီးရှိ ရွှေတိဂုံစေတီတော်မြတ်ကြီး၊ မန္တလေးမြို့ရှိ မဟာမြတ်မုနိ ရုပ်ရှင်တော်မြတ်ကြီးအပါအဝင်တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ဘုရား၊ စေတီပုထိုးများ၌ သံဃာတော်များ၊ သာသနာနွယ်ဝင်သီလရှင်များ၊ မိဘပြည်သူများက ဝါကျွတ်ကာလအခါသမယအဖြစ် ဆီမီးများပူဇော်ခြင်းနှင့် ဖူးမြော်ကြည်ညိုခြင်းများဖြင့် ကုသိုလ်ယူခဲ့ကြသည်။ ၎င်းအပြင် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီး၌သက်ကြီးအဘိုးအဘွားများအား ပူဇော်ကန်တော့၍ ကျန်းမာရေးစောင့်ရှောက်ပေးခြင်းများ၊ အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့် စတုဒိသာကျွေးမွေးခြင်းများ၊ မြန်မာ့ရိုးရာအကအလှဖျော်ဖြေခြင်းများကိုလည်း မြန်မာ့ရိုးရာထုံးတမ်းအစဉ်လာများနှင့်အညီ ပြုလုပ်ခဲ့ကြသည်။



မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၌ လာရောက်ဖူးမြော်သူများဖြင့် စည်ကားနေမှုကို တွေ့ရစဉ်။



ရွှေတိဂုံစေတီတော်မြတ်ကြီး၌ လာရောက်ဖူးမြော်သူများဖြင့် စည်ကားနေမှုကိုတွေ့ရစဉ်။
အောင်မြင့်(ပြန်/ဆက်)



ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၌ လာရောက်ဖူးမြော်သူများဖြင့် စည်ကားနေမှုကိုတွေ့ရစဉ်။

ထို့ပြင် နေပြည်တော်ကောင်စီနယ်မြေရှိ ကမ္ဘာ့ပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်တော်မူသော မာရဝိဇယဗုဒ္ဓ

နေပြည်တော်ကောင်စီနယ်မြေ၊ ရန်ကုန်မြို့၊ မန္တလေးမြို့နှင့် ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးအပါအဝင် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိမြို့နယ်များမှလမ်းများပေါ်တွင်လည်း ဘုရားဖူးပြည်သူများ၊ အပန်းဖြေခရီးသွားရောက်သူများဖြင့် စည်ကားလျက်ရှိပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပန်းခြံများ၊ အပန်းဖြေဥယျာဉ်များ၌လည်း သီတင်းကျွတ်ရုံးပိတ်ရက်လာရောက်အပန်းဖြေအနားယူကြသူများဖြင့် အထူးစည်ကားများပြားလျက်ရှိသည်။

ထို့ပြင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)ဝင်းအတွင်းရှိ

**စာမျက်နှာ ၇ သို့**



လှိုင်ကော်မြို့ရှိ ဘုရားစေတီများ၌ ဘုရားဖူးလာပြည်သူများက ဆီမီးများထွန်းညှိပူဇော်ကြစဉ်။ ပြည်နယ်(ပြန်/ဆက်)



နေပြည်တော်ရှိ မဟာသကျရံသီရုပ်ပွားတော်မြတ်ကြီး၌ ဘုရားဖူးလာပြည်သူများဖြင့် စည်ကားနေမှုကို တွေ့ရစဉ်။



စစ်ကိုင်းမြို့ရှိ ဘုရားစေတီများ၌ ဘုရားဖူးလာပြည်သူများက ဆီမီးများထွန်းညှိပူဇော်ကြစဉ်။ ဇော်မြင့်နိုင်(ပြန်/ဆက်)



ဘားအံမြို့ရှိ ဘုရားစေတီများ၌ ဘုရားဖူးလာပြည်သူများက ဆီမီးများထွန်းညှိပူဇော်ကြစဉ်။ စောမျိုးမင်းသိန်း(ပြန်/ဆက်)




ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)ဝင်းအတွင်းရှိ လမ်းများနှင့် ပန်းအလှသစ်ပင်များတွင် ရောင်စုံမီးအလှများတပ်ဆင်ခြင်း၊ မီးရောင်စုံများတပ်ဆင်ထားသည့် ပုံစံငယ်များဖြင့် မီးအလှများဆင်ယင်ထားမှုကိုတွေ့ရစဉ်။



နေပြည်တော် ရေပန်းဥယျာဉ်၌ ပျော်ပွဲရွှင်ပွဲများဖြင့် စည်ကားများပြားနေမှုကို တွေ့ရစဉ်။



စစ်တွေမြို့ရှိ ဘုရားစေတီများ၌ ဘုရားဖူးလာပြည်သူများက မီးပုံးပျံများလွှတ်တင်ပူဇော်နေမှုကိုတွေ့ရစဉ်။ ဝင်းမင်းစိုး



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)ဝင်းအတွင်းရှိ လမ်းများနှင့်ပန်းအလှသစ်ပင်များတွင် ရောင်စုံမီးအလှများတပ်ဆင်ခြင်း၊ မီးရောင်စုံများတပ်ဆင်ထားသည့် ပုံစံငယ်များဖြင့် မီးအလှများဆင်ယင်ထားမှုများနှင့် လာရောက်လည်ပတ်သူများကိုတွေ့ရစဉ်။



ရန်ကုန်တိုင်းဒေသကြီး၌ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာပြည်သူများအား စတုဒိသာများကျွေးမွေးလှူဒါန်းနေမှုကို တွေ့ရစဉ်။ အောင်မြင့်(ပြန်/ဆက်)



မော်လမြိုင်ကျွန်းမြို့၌ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာပြည်သူများအား စတုဒိသာများကျွေးမွေးလှူဒါန်းနေမှုကိုတွေ့ရစဉ်။ ရဲကိုမောင်(ပြန်/ဆက်)

**စာမျက်နှာ ၆ မှအဆက်**

လမ်းများနှင့် ပန်းအလှသစ်ပင်များတွင် ရောင်စုံမီးအလှများတပ်ဆင်ခြင်း၊ မီးရောင်စုံများ တပ်ဆင်ထားသည့် ပုံစံငယ်များဖြင့် မီးအလှများဆင်ယင်ထားသကဲ့သို့ နေပြည်တော်၊ ရေပန်းဥယျာဉ်တွင်လည်း ရောင်စုံမီးများတပ်ဆင်ထားပြီး လာရောက်အပန်းဖြေသူများဖြင့် စည်ကားများပြားလျက်ရှိသည်။ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌လည်း ဆီမီးပူဇော်ထွန်းညှိခြင်းများကို စည်ကားသိုက်မြိုက်စွာကျင်းပလျက်ရှိပြီး ဥယျာဉ်၊ ပန်းခြံများနှင့် အများပြည်သူအပန်းဖြေနေရာများတွင်လည်း ရောင်စုံမီးများဖြင့် မီးအလှများတပ်ဆင်ထားရှိကာ ပြည်သူများလာရောက်အနားယူအပန်းဖြေလျက်ရှိကြကြောင်းနှင့် အလှမီးထွန်းညှိခြင်း၊ ရောင်စုံမီးပုံးများလွှတ်တင်ခြင်းတို့ကို ပျော်ရွှင်စွာဆောင်ရွက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(၁၀၀)

# အစာအိမ် အူလမ်းကြောင်းနှင့်အကိုက်အခဲပျောက်ဆေးအန္တရာယ်

အကိုက်အခဲပျောက်ဆေး(NSAID, Non steroidal Anti–inflammatory Drugs) တွေက ကမ္ဘာပေါ်မှာ အသုံးများတဲ့ဆေးဖြစ်ပါတယ်။ ဖွံ့ဖြိုးပြီးနိုင်ငံဖြစ်တဲ့ အမေရိကန်နိုင်ငံမှာတောင် လူဦးရေရဲ့ ၅ ဒသမ ၄ ရာခိုင်နှုန်းက အကိုက်အခဲပျောက်ဆေးတစ်မျိုးမျိုးကို သောက်သုံးကြပြီး အကိုက်အခဲပျောက်ဆေးတွေရဲ့ ဘေးထွက်ဆိုးကျိုးတွေကြောင့် နှစ်စဉ် လူ ၁၀၀၀၀ ကနေ ၂၀၀၀၀ အထိ သေဆုံးကြရပါတယ်။

အကိုက်အခဲပျောက်ဆေးကို ယေဘုယျအားဖြင့် အုပ်စုနှစ်စုခွဲခြားနိုင်ပါတယ်။ ပထမအုပ်စုကတော့ အရင်ကစတင်ထွက်ရှိလာတဲ့ အကိုက်အခဲပျောက်ဆေး (Traditional NSAIDS) တွေဖြစ်တဲ့ နာပလောက်ဆင် (Naproxen)၊ အိုင်ဗျူပလိုဖန် (Ibuprofen)၊ ဒိုင်ကလိုဖန်နေ့(Diclofenac) တို့ဖြစ်ပြီး ဒုတိယအုပ်စုကတော့ နောက်ပိုင်းမှထွက်ပေါ်လာတဲ့ အကိုက်အခဲပျောက်ဆေးတွေဖြစ်တဲ့ ရွေးချယ်ထားတဲ့အကိုက်အခဲပျောက်ဆေး (Selective COX–2 inhibitors)တွေထဲက ဆီလီကော့ဆစ်(Celecoxib)၊ ဆီလီစတေး(Celestial)၊ ရိုဖီကော့ဇစ်(Rofecoxib)ဆေးတွေဖြစ်ပါတယ်။

အကိုက်အခဲပျောက်ဆေးတွေ သောက်သုံးတာကြောင့် ရရှိနိုင်တဲ့ ကောင်းကျိုးတွေအနေနဲ့ နာကျင်ကိုက်ခဲခြင်းကြောင့်ဖြစ်တဲ့ ခေါင်းကိုက်ခြင်း၊ သွားကိုက်ခြင်း၊ ခွဲစိတ်ပြီးနောက် နာကျင်ခြင်း၊ ကင်ဆာရောဂါကြောင့် ကိုက်ခဲနာကျင်ခြင်း စတာတွေကို သက်သာစေပါတယ်။ အဖျားကျစေပါတယ်။ အရောင်ကျစေပါတယ်။ အကိုက်အခဲပျောက်ဆေးတချို့က သွေးကျဲစေတဲ့အာနိသင်ရှိတာကြောင့် အကြောရောင်တာ၊ အဆစ်အမျက်ရောင်တာ၊ အရိုးနဲ့ကြွက်သားရောဂါအမျိုးမျိုး၊ ဓမ္မတာလာစဉ်မှာဖြစ်တဲ့ နာကျင်ကိုက်ခဲတာနဲ့ နှလုံးနဲ့ပတ်သက်တဲ့ရောဂါတချို့ကို ကုသရာမှာလည်း အသုံးပြုကြပါတယ်။

အကိုက်အခဲပျောက်ဆေးတွေ သောက်သုံးမယ်ဆိုရင် ကောင်းကျိုးရနိုင်သလို ဘေးထွက်ဆိုးကျိုးတွေအနေနဲ့ အစာအိမ်အနာဖြစ်တာ၊ အစာအိမ်သွေးကြောပေါက်တာ၊ အစာအိမ်နဲ့ အူသိမ်ပေါက်တာ၊ အူမကြီးအနာဖြစ်တာ၊ ပေါက်တာ၊ အစာရေမျိုပြွန်ရောင်တာ၊ ကျောက်ကပ်က သွေးရရှိတာနည်းပါးရင် ကျောက်ကပ်ပျက်စီးတာ၊ ဦးနှောက်သွေးယိုစိမ့်မှုဖြစ်စေတာ၊ တချို့တွေမှာ ခတ်မတည့်တဲ့လက္ခဏာတွေခံစားရတာ၊ ကိုယ်ဝန်ဆောင်နဲ့ နို့တိုက်မိခင်တွေမှာ မိခင်သာမက သန္ဓေသားနဲ့ ကလေးငယ်ကိုအန္တရာယ်ဖြစ်စေတာ စတဲ့ဆိုးကျိုးတွေကို ဖြစ်စေပါတယ်။

အကိုက်အခဲပျောက်ဆေးသောက်တဲ့အခါ ဘေးထွက်ဆိုးကျိုးမဖြစ်စေဖို့ ဆရာဝန်နဲ့မပြသဘဲ မိမိသဘောဆန္ဒအလျောက် နီးစပ်ရာဆေးဆိုင်တွေမှာ ဝယ်ယူသောက်သုံးတာမျိုး မပြုလုပ်သင့်ပါဘူး။ ငွေကုန်ကြေးကျသက်သာပေမယ့် ရေရှည်မှာ ဆိုးကျိုးတွေခံစားရနိုင်ပါတယ်။ ဒါကြောင့် ဆရာဝန်ညွှန်ကြားချက်နဲ့သာ သောက်သုံးသင့်ပါတယ်။ မလိုအပ်ဘဲ အကိုက်အခဲပျောက်ဆေးတွေကို ပဲလှော်ဝါးသလို သောက်နေတာမျိုးလည်း မပြုလုပ်သင့်ပါဘူး။ လိုအပ်သလောက်ကိုသာ ဆရာဝန်ညွှန်ကြားချက်အတိုင်း သောက်သုံးသင့်ပါတယ်။ ရေရှည်စွဲသောက်တာမျိုးကို ရှောင်သင့်ပါတယ်။ အချိန်တိုတိုနဲ့ဆေးရပ်သင့်ပါတယ်။ အသက်အရွယ်ကြီးသူတွေအနေနဲ့ အကိုက်အခဲပျောက်ဆေးတွေ သောက်သုံးတာကို အထူးဂရုပြုသင့်ပါတယ်။ စပ်ဆေးတွေမှာ အထူးသဖြင့် စတီးရွိုက် (steroid) ပါတဲ့ဆေးတွေနဲ့ အကိုက်အခဲပျောက်ဆေးတွေပေါင်းစပ်ပြီး သုံးစွဲတာကို ရှောင်သင့်ပါတယ်။ အခန့်မသင့်ရင် အစာအိမ်သွေးယိုစိမ့်မှုဖြစ်တတ်ပါတယ်။

**"အကိုက်အခဲပျောက်ဆေးကို ရေရှည်သောက်သုံးဖို့ လိုအပ်သူတွေအနေနဲ့ အစာအိမ်ရောဂါ ရှိ၊ မရှိ ဦးစွာစစ်ဆေးဖို့လိုအပ်ပါတယ်။ နှလုံးရောဂါ၊ ကျောက်ကပ်ရောဂါ၊ သွေးတိုးရောဂါ၊ အသည်းရောဂါ၊ သွေးရောဂါရှိသူတွေအနေနဲ့ ဆရာဝန်နဲ့တိုင်ပင်ပြီးမှ အကိုက်အခဲပျောက်ဆေး သောက်သုံးသင့်ပါတယ်။ စတီးရွိုက် (steroid) ပါတဲ့ ဆေး၊ သွေးကျဲဆေးနဲ့ အကိုက်အခဲပျောက်ဆေး တွဲသောက်နေရသူတွေအနေနဲ့ ဆရာဝန်ကို အသိပေးပြောပြထားဖို့လိုအပ်ပါတယ် . . ."**

အစာအိမ်သွေးယိုစိမ့်တဲ့လက္ခဏာတွေက ကော်ဖီရောင်အန်တာ၊ ဝမ်းမည်းသွားတာ၊ ရုတ်တရက် သွေးပေါင်ထိုးကျတာ စတာတွေဖြစ်ပါတယ်။ ချွေးအလွန်ထွက်ပြီး ခြေဖျားလက်ဖျားအေးတာ၊ နှလုံးခုန်မြန်ပြီး သွေးပေါင်ချိန်ကျတာ၊ သွေးဆိပ်တက်ခြင်းဖြစ်တာ၊ တချို့ ပါရာစီတမော ၁၀ လုံး၊ အလုံး ၂၀ သောက်ပြီး သတိလစ်တာတွေ တွေ့ဖူးပါတယ်။

အကိုက်အခဲပျောက်ဆေးကို ရေရှည်သောက်သုံးဖို့လိုအပ်သူတွေအနေနဲ့ အစာအိမ်ရောဂါ ရှိ၊ မရှိ ဦးစွာစစ်ဆေးဖို့လိုအပ်ပါတယ်။ နှလုံးရောဂါ၊ ကျောက်ကပ်ရောဂါ၊ သွေးတိုးရောဂါ၊ အသည်းရောဂါ၊ သွေးရောဂါရှိသူတွေအနေနဲ့ ဆရာဝန်နဲ့တိုင်ပင်ပြီးမှ အကိုက်အခဲပျောက်ဆေးသောက်သင့်ပါတယ်။ စတီးရွိုက် (steroid) ပါတဲ့ဆေး၊ သွေးကျဲဆေးနဲ့ အကိုက်အခဲပျောက်ဆေး တွဲသောက်နေရသူတွေအနေနဲ့ ဆရာဝန်ကို အသိပေးပြောပြထားဖို့လိုအပ်ပါတယ်။

အကိုက်အခဲပျောက်ဆေးရဲ့ ဘေးထွက်ဆိုးကျိုးတွေခံစားရပြီး အစာအိမ်သွေးယိုစိမ့်မှုလက္ခဏာ ဖြစ်ပေါ်လာတာကို သိရှိတာနဲ့ ချက်ချင်း နီးစပ်ရာဆေးရုံ၊ ဆေးခန်းတွေကို အမြန်ဆုံးသွားရောက်ပြသသင့်ပါတယ်။ အစာစားပြီးမှ အကိုက်အခဲပျောက်ဆေးသောက်တာနဲ့ အစာကြေဆေး(Antacid)တွေဖြစ်တဲ့ ဂျဲမက် (Gelmag)၊ ဆိုဒါမင့် (Sodamint) စတာတွေက အကိုက်အခဲပျောက်ဆေးကြောင့်ဖြစ်တဲ့ အစာအိမ်နဲ့အူလမ်းကြောင်းပြဿနာတွေကို ကာကွယ်နိုင်ခြင်းမရှိသလို ကုသနိုင်ခြင်းလည်းမရှိပါဘူး။ အစာအိမ်အက်စစ်ထိန်းဆေးတွေကသာ အကိုက်အခဲပျောက်ဆေးတွေရဲ့ ဘေးထွက်ဆိုးကျိုးကြောင့်ဖြစ်တဲ့ အစာအိမ်နဲ့အူလမ်းကြောင်းပြဿနာတွေကို ကာကွယ်နိုင်ပါတယ်။ အကိုက်အခဲပျောက်ဆေးတွေကြောင့်ဖြစ်တဲ့ အူသိမ်၊ အူမကြီးဘေးထွက်ဆိုးကျိုးတွေအတွက် တတ်သိနားလည်တဲ့ဆရာဝန်တွေနဲ့ သီးသန့်တိုင်ပင်ဆွေးနွေးဖို့လိုအပ်ပါတယ်။

အစာအိမ်ရောဂါဆိုတာ အစာအိမ်ကနေ အက်စစ်ဓာတ်အထွက်များတာနဲ့ အဆာခံတာများလို့ဖြစ်တဲ့ အစာအိမ်အနာ၊ အစာအိမ်ရောင်ရမ်းတာတွေဖြစ်ပါတယ်။ အစာအိမ်ရောဂါခံစားနေရသူတွေက အစာအိမ်နာသက်သာစေဖို့အတွက် အိုမီပါရာဇော(Omeprazole)၊ လင်ဆိုပါရာဇော (Lansoprazole)၊ အီဆိုပါရာဇော(Esoprazole)၊ ရာဘီပါရာဇော (Rabeprazole) စတဲ့ ပရိုတွန်စုပ်ယူမှုဆန့်ကျင်ဆေး (Proton pump inhibitors)များ၊ အင်တာဆစ် (Antacid)များဖြစ်တဲ့ အင်တာဆစ်ပလပ်(Antacid plus)၊ ဂျဲမက် (Gelmeg)၊ ဆိုဒါမင့်(Sodamint)ဆေးများ၊ အိတ်ချ်ပိုင်လိုရီ (H.pylori) ပိုးအတွက် သောက်ရတဲ့ အမောက်ဆလင် (Amoxicillin 500 mg )၊ ရင်နသဒင်း(Ranitidine 150 mg)၊ အင်တာဆစ် (Antacid plus)ကို(၂–၄)ပတ်ကြာသောက်ရင် ကောင်းမွန်စေပါတယ်။ အိတ်ချ်ပိုင်လိုရီ(H.pylori)က ပြန်ပြန်ဖြစ်တတ်လို့ အိတ်ချ်ပိုင်လိုရီကုသဆေးတွေကို တစ်ပတ်နားပြီး နောက်နှစ်ပတ် ဒါမှမဟုတ် လေးပတ်ဆက်သောက်ဖို့လိုပါတယ်။ အစာအိမ်ရောဂါဆေးကုသမှုခံယူနေရသူတွေကတော့ အကိုက်အခဲပျောက်ဆေးကို အလွယ်တကူသောက်သုံးခြင်းမပြုသင့်ပါဘူး။ အကိုက်အခဲပျောက်ဆေးကို အစာအိမ်ဆေးနဲ့ရောပြီး ဒါမှမဟုတ် အစာတစ်ခုစားပြီး(၅–၁၀) မိနစ်ကြာမှ သောက်သင့်ပါတယ်။ သိပ်ပြင်းတဲ့ အကိုက်အခဲပျောက်ဆေးတွေက အစာအိမ်ကြွက်သားလှုပ်ရှားမှုပိုများပြီး အက်စစ်ပိုထွက်စေလို့ ဆရာဝန်နဲ့တိုင်ပင်ပြီးမှသာ သောက်သုံးသင့်ပါတယ်။

အကိုက်အခဲပျောက်ဆေးတွေက သောက်ဆေးတွေသာမကဘဲ ထိုးဆေးနဲ့ အကြောထိုးဆေး စတာတွေလည်းရှိပါတယ်။ ဒါတွေအကုန်လုံးက အစာအိမ်နဲ့ အူလမ်းကြောင်းအတွက် ဆိုးကျိုးတွေ အနည်းနဲ့အများဆိုသလိုရှိတတ်ပါတယ်။ အကိုက်အခဲပျောက်ဆေးသောက်မယ့်အစား ဆေးလိမ်းတာ၊ အပူပေးတာ၊ လေ့ကျင့်ခန်းလုပ်တာနဲ့ တခြားနည်းလမ်းတွေကိုအသုံးပြုပြီး နာကျင်ကိုက်ခဲမှုတွေကို သက်သာအောင် ပြုလုပ်လို့ရပါတယ်။ အကယ်၍ ဆေးသောက်ရမယ်ဆိုရင်လည်း အစာအိမ်နဲ့အူလမ်းကြောင်းအတွက် ဘေးထွက်ဆိုးကျိုးမရှိတာကို ရွေးချယ်သောက်သုံးသင့်ပါကြောင်း အကြံပြုရေးသားလိုက်ရပါတယ်။ ။

*ဒေါက်တာလွင်သန့်*

## ကျေးရွာတွင်းဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေများ ထုတ်ချေးပေး

ရန်ကုန် အောက်တိုဘာ ၁၈

ရန်ကုန်တိုင်းဒေသကြီး တွံတေးခရိုင် တွံတေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဘုရားကြီးကျေးရွာအုပ်စု မြောက်သံကြိုးကျေးရွာ၌ မိသားစုဝင်ငွေတိုးလုပ်ငန်းများ တိုးချဲ့လုပ်ကိုင်နိုင်ရန် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေများ စတုတ္ထအကြိမ် ထုတ်ချေးပေးခြင်းကို အောက်တိုဘာလ ၁၇ ရက်က ဆောင်ရွက်သည်။

ရှေးဦးစွာ တွံတေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးနိုင်လင်းက ကျေးလက်နေပြည်သူများအား မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေများ ထုတ်ချေးပေးရခြင်းအကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်းတာဝန်ခံက အတိုးနှုန်းနှင့်ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့်စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေများ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက မြောက်သံကြိုးကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ အရောင်းအဝယ်လုပ်ငန်းနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သူ ၆၆ ဦးအား မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ငွေကျပ်သိန်း ၃၇၀ ကို ထုတ်ချေးပေးကြောင်း သိရသည်။

**မောင်ခိုင်**



**ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ရွှေတောင်မြို့နယ်ရှိ သီလရှင်ကျောင်းပေါင်း ၂၅ ကျောင်း၌ သီတင်းသုံးလျက်ရှိသော သီလရှင် အပါး ၁၇၀ တို့အား (၆၄) ကြိမ်မြောက် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို အောက်တိုဘာလ ၁၈ ရက်တွင် ရွှေတောင်မြို့ ကြာနီကန်ရပ်ကွက်၌ ကျင်းပရာ စေတနာရှင်အလှူရှင်များ ဆွမ်းဆန်စိမ်းလောင်းလှူစဉ်။**

ကိုကိုမင်း(ပြန်/ဆက်)

## အခြေခံရည်ညွှန်းစပါးဈေးနှုန်းထုတ်ပြန်ကြေညာချက်

ကြေညာချက်အမှတ် ( ၁/၂၀၂၄)
၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ၁၉ ရက်

၁။ တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွား မြှင့်တင်ရေးဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ စပါးသီးနှံစိုက်ပျိုး ထုတ်လုပ်သော တောင်သူလယ်သမားများအတွက် သင့်တင့်မျှတသော ဈေးနှုန်းနှင့် ဈေးကွက်ဖြစ်ပေါ်စေရေး စိုက်ပျိုးထုတ်လုပ်မည့် စပါးသီးနှံ များ၏ အခြေခံရည်ညွှန်းစပါးဈေးနှုန်းကို အောက်ပါအတိုင်း ထုတ်ပြန် ကြေညာလိုက်သည်။


၂။ အစိုဓာတ် (၁၄)% ရှိ၍ အဖျင်း၊ အမှော်၊ ဖုန်၊ သဲ၊ ခဲကင်းစင်ပြီး အရည် အသွေးဆိုင်ရာသတ်မှတ်စံချိန်စံညွှန်းများနှင့်ကိုက်ညီသည့် တစ်တင်း (၄၆) ပေါင်ကိုက် စပါးတင်း(၁၀၀)၏အခြေခံရည်ညွှန်းစပါးဈေးနှုန်းကို (၉၅၀၀၀၀) ကျပ် သတ်မှတ်လိုက်သည်။

၃။ ဈေးကွက်ပေါက်ဈေးသည် အခြေခံရည်ညွှန်းစပါးဈေးနှုန်းအပေါ် တွင်ဖြစ်ပါက ဈေးကွက်ပေါက်ဈေးအတိုင်း ဝယ်ယူရန်နှင့် ဈေးကွက် ပေါက်ဈေးသည် အခြေခံရည်ညွှန်းစပါးဈေးနှုန်းအောက်တွင်ဖြစ်ပါ က အခြေခံဈေးနှုန်းအတိုင်း ဝယ်ယူရမည်ဖြစ်ပါသည်။ ယခုသတ်မှတ် သောအခြေခံရည်ညွှန်းစပါးဈေးနှုန်းသည် ၂၀၂၄ ခုနှစ် မိုးစပါးနှင့် ၂၀၂၅ ခုနှစ် နွေစပါးတို့အတွက် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်ပါ သည်။

၄။ အခြေခံရည်ညွှန်းဈေးနှုန်းဖြင့် ရောင်းချရန်အခက်အခဲရှိသော တောင်သူလယ်သမားများအနေဖြင့် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၏ မြို့နယ်ကိုယ်စားလှယ်များသို့ဖြစ်စေ၊ အသင်းချုပ်ရုံးချုပ် (ဖုန်း၊ ၀၁-၂၃၀၁၁၂၈၊ ၀၁-၂၃၀၁၁၂၉၊ ၀၁-၂၁၈၂၆၆)သို့ဖြစ်စေ ဆက်သွယ်နိုင် ပါကြောင်း ထုတ်ပြန်ကြေညာအပ်ပါသည်။

**တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့်**
**အကျိုးစီးပွားမြှင့်တင်ရေးဦးဆောင်အဖွဲ့**

## ခိုလမ်မြို့၊ ကွန်ဟိန်းမြို့၊ ကျေးသီးမြို့၊ မိုးနဲမြို့နှင့် မိုင်းနောင်မြို့တို့၌ သံဃာတော်များနှင့် သာသနာ့နွယ်ဝင်သီလရှင်များအား မြို့လုံးကျွတ် စုပေါင်းဆွမ်းဆန်တော်နှင့် လှူဖွယ်ပစ္စည်းများလောင်းလှူပွဲများပြုလုပ်



သံဃာတော်များနှင့် သာသနာ့နွယ်ဝင်သီလရှင်များအား အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်းနှင့်တာဝန်ရှိသူများ၊ ဒေသခံပြည်သူများက ဆွမ်းဆန်တော်၊ လှူဖွယ်ပစ္စည်းများနှင့် ဝတ္ထုငွေများ ဆက်ကပ်လောင်းလှူစဉ်။

နေပြည်တော် အောက်တိုဘာ ၁၈

သံဃာတော်များနှင့် သာသနာ့နွယ်ဝင် သီလရှင်များအား မြို့လုံးကျွတ်စုပေါင်းဆွမ်းဆန် တော်နှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လောင်း လှူပွဲကို ယနေ့တွင် ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ခိုလမ်မြို့ရှိ မြို့တွင်းလမ်းမကြီးတစ်လျှောက်၌ ပြုလုပ်ရာ အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်းနှင့် တာဝန်ရှိသူ များ၊ အရာရှိ စစ်သည်၊ မိသားစုများ၊ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် ဒေသခံပြည်သူများ တက် ရောက်လောင်းလှူကြသည်။

ဦးစွာ သံဃာတော်များနှင့် သာသနာ့နွယ်ဝင် သီလရှင်များက မြို့တွင်းလမ်းမကြီးတစ်လျှောက် အလှူခံကြွချီတော်မူကြရာ တိုင်းမှူးနှင့် တာဝန် ရှိသူများ၊ ဒေသခံပြည်သူများက ဆွမ်းဆန်တော်၊ လှူဖွယ်ပစ္စည်းများနှင့် ဝတ္ထုငွေများ ဆက်ကပ် လောင်းလှူကြသည်။

ထို့ပြင် ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ကွန်ဟိန်း မြို့၊ ကျေးသီးမြို့၊ မိုးနဲမြို့နှင့် မိုင်းနောင်မြို့တို့တွင် လည်း မြို့လုံးကျွတ် စုပေါင်းဆွမ်းဆန်စိမ်း လောင်းလှူပွဲပြုလုပ်ကာ သံဃာတော်များနှင့် သာသနာ့နွယ်ဝင်သီလရှင်များအား သက်ဆိုင်ရာ တာဝန်ရှိသူများနှင့် ဒေသခံပြည်သူများက ဆွမ်းဆန်တော်၊ လှူဖွယ်ပစ္စည်းများနှင့် ဝတ္ထုငွေ များ ဆက်ကပ်လောင်းလှူခဲ့ကြကြောင်း သတင်း ရရှိသည်။

(၁၀၀)

## ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၆/၂၀၂၄)သို့ တက်ရောက်မည့် နိုင်ငံ့သားကောင်းရတနာများအား ဂုဏ်ပြုကြိုဆို

**နေပြည်တော် အောက်တိုဘာ ၁၈**

ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ် (၆/၂၀၂၄)သို့ တက်ရောက်ရန် ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ ကျိုင်းတုံမြို့၊ နယ်မြေခံသင်တန်း ကျောင်းသို့ရောက်ရှိလာသည့် ရှမ်းပြည်နယ် အတွင်းရှိ နိုင်ငံ့သားကောင်းရတနာများအား ယနေ့နံနက်ပိုင်းတွင် တြိဂံဒေသတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးကြီးကျော်နိုင်စိုးနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက ကြိုဆိုခဲ့ကြသည်။

ထို့နောက် ဒုတိယတိုင်းမှူးနှင့် တာဝန်ရှိသူ များက နိုင်ငံ့သားကောင်းရတနာများအား လိုအပ် သည့် စုဖွဲ့ပြင်ဆင်မှုများ၊ အုပ်ချုပ်မှုကိစ္စများ ဆောင်ရွက်ပေးနေမှုများကို ကြည့်ရှုအားပေးပြီး ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ခဲ့ကြောင်း သတင်း ရရှိသည်။

(၁၀၀)



တြိဂံဒေသတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးကြီးကျော်နိုင်စိုးနှင့် တာဝန်ရှိသူများက ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၆/၂၀၂၄)သို့ တက်ရောက်မည့်နိုင်ငံ့သားကောင်းရတနာ များအား ဂုဏ်ပြုကြိုဆိုကြစဉ်။

## တို့များရိုးရာ သဘင်မဟာ

✿ မြန်မာ့ဂုဏ်ရှိန်၊ တောက်ပထိန်ဖို့
သိမ်မွေ့နက်နဲ၊ အားမာန်ဖွဲ့ဖြင့်
ခိုင်မြဲစေမှု၊ ထိန်းသိမ်းပြုကြ
အနုအလှ သုခမ။

✿ ဇာတိသွေးမာန်၊ အခြေခံကာ
မြန်မာ့ဟန်မူ၊ စံကိုယူ၍
လှိုင်ကြူထုံမွှေး၊ ရိုးရာတေးဖြင့်
ရေး တီး ဆို က သုခမ။

✿ အနုပညာ၊ ဂုဏ်အင်္ဂါကို
လေ့လာဆန်းစစ်၊ မျိုးဆက်သစ်တို့
မျိုးချစ်စိတ်ဓာတ်၊ ခိုင်ခိုင်မတ်ဖို့
မပြတ်ဆင့်ကမ်း ပညာပန်း။

✿ နှစ်ပေါင်းထောင်ချီ၊ အစွန့်ရှည်သည့်
တို့ဂီတနန်း၊ ပညာပန်းကို
ပွင့်လန်းမွှေးကြိုင်၊ ရနံ့လှိုင်၍
နိုင်ငံလူမျိုး ဂုဏ်ရှိန်တိုး။

✿ ဆို က ရေး တီး၊ ပြိုင်ပွဲကြီးသည်
ခရီးနှစ်ပေါင်း၊ ရာထောင်သောင်းမျှ
နည်းကောင်းမွေဆက်၊ မပျက်ရိုးရာ
ခိုင်ရှည်ကြာဖို့၊ မြန်မာ့မျိုးဆက်
ဆင့်ကမ်းလက်ဖြင့်
လေးနက်ခိုင်မာ ရှည်ကြာ
တို့များရိုးရာ သဘင်မဟာ။ ။

**မောင်လေပြေ(တောင်တွင်း)**

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၉-၁၀-၂၀၂၄(စနေနေ့)

| | | |
|---|---|---|
| ၁။ | ၆:၀၂ | နိုင်ငံတော်သီချင်း |
| ၂။ | ၇:၀၀ | မေတ္တာပို့ |
| ၃။ | ၇:၂၅ | ကိုယ်လက်လှုပ်ရှားအားကစား |
| ၄။ | ၇:၃၅ | မြန်မာ့ရှုခင်း |
| ၅။ | ၈:၃၀ | ခရီးလည်းသွားစကားလည်းဆို |
| ၆။ | ၉:၂၀ | လူတိုင်းကျန်းမာသိမှတ်စရာ |
| ၇။ | ၉:၃၀ | အမှတ်တရနေ့ရက်များ |
| ၈။ | ၁၁:၀၀ | နိုင်ငံတကာသတင်း |
| ၉။ | ၁၆:၅၅ | ရှေးဟောင်းသုတ |
| ၁၀။ | ၁၇:၁၀ | အင်္ဂလိပ်စာသုတ |
| ၁၁။ | ၁၈:၀၀ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၁၂။ | ၁၈:၃၀ | ပြည်သူ့ကြားကပြည်သူ့စကား |
| ၁၃။ | ၁၉:၀၀ | (၃၈)ဖြာမင်္ဂလာကာလေနမွေ့သဝနံ |

# ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ခြောက်လတာကာလအတွင်း ပြည်ပသို့ ပျားရည်တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၁ ဒသမ ၁၄၉ သန်းကျော်ရရှိ



ရန်ကုန် အောက်တိုဘာ ၁၈

၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ခြောက်လတာကာလအတွင်း ပြည်ပသို့ ပျားရည်တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၁ ဒသမ ၁၄၉ သန်းကျော်ရရှိထားကြောင်း မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ပျားလုပ်ငန်းဌာန ပျားမွေးမြူမှုဖွံ့ဖြိုးရေးဌာနခွဲ ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးတင့်၏ပြောပြချက်အရ သိရသည်။

၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ဧပြီလမှ စက်တင်ဘာလကုန်အထိ ပြည်ပသို့ ပုဂ္ဂလိကကဏ္ဍမှ ပျားရည်တင်ပို့မှုအနေဖြင့် ပုံမှန်ကုန်သွယ်ရေးမှ ပျားရည်မက်ထရစ်တန် ၇၁၈ ဒသမ ၂၂ တန်တင်ပို့ပြီး နယ်စပ်ကုန်သွယ်ရေးမှ ၄၇ ဒသမ ၈ တန် တင်ပို့ခဲ့ရာ စုစုပေါင်း ပြည်ပသို့ ပျားရည် ၇၆၆ ဒသမ ၀၂ တန် တင်ပို့ပြီး အမေရိကန်ဒေါ်လာ ၁ ဒသမ ၁၄၉ သန်းကျော်ရရှိခဲ့သည်။

ထိုသို့တင်ပို့ရာတွင် ဂျပန်နိုင်ငံသို့ ပျားရည်မက်ထရစ်တန် ၅၁၆ ဒသမ ၁၂ တန်ဖြင့် အများဆုံးတင်ပို့ပြီး အမေရိကန်ဒေါ်လာ ၇၇၄၇၈၀၊ တောင်ကိုရီးယားနိုင်ငံသို့ ပျားရည်မက်ထရစ်တန် သုည ဒသမ ၅ တန်တင်ပို့ပြီး အမေရိကန်ဒေါ်လာ ၇၅၀၊ ထိုင်းနိုင်ငံသို့ ပျားရည်မက်ထရစ်တန် ၂၀၁ ဒသမ ၆ တန်တင်ပို့ပြီး အမေရိကန်ဒေါ်လာ ၃၀၂၄၀၀၊ တရုတ်နိုင်ငံသို့ ပျားရည်မက်ထရစ်တန် ၄၅ ဒသမ ၈ တန်တင်ပို့ပြီး အမေရိကန်ဒေါ်လာ ၆၈၆၉၆ ဒေါ်လာ၊ တရုတ်(တိုင်ပေ)သို့ ပျားရည်မက်ထရစ်တန် နှစ်တန် တင်ပို့ပြီး အမေရိကန်ဒေါ်လာ ၃၀၀၃ ဒေါ်လာရရှိသည့်အတွက် စုစုပေါင်း ပုဂ္ဂလိကကဏ္ဍမှ ပြည်ပသို့ ပျားရည်မက်ထရစ်တန် ၇၆၆ ဒသမ ၀၂ တန် တင်ပို့ပြီး အမေရိကန်ဒေါ်လာ ၁၁၄၉၆၂၉ ဒေါ်လာရရှိထားသည်။

ပျားရည်ကို ဂျပန်၊ တောင်ကိုရီးယား၊ ထိုင်း၊ တရုတ်နှင့် တရုတ်(တိုင်ပေ)တို့သို့ ပုံမှန်တင်ပို့လျက်ရှိပြီး ဂျပန်နိုင်ငံသို့ အများဆုံးတင်ပို့လျက်ရှိသည်။

ပြည်တွင်း၌ နှမ်းပျားရည်၊ ဆီးပျားရည်၊ ပန်းနှမ်းပျားရည်၊ နေကြာပျားရည်၊ ရော်ဘာပျားရည်၊ လိုက်ချီးပျားရည်ဟူ၍ ထုတ်လုပ်ပြီး ပျားရည်ကို ပြည်တွင်း၌ ဆေးဝါးအဖြစ် အသုံးပြုမှုများသကဲ့သို့ ပြည်ပနိုင်ငံများသို့လည်း တင်ပို့ကြောင်း သိရသည်။

**စောယု**

# မိတ္ထီလာမြို့နယ်၌ ယခုနှစ်တွင် မိုးစပါး ၉၉၅၃ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်

မိတ္ထီလာ အောက်တိုဘာ ၁၈

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ်၌ ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီတွင် မိုးစပါး ၉၉၅၃ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မိတ္ထီလာမြို့နယ်အတွင်းရှိ ဒေသခံတောင်သူများသည် မိုးစပါးကို ဆည်ရေ၊ ကန်ရေသောက်စနစ်ဖြင့်လည်းကောင်း၊ ဆည်ရေ၊ ကန်ရေ မရသည့်ဒေသများ၌ မိုးကောင်းသောက်စနစ်ဖြင့်လည်းကောင်း စိုက်ပျိုးကြရာ ယခုနှစ်တွင် မိုးစပါး ၁၃၀၆၁ ဧက စိုက်ပျိုးရန်လျာထားပြီး ဩဂုတ်လပထမပတ်မှ စတင်စိုက်ပျိုးလျက်ရှိသည်။

ထိုသို့စိုက်ပျိုးရာတွင် မိုးစပါးကို ပျိုးထောင်စိုက်ပျိုးသည့်စနစ်၊ တိုက်ရိုက်မျိုးစေ့ချ စိုက်ပျိုးသည့်စနစ်များဖြင့် ဒေသနှင့်ကိုက်ညီပြီး အထွက်နှုန်းကောင်းသည့် မနောသုခ၊ ဆင်းသုခစပါးမျိုးများကို အဓိကထားစိုက်ပျိုးလျက်ရှိရာ လက်ရှိအချိန်ထိ မိုးစပါး ၉၉၅၃ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်သည်။

အဆိုပါ မိုးစပါးစိုက်ဧကများအနက် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ထမုန်ကန်ကျေးရွာအုပ်စု၌ ဧက ၁၀၀၊ တောမကျေးရွာအုပ်စု၌ ဧက ၁၀၀၊ ခင်လူးကျေးရွာအုပ်စု၌ ဧက ၅၀၊ ရှမ်းတဲကျေးရွာအုပ်စု၌ ဧက ၃၀၊ ကဖြူကျေးရွာအုပ်စု၌ ဧက ၅၀၊ ဇောင်းချမ်းကုန်းကျေးရွာအုပ်စု၌ ဧက ၃၀၊ မကျီးစုကျေးရွာအုပ်စု၌ ဧက ၄၀၊ လျှော်ဖြူကန်ကျေးရွာအုပ်စု၌ ဧက ၅၀၊ ကွက်ကျေးရွာအုပ်စု၌ ဧက ၁၅၀ စုစုပေါင်းဧက ၆၀၀ စိုက်ပျိုးထားကြောင်း သိရသည်။

(၆၀၂)

# VDP စီမံကိန်းဖြင့် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

ရန်ကုန် အောက်တိုဘာ ၁၈

ရန်ကုန်တိုင်းဒေသကြီး သန်လျင်ခရိုင် ခရမ်းမြို့နယ် ကန်ညီနောင်ကျေးရွာ၌ ယခုဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ဖြင့် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို အောက်တိုဘာလ ၁၈ ရက်တွင် မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးကြကြောင်း သိရသည်။

ထိုသို့စစ်ဆေးရာတွင် ခရမ်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ထားထားနိုင်နှင့် အင်ဂျင်နီယာဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်းကော်မတီဝင်များနှင့်အတူ ကန်ညီနောင်ကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကိုကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာရှိ ရပ်မိရပ်ဖများ၊ ကျေးရွာသူ၊ ကျေးရွာသားများနှင့်တွေ့ဆုံကာ လုပ်ငန်းများ စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးအောင်ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

အဆိုပါ ကန်ညီနောင်ကျေးရွာ၌ အရှည် ၆၂၅ ပေ၊ အကျယ် ၈ ပေ၊ ထု ၆ လက်မရှိ ကွန်ကရစ်လမ်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ပံ့ပိုးငွေ ငွေကျပ် သိန်း ၁၅၀၊ ကျေးရွာပြည်သူထည့်ဝင်ငွေ ငွေကျပ် သိန်း ၃၀ စုစုပေါင်း ငွေကျပ်သိန်း ၁၈၀ ဖြင့် ဦးစီးဌာနမှဝန်ထမ်းများက အနီးကပ်ကြီးကြပ်ကာ ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုလအတွင်း စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၃၀ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။



**မောင်ခိုင်**

# နိုင်ငံတစ်ဝန်း မျိုးစေ့ထုတ် သမဝါယမအသင်း ၁၆၈ သင်းအထိ ဖွဲ့စည်းထား

ရန်ကုန် အောက်တိုဘာ ၁၈

ကျေးလက်နေတောင်သူများအနေဖြင့် စိုက်ပျိုးရေးလုပ်ငန်းများ လုပ်ကိုင်ရာတွင် မျိုးကောင်း၊ မျိုးသန့်များ ရရှိသုံးစွဲနိုင်စေရန် နိုင်ငံတစ်ဝန်း၌ သက်ဆိုင်ရာမြို့နယ်၊ ကျေးရွာအလိုက် မျိုးစေ့ထုတ်တောင်သူများစုဖွဲ့ပြီး မျိုးစေ့ထုတ်သမဝါယမအသင်းများ ဖွဲ့စည်းဆောင်ရွက်လျက်ရှိရာ စက်တင်ဘာလကုန်အထိ မျိုးစေ့ထုတ်သမဝါယမအသင်း ၁၆၈ သင်းဖွဲ့စည်းထားပြီးဖြစ်ကြောင်း သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန သမဝါယမဦးစီးဌာနမှ သိရသည်။

ထိုသို့ မျိုးစေ့ထုတ်သမဝါယမအသင်းများဖွဲ့စည်းရာတွင် မျိုးစေ့ထုတ်တောင်သူများက ၎င်းတို့ဆန္ဒအလျောက် မျိုးစေ့ထုတ်သမဝါယမအသင်းများ ဖွဲ့စည်းတည်ထောင်ရန် တင်ပြလာမှုများအပေါ် သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန သမဝါယမဦးစီးဌာနနှင့် TBL ကုမ္ပဏီတို့ ပူးပေါင်းကာ ကူညီဆောင်ရွက်ပေးနေခြင်းဖြစ်သည်။

"စက်တင်ဘာလကုန်အထိ ချင်းပြည်နယ်ကလွဲလို့ နေပြည်တော်အပါအဝင် စစ်ကိုင်း၊ တနင်္သာရီ၊ ပဲခူး၊ မကွေး၊ မန္တလေး၊ ဧရာဝတီ၊ ရန်ကုန်၊ ကချင်၊ ကယား၊ ကရင်၊ မွန်၊ ရခိုင်၊ ရှမ်း စတဲ့ တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေမှာ မျိုးစေ့ထုတ်သမဝါယမအသင်းစုစုပေါင်း ၁၆၈ သင်းအထိ ဖွဲ့စည်းထားပြီးဖြစ်ပါတယ်။ လက်ရှိမှာ စီမံကိန်းသီးနှံတွေဖြစ်တဲ့ ဝါမျိုးကောင်း၊ မျိုးသန့်မျိုးစေ့တွေ၊ မြေပဲ၊ နှမ်း၊ နေကြာစတဲ့ ဆီထွက်သီးနှံ မျိုးစေ့တွေနဲ့ပတ်သက်ပြီး မျိုးစေ့ထုတ်သမဝါယမအသင်းတွေ စုဖွဲ့နေကြတာဖြစ်ပါတယ်" ဟု သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမျိုးအောင်ကပြောသည်။

တောင်သူများ စိုက်ပျိုးထွက်ရှိလာသော မျိုးကောင်း၊ မျိုးသန့်မျိုးစေ့များကို မျိုးစေ့ထုတ် ကုမ္ပဏီမှတစ်ဆင့်ဖြစ်စေ၊ သမဝါယမအသင်းအဆင့်ဆင့် လမ်းကြောင်းမှဖြစ်စေ သမဝါယမအသင်းသားများအပါအဝင် ကျေးလက်နေတောင်သူများထံ ၎င်းတို့လိုအပ်သော မျိုးကောင်း၊ မျိုးသန့်မျိုးစေ့များကို ဖြန့်ဖြူးရောင်းချပေးရန်စီစဉ်ထားသည်။ ထို့ပြင် မျိုးစေ့ထုတ်သမဝါယမအသင်းများမှ တောင်သူများအတွက် လိုအပ်သော နည်းပညာများ၊ သွင်းအားစုများကိုလည်း သက်ဆိုင်ရာမှ ပံ့ပိုးကူညီပေးမည်ဖြစ်ပြီး ထွက်ရှိလာသော မျိုးကောင်း၊ မျိုးသန့် မျိုးစေ့များကို ကာလပေါက်ဈေးအတိုင်း TBL ကုမ္ပဏီမှ ဝယ်ယူပေးမည်ဖြစ်ကြောင်း သိရသည်။

**ဆောင်းဦး**

# ၂၀၂၄ ခုနှစ် (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး (ဗဟိုအဆင့်)ပြိုင်ပွဲများ ဆက်လက်ကျင်းပ











နေပြည်တော် အောက်တိုဘာ ၁၈

၂၀၂၄ခုနှစ်(၂၅)ကြိမ်မြောက်ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး (ဗဟိုအဆင့်)ပြိုင်ပွဲ ပဥ္စမနေ့ကို ယနေ့နံနက်ပိုင်းတွင်ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ သတ်မှတ်နေရာ အသီးသီးတွင် စည်ကားသိုက်မြိုက်စွာ ဆက်လက်ကျင်းပသည်။

ယနေ့တွင် **“မဟာဂီတ” တေးသီချင်း အဆိုပြိုင်ပွဲ**ကို မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်း ဗဟိုဌာန(၂) Signing Room ၌ ကျင်းပရာ **အဆင့်မြင့်ပညာအဆင့် အမျိုးသမီးပြိုင်ပွဲ**တွင် မန္တလေးတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှပြိုင်ပွဲဝင်များက “သီလာဝေယံ”(ပတ်ပျိုး) သီချင်းဖြင့်လည်းကောင်း၊ အဆင့်မြင့်ပညာအဆင့် အမျိုးသားပြိုင်ပွဲတွင် ရခိုင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက “သီလာဝေယံ” (ပတ်ပျိုး)သီချင်းဖြင့်လည်းကောင်း ယှဉ်ပြိုင်ကြသည်။





**“ကာလပေါ်” တေးသီချင်း အဆိုပြိုင်ပွဲ**ကို မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်း ဗဟိုဌာန (၂) Banquet Hall ၌ ကျင်းပရာ **ဝါသနာရှင်အဆင့်(ဒုတိယတန်း) အမျိုးသားပြိုင်ပွဲ**တွင် မကွေးတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ကချင်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “မဂ္ဂင်ရှစ်ပါး” သီချင်းဖြင့်လည်းကောင်း၊ **အခြေခံပညာအဆင့်(အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အမျိုးသမီးပြိုင်ပွဲ**တွင် မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “ချစ်စရာ့ ရွှေတမာ” သီချင်းဖြင့်လည်းကောင်း ယှဉ်ပြိုင်ကြသည်။

**အကပြိုင်ပွဲ**ကို မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၂) Plenary Hall ၌ ကျင်းပရာ **ဝါသနာရှင်အဆင့်(ပထမတန်း) အမျိုးသမီးပြိုင်ပွဲ**တွင် ကချင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့မှပြိုင်ပွဲဝင်များက ခေါင်း၊ ခါး၊ ခြေ၊ လက်အချိုးအဆစ်ညီညာစွာဖြင့်သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ဆိုင်းဝိုင်းအဖွဲ့များ၏ ပံ့ပိုးတီးခတ်မှုနှင့်အတူ အနုသုခုမ ရသစုံလင်လှသည့် ဆို၊ ငို၊ ပြော၊ အကအလှများဖြင့်လည်းကောင်း၊ **အခြေခံပညာအဆင့်(အသက်၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အမျိုးသားပြိုင်ပွဲ**တွင်မန္တလေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ကရင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကချင်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက ငြိမ့်ညောင်းသည့် ကကြိုးကကွက်များဖြင့်လည်းကောင်း ယှဉ်ပြိုင်ကြသည်။

**အရေးပြိုင်ပွဲ**ကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနရှိယဉ်ကျေးမှုရတနာခန်းမ၌ကျင်းပရာ **အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) ပြိုင်ပွဲ**တွင် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “လူငယ်အားမာန် အမြဲရှင်သန် နိုင်ငံပြည်ကျိုး ဆောင်သယ်ပိုး” ခေါင်းစဉ်ဖြင့် ဂီတရသစုံလင်စွာ ဖော်ကျူးတေးဖွဲ့ယှဉ်ပြိုင်ကြသည်။

**ဂီတာ အတီးပြိုင်ပွဲ**ကို မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၂) News Briefing Room ၌ကျင်းပရာ **ဝါသနာရှင်အဆင့်(ပထမတန်း)အမျိုးသားပြိုင်ပွဲ**တွင် တနင်္သာရီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “ဘုန်းမိုးသွန်းလောင်း” (သီချင်းခံ) သီချင်းဖြင့်လည်းကောင်း၊ **ဝါသနာရှင်အဆင့်(ပထမတန်း) အမျိုးသမီးပြိုင်ပွဲ**တွင် ဧရာဝတီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက

**စာမျက်နှာ ၁၂ သို့ ⏭**

⏭ စာမျက်နှာ ၁၁ မှအဆက်


"မန္တလာဘုံ" (ဘွဲ့) သီချင်းဖြင့်လည်းကောင်း၊ **အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသားပြိုင်ပွဲ**တွင် မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "လူမနော" (ပတ်ပျိုး) သီချင်းဖြင့်လည်းကောင်း၊ **အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသမီးပြိုင်ပွဲ**တွင် မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ဝေဘာဂီရိ"(ကြိုး)သီချင်းဖြင့်လည်းကောင်း၊ **အဆင့်မြင့်ပညာအဆင့်အမျိုးသားပြိုင်ပွဲ**တွင် ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "မြမန်းဂီရိ" (ယိုးဒယား) သီချင်းဖြင့်လည်းကောင်း၊ **အဆင့်မြင့်ပညာအဆင့် အမျိုးသမီးပြိုင်ပွဲ**တွင် ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့်တနင်္သာရီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "လာချေပြီ" (ကြိုး) သီချင်းဖြင့်လည်းကောင်း၊ **ဝါသနာရှင်အဆင့် (ဒုတိယတန်း)အမျိုးသားပြိုင်ပွဲ**တွင်ပဲခူးတိုင်းဒေသကြီး၊ရန်ကုန်တိုင်းဒေသကြီးနှင့်မန္တလေးတိုင်းဒေသကြီးတို့မှပြိုင်ပွဲဝင်များက "ခန်းတွင်းရိပ်သာ"(ကြိုး) သီချင်းဖြင့်လည်းကောင်း၊ **ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသမီးပြိုင်ပွဲ**တွင် ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ဖူးငွေ့လက်တင်"(ဘောလယ်)သီချင်းဖြင့်လည်းကောင်း၊ **အခြေခံပညာအဆင့်(အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း)အမျိုးသားပြိုင်ပွဲ**တွင် ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "စံရာတောင်ကျွန်း"(ကြိုး)သီချင်းဖြင့်လည်းကောင်း၊ **အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အမျိုးသမီးပြိုင်ပွဲ**တွင် ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့်ဧရာဝတီတိုင်းဒေသကြီးတို့မှပြိုင်ပွဲဝင်များက "စံရာတောင်ကျွန်း" (ကြိုး) သီချင်းဖြင့်လည်းကောင်း ယှဉ်ပြိုင်ကြသည်။











**တယောအတီးပြိုင်ပွဲ**ကို သဘာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနရှိ လေ့ကျင့်ရေးဇာတ်ရုံ၌ကျင်းပရာ **အဆင့်မြင့်ပညာအဆင့် အမျိုးသားပြိုင်ပွဲ**တွင် ပဲခူးတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့မှပြိုင်ပွဲဝင်များက "ကျွန်းကျွန်းပိုင်သ" (ကြိုး) သီချင်းဖြင့်လည်းကောင်း၊ **အဆင့်မြင့်ပညာအဆင့် အမျိုးသမီးပြိုင်ပွဲ**တွင် ကယားပြည်နယ်၊ ပဲခူးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှပြိုင်ပွဲဝင်များက "နန်းဘုံ သီဟာဘွေ" (ယိုးဒယား) သီချင်းဖြင့်လည်းကောင်း၊ **အခြေခံပညာအဆင့်(အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသားပြိုင်ပွဲ**တွင် ကချင်ပြည်နယ်၊ မကွေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့်ဧရာဝတီတိုင်းဒေသကြီးတို့မှပြိုင်ပွဲဝင်များက "ရွှေပြည်ကြီးရော" (ကြိုး)သီချင်းဖြင့်လည်းကောင်း သာယာငြိမ့်ညောင်းစွာ တီးခတ်ယှဉ်ပြိုင်ကြသည်။

**ပတ္တလားအတီးပြိုင်ပွဲ**ကို အမျိုးသားပြတိုက်(နေပြည်တော်)ရှိ Mini Theatre ၌ကျင်းပရာ **ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသားပြိုင်ပွဲ**တွင်မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှပြိုင်ပွဲဝင်များက "ရီရီဆိုင်းဆိုင်း"(ကြိုး) သီချင်းဖြင့်လည်းကောင်း၊ **ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသမီးပြိုင်ပွဲ**တွင် မွန်ပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှပြိုင်ပွဲဝင်များက "လျှပ်ပန်းခွေနွဲ့" (ယိုးဒယား) သီချင်းဖြင့်လည်းကောင်း၊ **အခြေခံပညာအဆင့်(အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသမီးပြိုင်ပွဲ**တွင် မွန်ပြည်နယ်၊ ရှမ်းပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "မင်္ဂလာသီရိ" (ဘွဲ့) သီချင်းဖြင့်လည်းကောင်း ငြိမ့်ညောင်းသာယာစွာ တီးခတ်ယှဉ်ပြိုင်ကြသည်။

**ဆိုင်းတစ်ဦးချင်း အတီးပြိုင်ပွဲ**ကို အမျိုးသားစာကြည့်တိုက် (နေပြည်တော်)ရှိ ဝန်ဇင်းမင်းရာဇာခန်းမ၌ကျင်းပရာ **အဆင့်မြင့်ပညာအဆင့် အမျိုးသမီးပြိုင်ပွဲ**တွင် ရန်ကုန်တိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ဝေဇယန္တာ" (ယိုးဒယား) သီချင်းဖြင့်လည်းကောင်း၊ **အဆင့်မြင့်ပညာအဆင့် အမျိုးသားပြိုင်ပွဲ**တွင် ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့်မန္တလေးတိုင်းဒေသကြီးတို့မှပြိုင်ပွဲဝင်များ က "ဝေဇယန္တာ" (ယိုးဒယား) သီချင်းဖြင့်လည်းကောင်း၊ **ဝါသနာရှင်အဆင့်(ပထမတန်း) အမျိုးသမီးပြိုင်ပွဲ**တွင် ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ရွှေညီလာ" (လေးထွေသံကတ်)သီချင်းဖြင့်လည်းကောင်း၊ **ဝါသနာရှင်အဆင့် (ပထမတန်း) အမျိုးသားပြိုင်ပွဲ**တွင် ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ထောင်ရောင်နေကသာ" (သီချင်းခံ) သီချင်းဖြင့်လည်းကောင်း တီးခတ်ယှဉ်ပြိုင်ကြသည်။

**ရုပ်စုံသဘင်အဖွဲ့လိုက်ပြိုင်ပွဲ**ကို သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနရှိယဉ်ကျေးမှုရတနာခန်းမ၌ကျင်းပရာ **ဝါသနာရှင်အဆင့် (ပထမတန်း) ပြိုင်ပွဲ**တွင် "ဝေဿန္တရာ" ဇာတ်တော်ကြီးဖြင့် စစ်ကိုင်းတိုင်းဒေသကြီး ကိုယ်စားပြု ရွှေဇေယျာရုပ်စုံသဘင်အဖွဲ့က မြန်မာ့ရိုးရာယဉ်ကျေးမှု အမွေအနှစ်များကို ဖော်ကျူးသည့်အကအလှများ၊ စကားပြောများဖြင့် တင်ဆက်ကပြယှဉ်ပြိုင်ကြသည်။

**ဇာတ်တော်ကြီးပြိုင်ပွဲ**ကို နေပြည်တော် စည်ပင်သာယာရေးကော်မတီ လဟာပြင်ဇာတ်ရုံ၌ကျင်းပရာ **ဇာတ်တော်ကြီးအဖွဲ့လိုက် ဝါသနာရှင်အဆင့် (ပထမတန်း) ပြိုင်ပွဲ**တွင် "မဟာဇနက" ဇာတ်တော်ကြီးဖြင့် ရန်ကုန်တိုင်းဒေသကြီးကိုယ်စားပြု ရွှေရန်ကုန်တိုင်း ဇာတ်အလှသဘင်အဖွဲ့က မူရင်းဇာတ်တော်ကြီး၏ တီးလုံးတီးချက်များကို မြန်မာ့ဇာတ်သဘင်၏ ဆို ငို ပြော ပညာရပ်များ၊ အကအလှများနှင့် အနုပညာရသမြောက်ပေါင်းစပ်ပြီး ယှဉ်ပြိုင်ကြသည်။

ယနေ့ကျင်းပသည့် ပြိုင်ပွဲများသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များဖြစ်သည့် ဗိုလ်ချုပ်ကြီးမြထွန်းဦး၊ ဗိုလ်ချုပ်ကြီးညိုစောနှင့်ဇနီး၊ မန်းငြိမ်းမောင်၊ ဒေါက်တာဘရွှေနှင့်ဇနီး၊ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးကိုကို၊ ပြည်ထောင်စုဝန်ကြီးများဖြစ်သည့် ဦးကိုကိုလှိုင်၊ ဦးအောင်ကျော်ဟိုး၊ ဒေါက်တာကံဇော်၊ ဦးတင်ဦးလွင်၊ ဦးညဏ်ထွန်း၊ ဒေါက်တာညွန့်ဖေ၊ ဒေါက်တာမျိုးသိန်းကျော်၊ ဒေါက်တာသက်ခိုင်ထင်၊ ဦးမင်းသိန်း၊ Jeng Phang နော်တောင်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဦးအောင်သော်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးနှင့် ၎င်းတို့၏ဇနီးများ၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တိုင်းရင်းသားရေးရာဝန်ကြီးများ၊ လူမှုရေးဝန်ကြီးများ၊ ဥပဒေချုပ်များ၊ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ဝန်ထမ်းမိသားစုများ၊ အနုသုခုမသဘင်ကို ချစ်မြတ်နိုးကြသည့် မိဘပြည်သူများနှင့် ပြိုင်ပွဲဝင်များ၏ အုပ်ထိန်းသူများ၊ မိဘများက ပြိုင်ပွဲနေရာအသီးသီး၌ လာရောက်ကြည့်ရှုအားပေးခဲ့ကြသည်။

၂၀၂၄ ခုနှစ် (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး (ဗဟိုအဆင့်) ပြိုင်ပွဲတွင် ဇာတ်တော်ကြီးပြိုင်ပွဲအတွက် "မဟာဇနက" ဇာတ်တော်ကြီးကိုလည်းကောင်း၊ ဝါသနာရှင်အဆင့်(ပထမတန်း) ရုပ်စုံသဘင် အဖွဲ့လိုက်ပြိုင်ပွဲအတွက် "ဝေဿန္တရာ"ဇာတ်တော်ကြီးကိုလည်းကောင်း၊ ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသား/ အမျိုးသမီး ရုပ်သေးကြိုးဆွဲပြိုင်ပွဲအတွက် မင်းသားနှင့် ဇော်အရုပ်ကြိုးဆွဲပြိုင်ပွဲကိုလည်းကောင်း ထည့်သွင်းယှဉ်ပြိုင်လျက်ရှိသည့်အပြင် ရှားပါးပညာရပ်တစ်ခုဖြစ်ပြီး တိမ်မြုပ်ပျောက်ကွယ်လုနီးပါးဖြစ်နေသည့် နှုတ်မှုစွမ်းရည်ပြ "ကွက်စိပ်" ပြိုင်ပွဲ၏ ဝါသနာရှင်အဆင့်(ပထမတန်း) အတွက် "မဟာသုတ သောမ"ဇာတ်နှင့် ဝါသနာရှင်အဆင့် (ဒုတိယတန်း)အတွက် "သမုဒ္ဒဝါဏိဇ"ဇာတ်တို့ကို ယှဉ်ပြိုင်ရန် သတ်မှတ်ထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# တိုင်းရင်းသားစည်းလုံးညီညွတ်ရေးအတွက် အနုသုခမပညာ

ဘုန်းမောင်ဝင်း(ဖျာပုံ)

မြန်မာလူမျိုးတို့ရဲ့ အမျိုးဂုဏ်၊ ဇာတိဂုဏ်၊ ဓလေ့ထုံးစံ၊ ယဉ်ကျေးမှုတွေကို နိုင်ငံတော်တည်တံ့ ခိုင်မြဲခြင်းနဲ့အတူ ယှဉ်တွဲတည်ရှိနေရမယ့် ဂုဏ်ဒြပ်များအဖြစ် နှလုံးသွင်းခံယူပြီး မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲတွေကို နိုင်ငံတော်အစိုးရအနေနဲ့ လူအား၊ ငွေအား၊ အချိန်အား စိုက်ထုတ်ကျင်းပပေးနေခြင်းဖြစ်ပါတယ်။ အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို ရည်ရွယ်ချက်လေးရပ်နဲ့အညီ ကျင်းပတာဖြစ်ပါတယ်။ ဒီပြိုင်ပွဲကို ၁၉၉၃ ခုနှစ်ကနေ နှစ်စဉ်ကျင်းပလာခဲ့တာ အခုဆိုရင် နှစ်ပေါင်း ၃၁ နှစ်ရှိခဲ့ပါပြီ။ ၂၀၁၆ ခုနှစ် (၂၂)ကြိမ်မြောက် နောက်ဆုံးကျင်းပခဲ့ပြီး ငါးနှစ်တာရပ်နားခဲ့ပါတယ်။ အခုနိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီလက်ထက်မှာ ၂၀၂၂ ခုနှစ် (၂၃)ကြိမ်မြောက်အဖြစ် စတင်ကျင်းပခဲ့တာ အခု ၂၀၂၄ ခုနှစ်မှာ(၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကိုရောက်ရှိနေပြီဖြစ်ပါတယ်။

၂၀၂၄ ခုနှစ် (၂၅)ကြိမ်မြောက်ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို အောက်တိုဘာလ ၁၄ ရက်မှာ စတင်ဖွင့်လှစ်ပါတယ်။ ဖွင့်ပွဲအခမ်းအနားကို အပိုင်းနှစ်ပိုင်းနဲ့ကျင်းပခဲ့ပါတယ်။ ခန်းမထဲ အဝင်လှျောက်လမ်းမှာ အမျိုးသားယဉ်ကျေးမှုနဲ့အနုပညာတက္ကသိုလ် နှစ်ခုပူးပေါင်းပြီး ပျူခေတ်၊ ပုဂံခေတ်၊ အင်းဝခေတ်ဆိုတဲ့ ခေတ်သုံးခေတ်ကိုကိုယ်စားပြုတဲ့အကနဲ့ကြိုဆိုခဲ့ပါတယ်။ ဒီနှစ်မှာ ထူးထူးခြားခြားအနေနဲ့ တိုင်းရင်းသားရှစ်မျိုးရဲ့ ရိုးရာတူရိယာ ၄၃ မျိုးနဲ့သံစုံတီးဝိုင်းတီးပြီး ဖွင့်ပွဲအခမ်းအနားကိုစတင်ခဲ့ပါတယ်။ လူမျိုးတစ်ခုချင်းစီရဲ့သီချင်း၊ တူရိယာနဲ့သံစဉ်တွေအလိုက်တိုင်းရင်းသားအားလုံးစုပေါင်းတီးခတ်ဖျော်ဖြေရတာဟာ အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီး တစ်လျှောက်မှာ တစ်ကြိမ်မျှမရှိခဲ့ပါဘူး။ ဒ့ါပြင် တိုင်းရင်းသားတွေရဲ့ တေးဂီတရာဇဝင်မှာ တစ်ခါမှတင်ဆက်ခဲ့ခြင်းမရှိတဲ့ဖျော်ဖြေမှုမျိုးဖြစ်ပါတယ်။ အခုငွေရတုမှာ ထူးထူးခြားခြားမြင်တွေ့ရခြင်းဖြစ်ပါတယ်။




အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးက ကျယ်ကျယ်ပြန့်ပြန့်နဲ့ လုပ်သင့်လုပ်ထိုက်တဲ့ပွဲကြီးတစ်ခုဖြစ်ပါတယ်။ အမျိုးသားယဉ်ကျေးမှု၊ အမျိုးသားသုခုမပညာဆိုတာ ပျောက်ကွယ်ကောင်းတဲ့ကိစ္စရပ်မဟုတ်ပါဘူး။ ကိုယ့်လူမျိုးတွေရဲ့အနုပညာရပ်တိုင်းမှာ သင်ရိုးစစ်နဲ့ခိုင်ခိုင်မာမာရှိပါတယ်။ အနုပညာတိုင်းက စနစ်တကျတိုးတက်ဖွံ့ဖြိုးလာတဲ့ ပညာရပ်တွေဖြစ်တဲ့အတွက် ဆက်လက်ထိန်းသိမ်းပြီး တိုးတက်ပြန့်ပွားအောင် လုပ်ရမယ်ဆိုတဲ့စိတ်ရှိပါတယ်။ ရိုးရာတူရိယာတွေကို ကိုယ့်လူမျိုးစုအတွင်းမှာပဲ အသုံးများတာဖြစ်ပါတယ်။ အများမြင်ကွင်းမှာမြင်ခွင့်ရဖို့ ခဲယဉ်းတဲ့ကိစ္စဖြစ်ပါတယ်။ အခုလိုမျိုးပြိုင်ပွဲမှာ ထည့်သွင်းယှဉ်ပြိုင်ပြီး ချပြလိုက်တဲ့အခါမှာ အားလုံးမြင်ခွင့်ရတဲ့အတွက် တိုင်းရင်းသားအချင်းချင်း တူရိယာတွေပေါင်းစပ်ပြီး အနုပညာအသစ်တွေ တိုးတက်ဖန်တီးနိုင်တယ်ဆိုတဲ့ အတွေးအခေါ်တွေများစွာ ရရှိသွားခဲ့ပါတယ်။ တိုင်းရင်းသားတို့ရဲ့ ရိုးရာတူရိယာတေးဂီတပြိုင်ပွဲကို ထည့်သွင်းယှဉ်ပြိုင်စေတာဟာ အင်မတန်ကောင်းတဲ့ရည်ရွယ်ချက်ဖြစ်ပါတယ်။

ဒီလိုပြိုင်ပွဲတွေကျင်းပပေးတဲ့အတွက် လူငယ်တွေက မဟာဂီတကိုတော်တော်စိတ်ဝင်စားလာကြပါတယ်။ မဟာဂီတက မြန်မာတို့ရဲ့ရိုးရာယဉ်ကျေးမှုဖြစ်ပါတယ်။ မဟာဂီတသီချင်းအပြင် အကအနုပညာတွေကိုလည်း မျိုးဆက်သစ်တွေကို လက်ဆင့်ကမ်းနိုင်ပါတယ်။ လွန်ခဲ့တဲ့ ၂၅ နှစ်တာယှဉ်ပြိုင်ခဲ့တဲ့ ပြိုင်ပွဲဝင်တွေဟာ အခုဆိုရင်အနုပညာလမ်းကြောင်းပေါ်ကို ပညာရှင်အဆင့်တွေနဲ့ရပ်တည်နေကြပါပြီ။ ဒါဟာထင်သာမြင်သာရှိတဲ့ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲရဲ့ အသီးအပွင့်တွေကိုမြင်ရတာပဲဖြစ်ပါတယ်။နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းစဉ်တွေမှာ အမျိုးသားယဉ်ကျေးမှုအခန်းကဏ္ဍကနေ တစ်တပ်တစ်အားပါဝင်နိုင်ဖို့အတွက် နိုင်ငံသူ၊ နိုင်ငံသားတွေပူးပေါင်းဆောင်ရွက်ကြရမှာဖြစ်ပါတယ်။

ဒီနှစ်မှာတော့ ပြိုင်ပွဲဝင်အရေအတွက်များပြားလာသလို ပြိုင်ပွဲဝင်တွေရဲ့ ကြိုးစားမှုဟာလည်း အမှတ်ပေးဒိုင်တွေအတွက် ရွေးချယ်ဖို့ခက်ခဲအောင်တော်ကြတယ်လို့သိရပါတယ်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီလက်ထက်မှာ စတင်ကျင်းပခဲ့တဲ့(၂၃)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊အက၊အရေး၊အတီး(ဗဟိုအဆင့်)ပြိုင်ပွဲမှာ ပြိုင်ပွဲဝင်ဦးရေ ၁၈၃၈ ဦး၊ (၂၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး(ဗဟိုအဆင့်) ပြိုင်ပွဲမှာ ပြိုင်ပွဲဝင် ၂၃၀၆ ဦးနဲ့ ယခု ၂၀၂၄ ခုနှစ်(၂၅)ကြိမ်မြောက်ငွေတုရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး(ဗဟိုအဆင့်)ပြိုင်ပွဲမှာပြိုင်ပွဲဝင် ၂၅၈၄ ဦး ပါဝင်ယှဉ်ပြိုင်ကြပါတယ်။

မဟာဂီတအဆိုပြိုင်ပွဲ အကဲဖြတ်အမှတ်ပေးရာမှာ အမှတ်ပေးစည်းမျဉ်းငါးရပ်ရှိပါတယ်။ မူရင်းအတိုင်းသီဆိုနိုင်ရမယ်။ ဆိုနည်းဆိုဟန်၊ အဆိုနည်းစနစ်မှန်ကန်ရမယ်။ စည်းဝါးကို ကိုယ်တိုင်တီးခတ်ပြီး သီဆိုရမယ်။ သီဆိုနေချိန်မှာ နားထောင်တဲ့ ပရိသတ်ရဲ့ရင်ထဲမှာ ခံစားမှုဖြစ်ရမယ်။ ပင်ကိုသံကဘယ်လိုရှိသလဲ။ ဒီအချက်တွေကိုအခြေခံပြီး အမှတ်ပေးရမှာဖြစ်ပါတယ်။ အခုလိုပြိုင်ပွဲကြီးကျင်းပပေးတဲ့အတွက် လူငယ်တွေဟာမိမိတို့ရဲ့ရိုးရာယဉ်ကျေးမှုကို စိတ်ဝင်စားလာတဲ့အခါ နိုင်ငံခြားတေးဂီတတွေကိုကာကွယ်နိုင်မှာဖြစ်ပါတယ်။ မိမိတို့ဂီတကိုချစ်မြတ်နိုးရင် အခြားနိုင်ငံကဂီတတွေဝင်ရောက်လာမှု လျော့နည်းသွားမယ်။ ဒီလိုပြိုင်ပွဲကြီးရှိနေတဲ့အတွက် မျိုးဆက်သစ်တွေက မြန်မာ့ရိုးရာယဉ်ကျေးမှုတွေကို ပိုပြီးသိရှိသွားမယ်။ ရိုးရာဂီတကိုလည်း အလိုလိုထိန်းသိမ်းရာလည်းရောက်ပါတယ်။

ခေတ်ဟောင်းကာလပေါ်အဆိုပြိုင်ပွဲမှာအမှတ်ပေးရာမှာတော့ ပင်ကိုအသံကောင်းရမယ်။ မူရင်းကို တူအောင်ဆိုရမယ်။ စာသားအနေအထား၊ စည်းဝါးမှန်ကန်မှု၊ သီချင်းရဲ့ရသကို ပေါ်လွင်အောင် သီဆိုနိုင်ခြင်းတွေကိုကြည့်ပြီး အမှတ်ပေးပါတယ်။ အနယ်နယ်အရပ်ရပ်ကနေ ဒီပြိုင်ပွဲကို လာရောက်ယှဉ်ပြိုင်ကြတာဖြစ်လို့ လူငယ်တွေရဲ့ကြိုးစားမှုက အားရစရာကောင်းလှပါတယ်။ မြန်မာတို့ရဲ့ အမျိုးသားယဉ်ကျေးမှုတစ်ရပ်ဖြစ်တဲ့ အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို ကျင်းပတဲ့အခါ တိုင်းရင်းသားပေါင်းစုံ ပြိုင်ပွဲဝင်လာနေတာတွေ့ရပါတယ်။ တတ်ကျွမ်းတဲ့ဆရာ၊ ဆရာမတွေက ထိထိမိမိနဲ့ ပိုပြီးသင်ကြားပေးမယ်ဆိုရင် နောက်ထပ်လည်း ရွှက်ပုန်းသီးတွေအများကြီးပေါ်ထွန်းလာနိုင်ပါတယ်။

အကပြိုင်ပွဲအတွက် အကရဲ့စည်းမျဉ်းစည်းကမ်းမှာ အဝတ်အစားဆိုရင် သပ်သပ်ရပ်ရပ်၊ ခိုင်ခိုင်မြဲမြဲရှိရမယ်။ တီးလုံး တီးကွက်နဲ့ ကကြိုးနဲ့လိုက်ဖက်အောင် ကနိုင်ရမယ်။ မျက်နှာအမူအရာလည်း ပါပါတယ်။ မိန်းမဆိုရင် မိန်းမအကဖြစ်ရမယ်။ ယောကျ်ားဆိုရင်ယောကျ်ားအကဖြစ်ရမယ်။ အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကျင်းပတဲ့အတွက် ရလဒ်ကောင်းတွေလည်းရပါတယ်။ တိုင်းရင်းသားအချင်းချင်းရင်းနှီးပြီး ချစ်ခင်ရတဲ့ရလဒ်က တန်ဖိုးတော်တော်ကြီးပါတယ်။ နောင်လာမယ့် မျိုးဆက်သစ်တွေအနေနဲ့ မြန်မာ့ယဉ်ကျေးမှုကို တန်ဖိုးထား၊ အလေးထား၊ ထိန်းသိမ်းကြမယ်ဆိုရင် ပိုမိုထွန်းပြောင်လာဖို့ပဲရှိပါတယ်။ မြန်မာအကဟာ ခေါင်း၊ ခါး၊ ခြေ၊ လက် အချိုးအဆစ်ညီညာစွာ ငြိမ့်ညောင်းတဲ့ ကကွက်များဖြစ်ပါတယ်။ မြိုင်မြိုင်ဆိုင်ဆိုင် လှလှပပကကွက်များက မြင်ရသူကိုကြည်နူးစေပါတယ်။

အဆို၊ အက၊ အတီးတို့ကတော့ ရှိပြီးသားသီချင်းတွေကိုဆိုရ၊ ကရ၊ တီးရတာဖြစ်လို့ ကူးရတဲ့အနေအထားလို့ပြောရင်ရပါတယ်၊ အရေးကဏ္ဍကျတော့ အဲဒါတွေနဲ့ မတူဘူး။ ရှစ်စည်းရှစ်ဝါးစနစ်ရှိပါတယ်။ အဲဒီဖွဲ့စည်းပုံအတိုင်း သီချင်းကိုရေးရမှာဖြစ်ပါတယ်။ တကယ်တမ်း စပ်ထုံးစပ်နည်းနဲ့ရေးရမှာဖြစ်ပါတယ်။ ရှေးပညာရှင်ကြီးတွေသတ်မှတ်ခဲ့တဲ့ သီချင်းရေးနည်း စပ်ထုံးစပ်နည်းကရှိပြီးသားပါ။ နိုင်ငံတော်အဆင့် မြန်မာ့ရိုးရာယဉ်ကျေးမှုပြိုင်ပွဲဆိုတော့ ရှေးပညာရှင်ကြီးတွေသတ်မှတ်ခဲ့တဲ့ စပ်ထုံးစပ်နည်းအတိုင်းရေးမှ မြန်မာ့သီချင်းရေးနည်းအစစ်အမှန်ဖြစ်မှာပါ။ အရေးမှာ စည်းဝါးကိုက်ရမယ်၊ စာသားကောင်းမွန်ရမယ်။ အကြောင်းအရာညီညွတ်ရမယ်။ အရေးဘာသာရပ်အနေနဲ့ ဒီအတိုင်းပဲ စည်းဝါးလေးမိရုံနဲ့၊ စာသားကောင်းမွန်ရုံနဲ့ပြီးတာမဟုတ်ပါဘူး။

အရေးသမားက အဆိုအတွက်ရေးရတာဖြစ်သလို အဆိုသမားကလည်း အတီးကိုအားကိုးရတယ်။ အရေးသမားက အဆိုသဘောကိုလည်းနားလည်ရမယ်။ အတီးလည်းတတ်ကျွမ်းသင့်သလောက် တတ်ကျွမ်းမှ ကောင်းတယ်။ တချို့က သီချင်းလေးရေးရုံ၊ အသံလေးထည့်ရုံနဲ့ ဆိုရင်တော့ သီချင်းမည်ကာမတ္တပဲရှိမယ်။ သီချင်းဖွဲ့စည်းပုံအတိုင်း စနစ်တကျနဲ့ စည်းဝါးကျနမှန်ကန်ဖို့တည်ဆောက်တာတွေကအစ ရှေးဆရာကြီးတွေဖြစ်တဲ့ မြဝတီမင်းကြီးဦးစ၊ နန်းတော်ရှေ့ဆရာတင့်၊ ဆရာရွှေတိုင်ညွန့်၊ ဆရာမြို့မငြိမ်းတို့ ရေးတဲ့ သီချင်းရေးနည်းစနစ်တွေက စပြီးလေ့လာဖို့ အများကြီးလိုပါသေးတယ်။

“အခုခေတ်လူငယ်တွေရေးနေတာကတော့စည်းဝါးကိုက်မယ်။ အသံတေးသွားလှမယ်။ ဒီလောက်နဲ့ပဲကျေနပ်နေရတာပါ။ တကယ်တမ်းကျတော့ စပ်ထုံးစပ်နည်းမှန်ကန်ပြီး ရှစ်စည်းရှစ်ဝါးစနစ်နဲ့ ရှေးကရိုးရာယဉ်ကျေးမှုက ဒီအတိုင်းထားခဲ့တာဆိုရင် ဒီအတိုင်းကိုပြိုင်ရမှာပါ။ အဲဒီလိုဖြစ်ဖို့ ဆွဲခေါ်နေတုန်းပဲရှိသေးတာပေါ့။ နိုင်ငံတော်က အဆို၊အက၊အရေး၊ အတီးပြိုင်ပွဲကြီးကို တည်တံ့အောင်လုပ်သလို ပညာရှင်တွေကလည်း တည်တံ့အောင်လုပ်ရပါမယ်။ ပြိုင်ပွဲဝင်တွေအနေနဲ့ ပွဲပြီးမီးသေလုပ်လို့မရဘူး။ နောက်နှစ်တွေအတွက် ဆက်လက်ကြိုးစားရပါမယ်” လို့အရေးပြိုင်ပွဲ အကဲဖြတ်ဥက္ကဋ္ဌဖြစ်သူ အလင်္ကာကျော်စွာ ဒေါက်တာ ဦးမောင်မောင်လတ်ရဲ့ပြောကြားချက်အရ သိရှိရပါတယ်။

သီချင်းရေးဆရာတစ်ယောက်ဖြစ်ဖို့ဆိုရင် ရေးချင်တဲ့ဝါသနာပြင်းထန်ဖို့လိုပါတယ်။ ကဗျာလင်္ကာကိုလည်း ထိုက်သင့်သလောက်တတ်ကျွမ်းရပါမယ်။ သီချင်းမှာကာရန်ပါသလို ကဗျာမှာလည်းကာရန်ပါပါတယ်။ ကဗျာကာရန်ရဲ့အခြေခံကိုနားလည်မယ်ဆိုရင် သီချင်းရေးတာမှာ အခက်အခဲမရှိရေးနိုင်မယ်။ စာပေနှံ့စပ်မှုရှိမှ ရေးရမယ့်သီချင်းရဲ့ ဦးတည်ချက်ကဘာလဲဆိုတာသိမယ်။ လူတွေရဲ့စိတ်ဓာတ်တက်ကြွစေမယ့်သီချင်းမျိုးရေးမယ်ဆိုရင် ဝီရရသမြောက်တဲ့စကားလုံးအသုံးအနှုန်းတွေလိုအပ်သလို ချစ်ခြင်းမေတ္တာကိုဖော်ကျူးတဲ့သီချင်းမျိုးဆိုရင် အချစ်နဲ့ပတ်သက်တဲ့စကားလုံးတွေ အနုအရွလေးတွေသုံးဖို့လိုအပ်ပါတယ်။ ဒ့ါကြောင့် စာပေ၊ ကဗျာ၊ ပျို့၊ အလင်္ကာဆိုတဲ့အတိုင်း ကဗျာတို့၊ စာပေတို့၊ သီချင်းတို့ ဆက်စပ်နေတာဖြစ်လို့ စာပေမှာရသကိုးပါး၊ ဂုဏ်ဆယ်ပါးရှိသလိုပဲ တေးသီချင်းမှာလည်း ရသတွေ၊ ဂုဏ်တွေမြောက်ဖို့လိုပါတယ်။

တေးရေးတဲ့နေရာမှာ ဥပမာအားဖြင့် ပေးထားတဲ့ခေါင်းစဉ်တွေက ဇာတိပုညဂုဏ်မာန၊ ထိန်းသိမ်းစို့လေ ရိုးရာအမွေ၊ ဗလငါးတန်နဲ့ပတ်သက်တဲ့သီချင်းခေါင်းစဉ်တွေပေးထားမယ်ဆိုပါက ခေါင်းစဉ်နဲ့ လိုက်လျောညီထွေဖြစ်တဲ့ ဇာတိပုညဂုဏ်မာနဆိုတာကတော့ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ဖို့၊ ကိုယ့်လူမျိုး ကိုယ့်နိုင်ငံကို ချစ်မြတ်နိုးဖို့ သီချင်းစာသားထဲမှာ အားမာန်ပါတဲ့စကားလုံးတွေပါဖို့ လိုပါတယ်။ **စာမျက်နှာ ၁၄ သို့** ■

**✿ တိုင်းရင်းသားရှစ်မျိုးရဲ့ ရိုးရာတူရိယာ ၄၃ မျိုးနဲ့ သံစုံတီးဝိုင်းတီးပြီး ဖွင့်ပွဲအခမ်းအနားကိုစတင်ခဲ့. . .**

**✿ တိုင်းရင်းသားအားလုံးရဲ့ယဉ်ကျေးမှုတွေဖော်ထုတ်နိုင်ခြင်းက တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို အနုပညာအရ ခိုင်မာစေမှာဖြစ်. . .**

**✿ ယဉ်ကျေးမှုတွေကိုအပြန်အလှန်တန်ဖိုးထားကြ၊ ထိန်းသိမ်းကြမယ်ဆိုတဲ့အသိကိုလည်းရရှိစေ. . .**

■ **စာမျက်နှာ ၁၃ မှအဆက်**

အဲဒီမှာအချစ်သီချင်းရေးသလို ဖွဲ့နွဲ့နေလို့ရှိရင် ခေါင်းစဉ်နဲ့စာသားကိုက်ညီမှုမရှိဖြစ်နေပါလိမ့်မယ်။ တေးရေးနဲ့ပတ်သက်လို့ပြောရမယ်ဆိုရင် တေးရေးဆိုတာ ခေတ်အဆက်ဆက် သမိုင်းအဆက်ဆက်မှာ နိုင်ငံတော်ကို အထောက်အကူပြုတဲ့ သီချင်းတွေ အများကြီးပေါ်ပေါက်ခဲ့ပါတယ်။ ဒီသီချင်းတွေ နိုင်ငံသူ၊ နိုင်ငံသားတွေ စည်းလုံးညီညွတ်ရေး၊ တစ်ဦးပေါ်တစ်ဦးယုံကြည်မှု၊ ငြိမ်းချမ်းမှု၊ ချစ်ကြည်မှု၊ လက်တွဲနေထိုင်မှုတွေအပေါ် အများကြီး အထောက်အကူပြုမှာဖြစ်တဲ့အတွက် ဒီလိုပြိုင်ပွဲတွေ ပြုလုပ်ခြင်းအားဖြင့် မြန်မာ့ရိုးရာယဉ်ကျေးမှုကို ထိန်းသိမ်းစောင့်ရှောက်ခြင်းဖြစ်သလို နိုင်ငံသူ၊ နိုင်ငံသားတွေရဲ့ အနုပညာချစ်မြတ်နိုးမှုအပေါ်မူတည်ပြီး တိုင်းရင်းသားစည်းလုံးညီညွတ်မှုကိုလည်း အထောက်အကူပြုနိုင်မှာဖြစ်တဲ့အတွက် အင်မတန်မှအရေးကြီးပါတယ်။

အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွေကို နှစ်စဉ်မပျက် ကျင်းပပေးသင့်ပါတယ်။ ဒါမှလည်း မြန်မာ့ရိုးရာဆိုတဲ့ဆိုင်းပညာမပျောက်ကွယ်သွားရေး၊ တိုးတက်မြင့်မားရေးဖြစ်တဲ့အတွက် မျိုးဆက်သစ်တွေကို လက်ဆင့်ကမ်းအမွေပေးနိုင်မှာဖြစ်ပါတယ်။ အခုလိုပြိုင်ပွဲတွေမရှိရင် ဆိုင်းပညာရဲ့ တန်ဖိုးဆိုတာကိုသိရှိသူနည်းပြီး လက်ဆင့်ကမ်းသယ်ယူမှု ပြတ်တောက်သွားနိုင်ပါတယ်။ အခုလိုပြိုင်ပွဲတွေကျင်းပပေးတဲ့ နိုင်ငံတော်အစိုးရရဲ့တာဝန်ရှိသူတွေကိုကျေးဇူးတင်ပါတယ်။ ဆိုင်းအဖွဲ့လိုက် အတီးပြိုင်ပွဲမှာ ပြိုင်ပွဲဝင်ရှစ်ယောက်ပါပါတယ်။ သတ်မှတ်ထားတာတွေကတော့ ဆရာကြီးတွေရဲ့ သီချင်းတစ်ပုဒ်ပါရမယ်။ မဟာဂီတထဲက သီချင်းကြီးတစ်ပုဒ်ပါရမယ်။ တိုင်းကျိုးပြည်ပြုသီချင်းပါရမယ်။ ပြိုင်ပွဲဝင်ချိန်ကမိနစ် ၃၀ ဖြစ်ပါတယ်။

ဒီနှစ်မှာတော့ထူးထူးခြားခြားတိုင်းရင်းသားအားလုံးပိုမိုပူးပေါင်းလုပ်ရတဲ့ပြိုင်ပွဲတွေကိုမြင်ရတယ်။ တိုင်းရင်းသားတူရိယာအစုံနဲ့ တီးခတ်တဲ့ဖွင့်ပွဲအခမ်းအနားဖျော်ဖြေမှုတွေ၊ ချင်းရိုးရာအကယှဉ်ပြိုင်မှု၊ တိုင်းရင်းသားရိုးရာတူရိယာတွေနဲ့ယှဉ်ပြိုင်မှုနဲ့တိုင်းရင်းသားရိုးရာ၊ ကျေးလက်ရိုးရာအကယှဉ်ပြိုင်မှုတွေရှိပါတယ်။ အခုလိုတိုင်းရင်းသားအားလုံးရဲ့ယဉ်ကျေးမှုတွေဖော်ထုတ်နိုင်ခြင်းက တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို အနုပညာအရ ခိုင်မာစေမှာဖြစ်ပါတယ်။ ယဉ်ကျေးမှုတွေကိုအပြန်အလှန်တန်ဖိုးထားကြမယ်။ ထိန်းသိမ်းကြမယ်ဆိုတဲ့ အသိကိုလည်း ရရှိစေပါတယ်။

မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးက မျိုးဆက်သစ်တွေအတွက် ပြိုင်စရာစင်မြင့်ဆိုတာထက်ပိုပါတယ်။ အနာဂတ်ဘဝရပ်တည်မှုအတွက်ပါ အများကြီးအထောက်အပံ့ဖြစ်စေပါတယ်။ အဆိုပွဲတွေမှာသီဆိုခွင့်ရလာသလို အများနဲ့ယှဉ်ရင်အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဝင်တစ်ယောက်၊ ရွှေတံဆိပ်ဆုရှင်တစ်ယောက်ဆိုတဲ့လေးစားမှုနဲ့ အားပေးမှုကိုပါရရှိစေသလို ပိုပြီးလည်း ကြိုးစားဖို့ တွန်းအားတစ်ရပ်ဖြစ်စေပါတယ်။ ကဗျာလွတ်အကဆိုတာ မြန်မာအကရဲ့အခြေခံဖြစ်ပြီး ခွင်ထိုင်ရတာကိုကတအားပင်ပန်းပါတယ်။ ဒါပေမဲ့ အကရဲ့ အကျိုးကျေးဇူးတွေကအများကြီးပါပဲ။ မြန်မာအကက ကြည့်ရတာကိုကျက်သရေရှိသလို ကျန်းမာရေးအတွက်လည်း ခန္ဓာကိုယ်သွယ်လျစေတယ်။ လှုပ်ရှားနေရလို့ လေ့ကျင့်ခန်းလုပ်နေရသလိုဖြစ်တာမို့ အမျိုးသမီးတိုင်းလည်း ယဉ်ကျေးမှုကိုထိန်းသိမ်းရာရောက်စေသလို ခန္ဓာကိုယ်ကြံ့ခိုင်စေလို့ မြန်မာအကကို အမျိုးသား၊ အမျိုးသမီးအားလုံးသင်ယူသင့်ပါတယ်။

ယခုနှစ်မှာ ဇာတ်တော်ကြီးပြိုင်ပွဲအဖြစ် မဟာဇနကဇာတ်တော်ကြီးကို တီးလုံးတီးချက်အကအလှများနှင့်အတူ မြန်မာ့ဇာတ်သဘင် ဇာတ်စာ၊ ဇာတ်စကား၊ ဆို၊ ငို၊ ပြောပညာရပ်များနဲ့ပေါင်းစပ်ပြီးယှဉ်ပြိုင်ကြရတာဖြစ်ပါတယ်။ မြန်မာနိုင်ငံဟာလွတ်လပ်ရေးဆုံးရှုံးခဲ့ဖူးပေမယ့်ယဉ်ကျေးမှုမဆုံးရှုံးအောင် ထိန်းသိမ်းနိုင်ခဲ့ပါတယ်။ အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကျင်းပတယ်ဆိုတာ လုပ်သင့်လုပ်ထိုက်တဲ့ပွဲဖြစ်ပါတယ်။ လူငယ်တွေရဲ့ နှလုံးသားထဲ၊ မျက်စိထဲ၊ နားထဲမှာစွဲမြဲနေစေဖို့အတွက် အခုလိုပြိုင်ပွဲကျင်းပပေးတာဖြစ်ပါတယ်။ (၂၅)ကြိမ်မြောက်ရှိပြီဖြစ်လို့ ပေါ်ထွက်လာတဲ့ မျိုးဆက်သစ်လူငယ်တွေလည်း အများကြီးရှိနေပါပြီ။ ပြည်သူချစ်တဲ့ အနုပညာရှင်တွေအဖြစ် ရပ်တည်နေတာကိုလည်းမြင်တွေ့ရပါပြီ။

အခုလိုမျိုး မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးတွေသာမကျင်းပဘူးဆိုရင် မြန်မာ့ယဉ်ကျေးမှုအနုပညာတွေက တိမ်ကောသွားနိုင်ပါတယ်။ ပြိုင်ပွဲကျင်းပပေးတဲ့အတွက် မိမိတို့တတ်ထားတဲ့ပညာရပ်တွေကို ပြသခွင့်ရရှိတယ်။ ကြိုးစားခွင့်ရရှိတယ်။ နိုင်ငံတော်အစိုးရအနေနဲ့ အမြော်အမြင်အလွန်ကြီးမားစွာ ဆောင်ရွက်ပေးတဲ့အတွက် မျိုးဆက်သစ်အနုပညာရှင်တွေအားလုံး ဝမ်းမြောက်ဝမ်းသာဖြစ်ကြရပါတယ်။ ပညာရှင်လူကြီးတွေက သေသေချာချာ လေ့ကျင့်သင်ကြားမြေတောင်မြှောက်ပေးတဲ့အတွက် အခုလိုမျိုးပြိုင်ပွဲဝင်တွေ အများကြီးပေါ်ထွက်လာတာဖြစ်ပါတယ်။

ယခုပြိုင်ပွဲကြီးဟာ အနုပညာဆိုင်ရာပြိုင်ပွဲတစ်ခုဖြစ်တဲ့အပြင် တိုင်းရင်းသားညီအစ်ကိုမောင်နှမများရဲ့ ရင်းနှီးချစ်ကြည်မှုကိုအခြေခံပြီး ရိုးရာယဉ်ကျေးမှုဓလေ့ထုံးစံတွေကို ဖော်ထုတ်ထိန်းသိမ်းတဲ့ပွဲ၊ မျိုးဆက်ဟောင်းအနုပညာရှင်ကြီးများနဲ့ မျိုးဆက်သစ်အနုပညာရှင် မောင်နှမများပေါင်းကူးယှက်နွယ်သည့် ပွဲ၊ တစ်နည်းအားဖြင့်ဆိုရင် တိုင်းရင်းသားညီအစ်ကိုများယဉ်ကျေးမှုပေါင်းစည်းသည့်ပွဲလည်းဖြစ်ပါတယ်။ ယဉ်ကျေးတဲ့စိတ်ဟာ ချမ်းသာခြင်းကိုဆောင်ရွက်နိုင်၏ ဆိုတဲ့အဆိုအမိန်နဲ့အညီ ယဉ်ကျေးသိမ်မွေ့တဲ့စိတ်နဲ့ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနဲ့ တည်ငြိမ်အေးချမ်းရေးတို့အတွက် အမျိုးသားယဉ်ကျေးမှုအခန်းကဏ္ဍမှ တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်မှာဖြစ်ပါတယ်။ ယဉ်ကျေးမှုကိုထိန်းသိမ်းကာကွယ်စောင့်ရှောက်မယ့် အမျိုးကောင်းသား၊ အမျိုးကောင်းသမီးတွေ၊ လူငယ်မျိုးဆက်သစ်တွေ၊ ရွက်ပုန်းသီးပညာရှင်တွေပေါ်ထွန်းလာမှာဖြစ်ပါတယ်။

အနှစ်ချုပ်ရမယ်ဆိုရင်တော့ မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများဟာ သုခုမအနုပညာကိုလေ့လာလိုက်စားသူ ဝါသနာရှင်တွေ၊ ပညာရှင်တွေအတွက်ဖြစ်သလို တိုင်းရင်းသား ညီအစ်ကိုမောင်နှမများအကြား အနုပညာဖြင့် ပေါင်းကူးဆက်နွယ်ပေးတဲ့ပွဲကြီးဖြစ်ပါကြောင်းဂုဏ်ပြုရေးသားလိုက်ပါတယ်။ ။


# ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့်သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်းဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဌက္ကဌရုံး (နေပြည်တော်)
 (၁) ၀၆၇- ၃၄၀၄၉၁၁၊ ၀၆၇- ၃၄၀၄၉၂၂၊ ၀၆၇- ၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
 (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
 (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
 (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
 (၁) ၀၇၁- ၂၀၃၂၀၉၁၊ ၀၇၁- ၂၀၃၂၀၉၂
 (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS)၀၉- ၂၅၅၀၀၂၅၀၇

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
 (၁) ၀၅၉- ၂၀၂၄၀၃၇၊ ၀၅၉- ၂၀၂၄၀၃၈
 (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
 (၁) ၀၅၂- ၂၂၀၁၉၃၉၊ ၀၅၂- ၂၂၀၁၉၄၉
 (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၉

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
 (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃- ၂၀၂၈၈၇၉
 (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၀

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
 (၁) ၀၂- ၄၀၂၁၂၄၅၊ ၀၂- ၄၀၂၁၂၄၆
 (၂) မိုဘိုင်းဖုန်းမှစာတိုပို့ဝန်ဆောင်မှု(SMS) ၀၉- ၂၅၅၀၀၂၅၁၁

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
 (၁) ၀၅၇ - ၂၀၂၇၉၃၅၊ ၀၅၇- ၂၀၂၇၉၃၆
 (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၂

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
 (၁) ၀၉- ၂၅၅၀၀၂၅၁၇၊ ၀၉- ၂၅၅၀၀၂၅၁၈
 (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၃

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
 (၁) ၀၁- ၈၃၀၀၀၁၆၊ ၀၁- ၈၃၀၀၀၁၇
 (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၄

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
 (၁) ၀၈၁- ၂၁၂၄၅၄၀၊ ၀၈၁- ၂၁၂၄၉၉၅
 (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS)၀၉- ၂၅၅၀၀၂၅၁၅

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
 (၁) ၀၄၂- ၂၀၂၅၉၉၃၊ ၀၄၂- ၂၀၂၅၉၉၄
 (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၆

၂။ စုံစမ်းမေးမြန်းခြင်း၊ သတင်းပို့ခြင်းမဟုတ်ဘဲ အနှောင့်အယှက်ပေးဆက်သွယ်လာသည့်တယ်လီဖုန်းနံပါတ်များကို မှတ်တမ်းတင်ကာ ယင်းဖုန်းဆင်းကတ်များကို ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

# ရန်ကုန်မြို့ ပြည်သူ့ရင်ပြင်၌ MSME ထုတ်ကုန် သီတင်းကျွတ် ဈေးရောင်းပွဲတော်နှင့်ဂီတပွဲတော်တွင် နေ့စဉ်ပြည်သူသုံးသိန်းကျော်ပါဝင်ဆင်နွှဲ




ရန်ကုန် အောက်တိုဘာ ၁၈

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ် ပြည်သူ့ရင်ပြင်၌ MSME ထုတ်ကုန်သီတင်းကျွတ်ဈေးရောင်းပွဲတော်နှင့် ဂီတပွဲတော်ကို အောက်တိုဘာလ ၁၆ ရက်မှ ၁၈ ရက်အထိနေ့စဉ်နံနက်၈ နာရီမှည ၁၀ နာရီအထိ ကျင်းပလျက်ရှိရာ နေ့စဉ် ပြည်သူသုံးသိန်းကျော်ပါဝင်ဆင်နွှဲကြောင်းသိရသည်။

အဆိုပါဈေးရောင်းပွဲတော်တွင် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ထုတ်ကုန်ပစ္စည်းများရောင်းချသည့် ဆိုင်ခန်းများ၊ ကျောင်းသားလူငယ်များ စာဖတ်ရှိန်မြင့်မားစေရေးအတွက် စာအုပ်အရောင်းဆိုင်များနှင့် စားသောက်ဆိုင်ခန်းများ အပါအဝင် ဆိုင်ခန်းပေါင်း ၄၈၃ ခန်းနှင့် အထူးအစီအစဉ်အဖြစ် Mobile Car များနှင့် ဆန်၊ ဆီ၊ ကြက်ဥနှင့် ဟင်းသီးဟင်းရွက်များ၊ အခြေခံစားကုန်များကို ဈေးနှုန်းချိုသာစွာ ရောင်းချပေးလျက်ရှိသည်။

ယင်းသို့ ဈေးနှုန်းချိုသာစွာရောင်းချပေးခြင်းကို ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ကြီးကြပ်မှုဖြင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိစက်မှုဇုန်များ၊ MSME လုပ်ငန်းရှင်များ၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၊ သမဝါယမဦးစီးဌာန၊ တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI)၊ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၊ မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းတို့မှ ပူးပေါင်းဆောင်ရွက်ပေးထားခြင်းဖြစ်သည်။

ထို့ပြင် ရုပ်ရှင်၊ သဘင်၊ ဂီတနယ်ပယ်မှ ကျော်ကြားသော အနုပညာရှင်များ၏ ဖျော်ဖြေတင်ဆက်မှုများနှင့် ပွဲတော်လာပြည်သူများ သွားလာရေးအဆင်ပြေလွယ်ကူစေရန် YBS ယာဉ်များဖြင့် အကြို/အပို့ ကားများကိုပါ စီစဉ်ဆောင်ရွက်ထားရှိကြောင်းသိရသည်။

လင်းခန့်

# (၁၀၄)ကြိမ်မြောက် ပျဉ်းမနားမြို့နယ်လုံးဆိုင်ရာ နှစ်ကျိုပ်ရှစ်ဆူဗုဒ္ဓရုပ်ပွားတော်များ ဒေသစာရီကြွချီလှည့်လည်ပူဇော်ပွဲကျင်းပ

နေပြည်တော် အောက်တိုဘာ ၁၈

ပြည်ထောင်စုနယ်မြေ နေပြည်တော် ပျဉ်းမနားမြို့ (၁၀၄)ကြိမ်မြောက်မြို့နယ်လုံးဆိုင်ရာနှစ်ကျိုပ်ရှစ်ဆူဗုဒ္ဓရုပ်ပွားတော်များ ဒေသစာရီကြွချီလှည့်လည်ပူဇော်ပွဲဖွင့်ပွဲ အခမ်းအနားကို ယနေ့ညနေပိုင်းတွင် ပျဉ်းမနားမြို့နယ် နှစ်ကျိပ်ရှစ်ဆူမြတ်စွာဘုရားများစံကျောင်းတော် တပ်တွင်းဓမ္မာရုံ၌ ကျင်းပသည်။

အခမ်းအနားသို့ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ နေပြည်တော်ကောင်စီဝင်များ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီဒုတိယမြို့တော်ဝန်၊ ကော်မတီဝင်များနှင့် ဌာနကြီးမှူးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ နေပြည်တော်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ နေပြည်တော် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ (၁၀၄)ကြိမ်မြောက်မြို့နယ်လုံးဆိုင်ရာနှစ်ကျိုပ်ရှစ်ဆူဗုဒ္ဓရုပ်ပွားတော်များ ဒေသစာရီကြွချီပူဇော်ပွဲကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများ၊ ဝတ်အသင်းအဖွဲ့များ၊ အလှူရှင်များနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

အခမ်းအနားတွင်နေပြည်တော်ကောင်စီဥက္ကဋ္ဌက နှစ်ကျိုပ်ရှစ်ဆူဗုဒ္ဓရုပ်ပွားတော်များ ဒေသစာရီကြွချီလှည့်လည်ပူဇော်ပွဲအတွက် နေပြည်တော်ကောင်စီမှ လှူဒါန်းသည့် အလှူငွေကျပ်သိန်း ၃၀ ကိုလည်းကောင်း၊ နေပြည်တော်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များက အလှူငွေကျပ်၁၀ သိန်းကိုလည်းကောင်း ပေးအပ်လှူဒါန်းကြသည်။

ထို့နောက် (၁၀၄)ကြိမ်မြောက် ပျဉ်းမနားမြို့နယ်လုံးဆိုင်ရာနှစ်ကျိုပ်ရှစ်ဆူဗုဒ္ဓရုပ်ပွားတော်များ ဒေသစာရီကြွချီလှည့်လည်ပူဇော်ပွဲဖွင့်ပွဲအခမ်းအနားကို နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီဝင်များ၊ ဒုတိယမြို့တော်ဝန်နှင့် ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး နှစ်ကျိုပ်ရှစ်ဆူဗုဒ္ဓရုပ်ပွားတော်များအား ဖူးမြော်ကြည်ညို၍ အလှူငွေများနှင့်လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းကြသည်။




နေပြည်တော် ပျဉ်းမနားမြို့တွင် သီတင်းကျွတ်လပြည့်ကျော် (၁)ရက်တိုင်း ကျင်းပသည့် နှစ်ကျိုပ်ရှစ်ဆူဗုဒ္ဓရုပ်ပွားတော်များ ဒေသစာရီကြွချီလှည့်လည်ပူဇော်ပွဲသည် နှစ်စဉ် စည်ကားသိုက်မြိုက်စွာ ကျင်းပမြဲဖြစ်ပြီး ရပ်နီး၊ ရပ်ဝေးရှိ ပြည်သူအများမှ လာရောက်ဖူးမြော်ကြည်ညိုကြသူများဖြင့် အထူးစည်ကားလှသည့် ဘာသာရေးပွဲတော်တစ်ခုဖြစ်ကာ မြို့နယ်လုံးဆိုင်ရာ နှစ်ကျိုပ်ရှစ်ဆူဗုဒ္ဓရုပ်ပွားတော်များ ဒေသစာရီကြွချီလှည့်လည်ပူဇော်ပွဲကို ရုပ်ပွားတော်များ ပင့်ဆောင်အပူဇော်ခံမည့်အလှုပြယာဉ်များတွင် ရောင်စုံလျှပ်စစ်မီးများထွန်းညှိပူဇော်ပြီး မြို့နယ်အတွင်း စည်ကားသိုက်မြိုက်စွာ လှည့်လည်အပူဇော်ခံသွားမည်ဖြစ်ကြောင်းသတင်းရရှိသည်။

(သတင်းစဉ်)

**အထူး မိုးလေဝသ သတင်း**

# အောက်တိုဘာလ ၁၉ ရက်မှ ၂၄ ရက်အတွင်း မိုးကြီးခြင်းနှင့် လေပြင်းတိုက်ခတ်ခြင်းများဖြစ်ပေါ်နိုင်


## မြေပြိုမှုအန္တရာယ်နှင့်ရေကြီးရေလျှံမှုများ ကြိုတင်သတိပြုနိုင်ရန် သတိပေးနှိုးဆော်





နေပြည်တော် အောက်တိုဘာ ၁၈

ယနေ့ညနေ ၅ နာရီခွဲအချိန် တိုင်းထွာချက်များအရ ထိုင်းပင်လယ်ကွေ့မှ ရွေ့လျားလာနိုင်သောလေပွေလှိုင်းများ၏ အရှိန်ကြောင့်လည်းကောင်း၊ ကပ္ပလီပင်လယ်ပြင်တွင် ဖြစ်ပေါ်လာနိုင်သော လေဖိအားနည်းဆဲလ်နှင့်ဘင်္ဂလားပင်လယ်အော်တွင် ဖြစ်ပေါ်လာနိုင်သော လေဖိအားနည်းရပ်ဝန်း၏အရှိန်တို့ကြောင့်လည်းကောင်း၊ အပူပြန်တက်တိမ်များဖြစ်ထွန်းမှုအားကောင်းခြင်းကြောင့်လည်းကောင်း အောက်တိုဘာလ ၁၉ ရက်မှ ၂၄ ရက်အတွင်း နေပြည်တော်၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် ဒေသအလိုက် မိုးကြီးခြင်း၊ နေရာကွက်၍ မိုးကြီးခြင်းများနှင့်အတူ လေပြင်းတိုက်ခတ်ခြင်းများ ဖြစ်ပေါ်နိုင်သည်။

သို့ဖြစ်ပါ၍ မိုးသည်းထန်စွာ ရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့်သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် အဆိုပါဒေသများရှိ ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုရှောင်ရှားနိုင်ပါရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေးနှင့် လေကြောင်းပျံသန်းရေးအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။




(မိုး/ဇလ)






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၊ ဇနီး ဒေါ်ကြူကြူလှနှင့်အဖွဲ့ဝင်များ ဝါသနာရှင်အဆင့်(ပထမတန်း) အမျိုးသမီးအကပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်တစ်ဦး ယှဉ်ပြိုင်ကပြဖျော်ဖြေနေမှုကို ကြည့်ရှုအားပေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ ပြိုင်ပွဲအဆင့်အလိုက် အကဲဖြတ်ဆောင်ရွက်ပေးနေသည့် အကဲဖြတ်ပညာရှင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

★ ရှေ့ဖုံးမှအဆက်

အဆိုပါပြိုင်ပွဲများသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့နှင့်အတူ ကောင်စီဝင်များနှင့်ဇနီးများ၊ ပြည်ထောင်စုဝန်ကြီးများနှင့်ဇနီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ အကဲဖြတ်ဒိုင်အဖွဲ့ဝင်များ၊ ကြီးကြပ်အုပ်ချုပ်သူများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ပြိုင်ပွဲဝင်များ၊ တိုင်းရင်းသားညီအစ်ကိုမောင်နှမ

# မန္တလေးမြို့၌ကျင်းပသည့် သီတင်းကျွတ်မီးထွန်းပွဲတော် နောက်ဆုံးရက်တွင် လာရောက်ပါဝင်ဆင်နွှဲကြသူများဖြင့်စည်ကား

**မန္တလေး အောက်တိုဘာ ၁၈**

မန္တလေးမြို့ ကျုံးတောင်ဘက်ခြမ်း၌ ကျင်းပသည့် သီတင်းကျွတ်မီးထွန်းပွဲတော်တွင် ဒေသခံပြည်သူများသာမက အနယ်နယ်အရပ်ရပ်မှ ခရီးသွားများပါလာရောက်ပါဝင်ဆင်နွှဲကြသဖြင့် ယနေ့ပွဲတော်နောက်ဆုံးရက်တွင်လည်း စည်ကားခဲ့ကြောင်း သိရသည်။



အဆိုပါ သီတင်းကျွတ်မီးထွန်းပွဲတော်ကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ကြီးမှူးကာ အောက်တိုဘာလ ၁၆ ရက်မှစ၍ ကျုံးတောင်ဘက်ခြမ်း ၂၆ လမ်းတစ်လျှောက် ၆၆ လမ်းမှ ၇၃ လမ်းအတွင်း ကျင်းပခြင်းဖြစ်ပြီး ဆီမီး ၁၀၀၀၀ ကပ်လှူပူဇော်ပွဲများ၊ ပွဲတော်ကျင်းပရာ လမ်းတစ်လျှောက် ရောင်စုံမီးများထွန်းညှိပြင်ဆင်ထားရှိမှုများနှင့်အတူ နိုင်ငံကျော်အဆိုတော်များပါဝင်သည့် ဖျော်ဖြေရေးအစီအစဉ်များ၊ စတုဒိသာကျွေးမွေးလှူဒါန်းမှုများအပြင် အစားအသောက်များရောင်းချသည့် ဈေးဆိုင်တန်းများပါ ထည့်သွင်းထားပြီး ည ၆ နာရီမှ ၁၀ နာရီအထိ စည်ကားသိုက်မြိုက်စွာကျင်းပခဲ့ရာ သီတင်းကျွတ်လပြည့်နေ့မှစ၍ ယနေ့ပွဲတော်နောက်ဆုံးရက်အထိ ပျော်ရွှင်စွာလာရောက်ပါဝင်ဆင်နွှဲကြသူများဖြင့် စည်ကားခဲ့သည်။

“ရန်ကုန်ကနေ ကလေးတွေကျောင်းပိတ်လို့ မန္တလေးကိုဘုရားဖူးထွက်လာရင်း ဒီပွဲတော်နဲ့ကြုံလို့လာခဲ့တာပါ။ မန္တလေးကျုံးအလှကို ရောင်စုံဆီမီးတွေရဲ့အလှနဲ့ ပေါင်းစပ်ပြီးကြည့်ရတာ သိပ်ကိုလိုက်ဖက်တဲ့ ပန်းချီကားတစ်ချပ်ကိုကြည့်နေရသလိုမျိုး ခံစားရတယ်။ ပွဲတော်ရောက်အမှတ်တရဓာတ်ပုံတွေလည်း ရိုက်ပြီးပါပြီ။ ဈေးဆိုင်တန်းတွေမှာလည်း မန္တလေးဒေသ အစားအစာတွေဝယ်စားပြီးသွားလို့ အခု ကလေးတွေနဲ့ ဖျော်ဖြေရေးမဏ္ဍပ်မှာ သီချင်းသွားနားထောင်မလို့ပါ”ဟု ရန်ကုန်မြို့မှ မိသားစုလိုက် လာရောက်လည်ပတ်သူ ကိုမောင်မောင်မျိုးကပြောသည်။

ထို့အတူ မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ်မှ ပွဲတော်သို့ သူငယ်ချင်းများနှင့်အတူ လာရောက်လည်ပတ်ကြသည့် မရီရီတင့်ကလည်း “၆၆ လမ်းထောင့်မှာရှိတဲ့ စေတီမှာ ဆီမီးတွေပူဇော်ခဲ့ပါတယ်။ မီးရောင်စုံတွေနဲ့အတူ အမှတ်တရဓာတ်ပုံတွေ အားရပါးရရိုက်ခဲ့ကြတယ်။ ကျုံးနဲ့နီးတဲ့ဒီနေရာမှာ မီးထွန်းပွဲတော်ကျင်းပတာ၊ ဓာတ်ပုံရိုက်ရတာအဆင်ပြေလို့ သဘောကျပါတယ်။ အခုဖျော်ဖြေရေးမဏ္ဍပ်မှာ သီချင်းဆိုတာသွားအားပေးတော့မယ်” ဟု ပြောသည်။

သီတင်းကျွတ်ပွဲတော်ကာလသည်ရုံးပိတ်ရက်နှင့် ကျောင်းပိတ်ရက်ရှည်ကာလဖြစ်သည့်အတွက် မန္တလေးမြို့သို့ ဒေသခံပြည်သူများသာမက အနယ်နယ်အရပ်ရပ်မှ ခရီးသွားများပါ လာရောက်လည်ပတ်ကြသဖြင့် မြို့တွင်းရှိ တန်ခိုးကြီးဘုရားများ၊ အထင်ကရ အပန်းဖြေနေရာများတွင် ခရီးသွားများဖြင့် စည်ကားလျက်ရှိသည့်အပြင် ညပိုင်းတွင်လည်း သီတင်းကျွတ်မီးထွန်းပွဲတော်ကျင်းပရာ ကျုံးတောင်ဘက်ခြမ်းသို့ လာရောက်ပါဝင်ဆင်နွှဲကြသဖြင့် နေ့ညမပြတ်စည်ကားခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၊ ဇနီး ဒေါ်ကြူကြူလှနှင့်အဖွဲ့ဝင်များ အခြေခံပညာအဆင့် အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း (အမျိုးသမီး) (ဂီတာ) အတီးပြိုင်ပွဲတွင် ပဲခူးတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်တစ်ဦးယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးစဉ်။

များ၊ အနုသုခုမပညာရပ်ကို ချစ်မြတ်နိုးကြသည့်ပြည်သူများ တက်ရောက်အားပေးကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး၊ အဖွဲ့ဝင်များသည် ဝါသနာရှင်အဆင့်(ပထမတန်း)အမျိုးသမီးပြိုင်ပွဲဝင်များက ခေါင်း၊ ခါး၊ ခြေ၊ လက် အချိုးအဆစ် ညီညာစွာ အသုံးပြု၍ သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ဆိုင်းဝိုင်းအဖွဲ့များ၏ ပံ့ပိုးတီးခတ်မှုနှင့်အတူ အနုသုခုမရသ စုံလင်လှသည့် ဆို၊ ငို၊ ပြော အကအလှများဖြင့် ကကြိုးကကွက်စုံလင်စွာ ယှဉ်ပြိုင်ကပြဖျော်ဖြေနေမှုကို ကြည့်ရှုအားပေးကြသည်။

ယှဉ်ပြိုင်မှုအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီးတို့သည် ပြိုင်ပွဲအဆင့်အလိုက် အကဲဖြတ်ဆောင်ရွက်ပေးနေသည့် အကဲဖြတ်ပညာရှင်များနှင့် ပြိုင်ပွဲဝင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးနှင့်အဖွဲ့ဝင်များသည် မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန(၂) News Briefing Room ၌ကျင်းပသည့် အခြေခံပညာအဆင့် အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း (အမျိုးသမီး)(ဂီတာ)အတီးပြိုင်ပွဲတွင် ပြိုင်ပွဲဝင်များက **"ဝေဘာဂီရိ"(ကြိုး)**သီချင်းအားသီချင်း၏ ရသပေါ်လွင်စေပြီး နားဆင်သူများ နားဝင်ပီယံရှိစေရန် လက်စွမ်းပြတီးခတ်ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးကြသည်။

ယှဉ်ပြိုင်မှုအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီးတို့သည် ပြိုင်ပွဲအဆင့်အလိုက် အကဲဖြတ်ဆောင်ရွက်ပေးနေသည့်အကဲဖြတ်ပညာရှင်များနှင့် ပြိုင်ပွဲဝင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ ပြိုင်ပွဲအဆင့်အလိုက် အကဲဖြတ်ဆောင်ရွက်ပေးနေသည့် အကဲဖြတ်ပညာရှင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

# နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၌ အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်း ၂၃၇၃၇ ဧကစိုက်ပျိုးပြီးစီး

လေရှီး အောက်တိုဘာ ၁၈

စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးချိန်တွင် အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်း ၂၃၇၃၇ ဧကစိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

၂၀၂၄-၂၀၂၅ ခုနှစ် မိုးသီးနှံစိုက်ပျိုးချိန်တွင် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၌ အစေ့ထုတ်ပြောင်းနှင့်ဖူးစားပြောင်း ၂၃၇၄၁ ဧကစိုက်ပျိုးရန်လျာထားပြီး ယခုနှစ် ဇွန်လမှစတင် စိုက်ပျိုးကြရာ ယနေ့အထိ ၂၃၇၃၇ ဧက စိုက်ပျိုးပြီးစီးနေပြီဖြစ်သည်။

မြို့နယ်အလိုက် အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်းသီးနှံစိုက်ပျိုးပြီးစီးမှုအနေဖြင့် လေရှီးမြို့နယ်၌ အစေ့ထုတ်ပြောင်း ၃၁၃ ဧက၊ ဖူးစားပြောင်း ၅၅၈ ဧက၊ ဆွမ္မရာမြို့၌ ဖူးစားပြောင်းဧက ၆၀၊ လဟယ်မြို့နယ်၌ အစေ့ထုတ်ပြောင်း ၁၅၃၄၅ ဧက၊ ဖူးစားပြောင်း ၆၅ ဧက၊ ထန်ပါခွေမြို့၌ အစေ့ထုတ်ပြောင်း ၁၆၀၅ ဧက၊ ဖူးစားပြောင်းဧက ၅၀၊ နန်းယွန်းမြို့နယ်၌ အစေ့ထုတ်ပြောင်းဧက ၇၁၀၊ ဖူးစားပြောင်း ၃၈၅ ဧက၊ ဒုံဟီးမြို့၌ အစေ့ထုတ်ပြောင်း ၆၉၃ ဧက၊ ဖူးစားပြောင်း ၃၂၄၃ ဧကနှင့် ပန်ဆောင်မြို့၌ အစေ့ထုတ်ပြောင်း ၃၇၁ ဧက၊ ဖူးစားပြောင်း ၃၃၉ ဧက စုစုပေါင်း ၂၃၇၃၇ ဧကတို့ဖြစ်ကြောင်း သိရသည်။ (၄၀၉)



# ဆီထွက်သီးနှံ နှမ်း ဧက ၂၀၀၀၀ ကျော် လျာထားစိုက်ပျိုးသွားမည်

မင်းဘူး အောက်တိုဘာ ၁၈

မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့နယ်၌ ၂၀၂၄-၂၀၂၅ ခုနှစ် စိုက်ပျိုးရာသီတွင် ဆီထွက်သီးနှံနှမ်းဧက ၂၀၀၀၀ ကျော်လျာထား စိုက်ပျိုးသွားမည်ဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မင်းဘူး(စကု)မြို့နယ်၌ ဆီထွက်သီးနှံစိုက်ပျိုးမှုအနေဖြင့် နှမ်းဧက ၂၀၀၀၀ ကျော်လျာထားစိုက်ပျိုးသွားမည်ဖြစ်ပြီး ရေများပေးဝေမှုတွင် အိုင်းမဆည်မှ ဧက ၁၅၃၀၀၊ ကမ်းနီ ဆိုလာလျှပ်စစ်စီမံကိန်းမှ ဧက ၃၅၀၊ ကျောက်စံလျှပ်စစ်မြစ်ရေတင်စီမံကိန်းမှ ဧက ၄၀၀ နှင့် မြေအောက်ရေ တူးဖော်စုပ်တင်ခြင်းလုပ်ငန်းမှ ၅၆၅၆ ဧက စိုက်ပျိုးရန်လျာထားသည်။

ထို့ပြင်ကမ်းနီ၊ ကျောက်တန်း၊ ကျောက်စံ၊ စကုတို့အပြင် ဆည်ရေနှင့် မြေအောက်ရေရရှိသည့်နေရာများတွင်လည်း မိုးဦး၊ မိုးလယ်၊ မိုးနှောင်း သုံးရာသီစိုက်ပျိုးနိုင်ပြီး သီးနှံများအောင်မြင်ဖြစ်ထွန်းရေးနှင့် အထွက်နှုန်း တိုးတက်မြင့်မားရေးတို့အတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက တောင်သူများအား သင်တန်းများပေးခြင်း၊ ပူးပေါင်းဆောင်ရွက်လုပ်ကိုင်ပေးခြင်းများဖြင့် အထွက်နှုန်းများ တိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။

ဇေယျာထက်(မင်းဘူး)

MYAWADY IN ENGLISH
www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

# Chairman of State Administration Council Prime Minister Senior General Min Aung Hlaing and wife Daw Kyu Kyu Hla enjoy silver jubilee commemorative 25th Myanmar Traditional Cultural Performing Arts Competitions





Senior General Min Aung Hlaing and wife Daw Kyu Kyu Hla enjoy the dances of the contestants of amateur level (first class) representing Kayin State.



NAY PYI TAW October 18

Chairman of State Administration Council Prime Minister Senior General Min Aung Hlaing and wife Daw Kyu Kyu Hla watched the central level contests of silver jubilee commemorative 25th Myanmar Traditional Cultural Performing Arts Competitions at MICC II this morning.

Present together with the Senior General and wife were SAC members and wives, union ministers and wives, the Nay Pyi Taw Council chair, deputy ministers, judges, managers, contestants from regions and states, national brethren and performing arts fans.

First, the Senior General and wife and party enjoyed the dances of the contestants of amateur level (first class) of regions and states, performed with a variety of aesthetic properties through graceful movement of their hands, legs, waist and head to the accompaniment of Myanmar orchestra.

After the contest, the Senior General and wife cordially greeted the judges and contestants.

Later, the Senior General and wife and party watched the age ten to 15 basic education level (girls) guitar contest at the News Briefing Room of MICC II. Contests were able to play the song **Waybagiri** pleasantly and artistically.

After the contest, Chairman of State Administration Council Prime Minister Senior General Min Aung Hlaing and wife Daw Kyu Kyu Hla cordially greeted the judges and contestants.

100

Senior General Min Aung Hlaing and wife Daw Kyu Kyu Hla enjoy the age 10-15 basic education level (girls) guitar contest representing Mandalay Region.



Senior General Min Aung Hlaing greets judges and contestants.

# Local farmers to grow more than 25,000 acres of sesame in coming cold season



KATHA October 18

According to the statistics of Katha Township Agriculture Department, a plan is underway to grow 25,050 acres of winter sesame in Katha Township of Sagaing Region this year.

Local authorities have earmarked cultivation of 25,050 acres of winter sesame in Katha Township in 2024-2025 season, from October to December.

U Ko Lay, Head of Katha Township Agriculture Department said: "Local administrative authorities planned to grow more than 20,000 acres of winter sesame in coming season. We will provide assistance for local farmers to meet the target cultivation of sesame. Sown acreage of sesame is on the rise year by year. Local farmers prefer to grow sesame in winter more than monsoon."

Officials of the Township Agriculture Department urged local farmers to apply agricultural techniques to expand sown acreage of sesame, and use GAP system and quality strains of crops.

The crops planted in GAP system are higher quality than other ordinary crops, fetching better prices with potential to export them to foreign market. Hence, local farmers can earn increased incomes from their crops.

**SK**

# Seasonal fruit orange trade increase in the local fruit market



TAUNGGYI October 18

The price of seasonal fruit oranges has become fair, and trade has increased in Shan State's Taunggyi fruit market.

At the beginning of the orange harvesting season, which began in September, the price was pretty high, and the supply is adequate.

"Price was high at the beginning of the season. Now, the supply has begun to increase, and the price has begun to fair. As of last month, harvesting has begun. Fruit production was unable to meet the demand last month. But production will be abundant in the next months because winter is the season. The trade has been fine in Taunggyi. We've received orders nationwide such as Yangon, Mandalay, Magway, Myeik, Dawei, Myawady, Tachilek and Thanphyuzayat," said Ma Sandi Tayar, orange retail and wholesale distributor from Taunggyi Township.

Orange is grown across Shan State, including Taunggyi, Yaksawk, Kalaw, and Aungban, and the orange season starts in November and continues through February.

"Orange is a Shan state-produced fruit. It tastes sweeter in winter, and now it is sour," she added.

**SK**

# Over 6,000 applications for fertilizer registration under processing

NAY PYI TAW October 18

The Ministry of Agriculture, Livestock and Irrigation has been screening 6,823 applications to issue fertilizer registration under the approval of the Fertilizer Technology Group.

The Fertilizer Committee holds a quarterly meeting to ensure quality fertilizer for growers. A total of 11,573 registrations have been granted with the approval of the Fertilizer Technology Group after the 41st meeting of the committee.

Additionally, 1,957 registrations were voluntarily cancelled according to individuals' consent. The department revoked 2,793 fertilizer registrations for expiration of validity.

The chair of the committee addressed matters regarding the contribution of agricultural inputs, including fertilizer, towards flood-stricken monsoon paddy fields to remedy the negative impact on crops. The authorities concerned are focusing on technical assistance works to apply fertilizer to the farms systematically.

Moreover, a combination of fertilizer and organic fertilizer will increase soil nutrients, create root development, and promote the growth of crops. Incorporating rice husks into the paddy field also helps plants prevent the uptake of toxic elements.

**SK**

# Preparations to focus on cultivation of more than 10,000 acres of onion in Shwebo District

SHWEBO October 18

This year, Shwebo District Agriculture Department mentioned that a total of 10,100 acres of croplands will be placed under onion in coming winter in Shwebo District of Sagaing Region.

In 2024-2025 winter crop cultiva-tion season, Shwebo Township earmarked 2,287 acres of onion, KhinU Township 2,980 acres, Wetlet Township 4,503 acres and Kyaukmyaung 330 acres, totalling 10,100 acres.

Daw Zar Zar Min, Assistant Director of Shwebo District Agriculture Department commented: "The district earmarked cultivation of more than 10,000 acres of onion in coming winter. We will strive for meeting the target cultivation. We create market linkages for farmers to fetch good prices for their crops."

Relevant Agriculture Departments in Shwebo District will serve local farmers with market linkages for their crops, share technology for preserving their crop, growing onion with GAP system and producing quality strains of crops.

Local farmers need to cost some Ks-1.8 million per acre of growing onion but it yields some 5,000 viss per acre.

In Sagaing Region, onion is mostly grown in Monywa, Yinmabin, ChaungU, Shwebo and Myinmu townships. **SMK**

# Minbu Township targets to grow 1,700 acres of summer paddy this season

MINBU October 18

Minbu Township has targeted to grow more than 1,700 acres of summer paddy, according the Township Agriculture Department.

"Summer paddy will be cultivated with irrigation networks provided by dams, hydropower and water pumps projects. Mezali Dam will supply adequate irrigation water for 957 acres, Kanni River water pumping project will cover 100 acres, the Kyauksan water pumping project will support 100 acres and the underground irrigation networks will provide water for 575 acres, totaling 1,700 acres," said U Zaw Min Thu, deputy staff officer from the Township Agriculture Department.

In order to increase the yields of summer paddy, the Township Agriculture Department is providing the training, field inspection, distributing of pamphlets, conducting awareness, providing technical assistance and good-quality paddy seeds to local farmers.

**SMK**

# Putin names future role of BRICS




MOSCOW October 18

The BRICS nations have already become the main drivers of international economic growth, but their potential will only increase further through cooperation within the bloc, Russian President Vladimir Putin has said.

The bloc's share of global GDP already exceeds that of the Group of Seven (G7) leading Western economies, and it continues to expand, Putin said in his speech at a plenary session of the BRICS Business Forum in Moscow on Friday.

BRICS now accounts for 37.4 percent of the global GDP, while the G7 only accounts for 29.3 percent, Putin stressed. "And this gap is widening. And it will keep widening even further. It is inevitable," he added.

"The BRICS countries are in fact the drivers of the global economic growth. It is within BRICS that the main increase in global GDP will be generated in the foreseeable future," Putin said.

The bloc "accounts for about a quarter of the world's exports of goods," and the bloc's members dominate many key markets, including energy, metals and food," the Russian leader said.

Various "development platforms" are currently being created within the bloc, including "communications channels, technological and educational standards, financial systems, payment instruments and, of course, mechanisms for sustainable long-term investment," he noted.

They are intended to make sure that "the economic growth of BRICS members in the future will depend less and less on external influence or interference," Putin said.

This is the "economic sovereignty" that the bloc is aiming to achieve, becoming "a partnership of self-sufficient economies, which greatly increases their potential, opens up new opportunities," he added.

"The work of BRICS is not directed against anyone. It is solely aimed at one common task, which is the sustainable development and prosperity of our countries and people," Putin said.

**RT**

# Israeli military confirms killed Hamas leader Yahya Sinwar

JERUSALEM October 18

The Israel Defence Forces (IDF) and the Israel Security Agency (ISA) jointly confirmed Thursday that Hamas leader Yahya Sinwar was killed in the Gaza Strip by Israeli soldiers on Wednesday.

"IDF soldiers from the Southern Command eliminated Yahya Sinwar ... in an operation in the southern Gaza Strip," the Israeli army said in a statement.

The IDF said that its soldiers killed three militants in the operation, and later, it turned out that one of them was Sinwar, who "was responsible for the murder and abduction of many Israelis."

According to the statement, Sinwar was killed after hiding over the past year behind the civilian population of Gaza, both above and below ground, in Hamas tunnels in the Gaza Strip.

"The dozens of operations carried out by the IDF and the ISA over the last year, and in recent weeks in the area where he was eliminated, restricted Sinwar's operational movement as he was pursued by the forces and led to his elimination," the statement added.

Shortly before the IDF statement, Israeli Foreign Minister Israel Katz confirmed Sinwar's death in a message to foreign ministers of other countries, saying that "this is a great military and moral achievement for Israel."

According to the foreign minister, "the elimination of Sinwar creates a possibility for the immediate release of the Israeli abductees and to bring about a change that will lead to a new reality in Gaza, without Hamas nor Iranian control."

**Xinhua**

# Namibia's electoral body announces final list of candidates for November elections

WINDHOEK October 18

The Electoral Commission of Namibia (ECN) on Thursday announced the final list of candidates for the presidential and National Assembly elections, scheduled for November 27.

After the nomination process that closed Thursday, 15 candidates were confirmed for the presidential race, while 21 political parties would compete for seats in the National Assembly, the commission said in a statement.

According to the ECN, the confirmed candidates for the presidential election include major political figures such as Netumbo Nandi-Ndaitwah of the South West Africa People's Organization (SWAPO), Bernadus Swartbooi of the Landless People's Movement, and Panduleni Itula of the Independent Patriots for Change.

Meanwhile, the nominations of three presidential candidates, namely Ally Angula, Else Ndapandula Chen, and Jeremia Kaambo, were rejected, as they failed to secure the required number of voter signatures from across the regions, as outlined in the Electoral Act.

In the National Assembly elections, 21 parties will be represented, including the Action Democratic Movement, Popular Democratic Movement, SWAPO, and the United Democratic Front.




Since Namibia's independence in 1990, SWAPO has been the governing party in the southwest African nation.

In the last elections held in 2019, the late President Hage Geingob and his party SWAPO won the elections as the party received more than 56 percent of the votes for the national assembly.

**Xinhua**

# Putin meets media heads from BRICS countries

MOSCOW October 18

Russian President Vladimir Putin will meet with the heads of leading media outlets from BRICS countries on Friday, the Kremlin press service said.

Sputnik is live as Russian President Vladimir Putin holds a meeting with the heads of leading BRICS country media outlets. Dmitry Kiselev, director general of Sputnik's parent media group Rossiya Segodnya, will take part in the event.

President Putin frequently engages with the press to clarify Russia's position on the most crucial issues. Recently, he talked to heads of global media during the Saint Petersburg International Economic Forum that was attended by media executives from China, the United States, the United Kingdom, Spain, Turkiye, Italy, Japan, France, as well as CIS countries.

The BRICS Summit will be held in Kazan from October 22 to 24. Some 33 states have confirmed their participation, including 24 at the level of top officials.

**Sputnik**

# Vice Chairman of State Administration Council Deputy Prime Minister Vice-Senior General Soe Win, wife Daw Than Than Nwe watch Maha Janaka Jataka of ten Jatakas performance competition of Silver Jubilee 25th Anniversary Myanmar Traditional Cultural Performing Arts Competition





Vice-Senior General Soe Win and wife Daw Than Than Nwe watch Maha Janaka Jataka of ten Jatakas performance competition of Silver Jubilee 25th Anniversary Myanmar Traditional Cultural Performing Arts Competition.

NAY PYI TAW October 18

Vice Chairman of the State Administration Council Deputy Prime Minister Vice-Senior General Soe Win and wife Daw Than Than Nwe watched the Maha Janaka of ten Jatakas performance competition of the Silver Jubilee 25th Anniversary Myanmar Traditional Cultural Performing Arts Competition (2024) at the open air theatre of Nay Pyi Taw Council this evening.

Also present at the competition together with the Vice-Senior General and wife were union ministers and their wives, the chairman of Nay Pyi Taw Council, deputy ministers, members of judges, managers, instructors and national race contestants from regions and states, staff and their families and members of the public who love Jataka performance.

First, the Vice-Senior General and wife and party watched the performance of original Maha Janaka Jataka presented through music, dances, Jataka scripts of Myanmar traditional Jataka troupes and arts of singing, crying and speaking by Shwe Yangon Region Jataka Troupe, which represents Yangon Region.

Then, the Vice-Senior General and wife cordially greeted judges and contestants.

The Jataka performance competitions were presented by Maha Ayeya Jataka Troupe, which represents Ayeyawady Region, on 14 October, by Phankharmyay Jataka Troupe, which represents Magway Region, on 15 October, by Min Naing Soe Jataka Troupe, which represents Mon State, on 16 October, by Manmyo Gonye Jataka Troupe, which represents Mandalay Region, on 17 October, and by Shwe Yangon Region Jataka Troupe, which represents Yangon Region, today. Jataka Troupes representing Bago Region and Sagaing Region will present their performance of the Jataka on 19 and 20 October respectively.

**100**

# Kyaukmyaung finishes cultivation of pigeon pea on more than 6,000 acres of croplands

KYAUKMYAUNG October 18

According to the statistics of Kyaukmyaung Sub-Township of Shwebo Township in Sagaing Region, local farmers have planted 6,005 acres of pigeon pea this monsoon.

Although local farmers earmarked 5,850 acres of pigeon pea in Kyaukmyaung this monsoon, local farmers exceeded their cultivation of pigeon pea on 6,005 acres.

Daw Khin Win, Head of Kyaukmyaung Sub-Township Agriculture Department said: “We have earmarked more than 5,000 acres of pigeon pea this monsoon but local farmers exceeded target cultivation with more than 6,000 acres of pea. Our department helps local farmers boost per-acre yield of crops. Local farmers grow pigeon pea as separate crop as well as mixed crop.”

This year, township officials urge local farmers to use quality strains of crops and agricultural techniques with prevention of pests for boosting per-acre yield.

Agricultural staff train local farmers on techniques of making folio fertilizer and pesticides to cut agricultural cost. **SMK**

## Public Notice for Elimination of Violence

1. Declaring themselves to be “for the people”, the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting “CRPH”, “NUG”, and “PDF” terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဓာတ်ပုံမြင်ကွင်းများ

























# ရုရှားက နျူကလီးယားဒုံးကျည်တပ်ဖွဲ့၏ တိုက်ပွဲဝင်အသင့်ရှိမှုကိုစစ်ဆေး

**မော်စကို၊ ပြည်တွင်းရေး**

ရုရှားတာဝန်ရှိသူများက မော်စကိုမြို့ အနောက်မြောက်ပိုင်းဒေသတစ်ခုရှိ Yars တိုက်ချင်းပစ် အမြင့်ပျံဒုံးကျည်များတပ်ဆင်ထားသော ဒုံးကျည်တပ်ဖွဲ့တစ်ခု၏ တိုက်ပွဲဝင်အသင့်ရှိမှုကို စစ်ဆေးမှုလုပ်ဆောင်သည်ဟု ကာကွယ်ရေးဝန်ကြီးဌာန၏ပြောဆိုချက်ကိုကိုးကား၍ သတင်းဌာနများက အောက်တိုဘာလ ၁၈ ရက်တွင် ဖော်ပြထားသည်။

အဆိုပါ Yars အမျိုးအစား တိုက်ချင်းပစ်ဒုံးကျည်ကို ဒုံးကျည်ပစ်လွှတ်ပေါက်များမှသော်လည်းကောင်း၊ ရွေ့လျားဒုံးပစ်လောင်ချာများမှသော်လည်းကောင်း ပစ်လွှတ်နိုင်ကာ ၎င်းအနေဖြင့် ရောက်ရှိနိုင်သည့် အကွာအဝေးမှာ ကီလိုမီတာ ၁၁၀၀၀ အထိဖြစ်သည်။

ရုရှားနိုင်ငံအနေဖြင့် အနောက်အုပ်စု၏ ကြားဝင်စွက်ဖက်မှုကြောင့် ယူကရိန်းနှင့် ပဋိပက္ခဖြစ်ပွားမှုက ပိုမိုတင်းမာလာနေစဉ် နျူကလီးယားလက်နက်များ၏ တိုက်ပွဲဝင်အသင့်ရှိမှုအခြေအနေကို တာဝန်ရှိသူများကလိုက်လံစစ်ဆေးခြင်းဖြစ်သည်။

ထို့ပြင် NATO တပ်ဖွဲ့က နျူကလီးယားစစ်ရေးလေ့ကျင့်ခန်းလုပ်ဆောင်ပြီးသည့်နောက် ရုရှားကနျူကလီးယားဓာတ်တိုက်လေ့ကျင့်မှုများလုပ်ဆောင်လာသည်ကို တွေ့ရသည်။

နောက်ဆုံးလုပ်ဆောင်သည့် လေ့ကျင့်မှုတွင် ဒုံးကျည်တပ်ဖွဲ့တစ်ခုက Yars ဒုံးကျည်များကို ပုံဖျက်ဖုံးကွယ်ကာ ကီလိုမီတာ ၁၀၀ အထိရွှေ့ပြောင်းသယ်ဆောင်နေရာချထားသည့် လေ့ကျင့်ခန်းလည်း ပါဝင်ကြောင်း တာဝန်ရှိသူများ၏ပြောဆိုမှုကိုကိုးကား၍ Interfax သတင်းဌာနက ထုတ်ပြန်ထားသည်။ **Ref: ITF**



# ဟားမက်ခေါင်းဆောင်ချေမှုန်းခံရမှုကြောင့် ဓားစာခံများကိုပြန်မလွှတ်တော့ဟုဆို

**ဂျေရုဆလင်၊ စစ်ရေး**

အစ္စရေးတို့၏တိုက်ခိုက်မှုတစ်ခုအတွင်း ဟားမက်အဖွဲ့ခေါင်းဆောင် ယာယာဆင်းဝါ ချေမှုန်းခံရမှုကြောင့် ထိုအဖွဲ့ကဖမ်းဆီးထားသော အစ္စရေးဓားစာခံများကို ဂါဇာစစ်ပွဲပြီးဆုံးသည်အထိ ပြန်မလွှတ်တော့ကြောင်း အောက်တိုဘာလ ၁၈ ရက်တွင် ကတိပြုသည်။

“ဂါဇာကမ်းမြောင်ဒေသမှာရှိတဲ့ ကျွန်တော်တို့ရဲ့ပြည်သူတွေအပေါ် တိုက်ခိုက်မှုတွေ မရပ်တန့်သမျှကာလပတ်လုံး၊ ဒီကနေ အစ္စရေးတပ်ဖွဲ့တွေ လုံးဝမဆုတ်ခွာသမျှကာလပတ်လုံး၊ အစ္စရေးနိုင်ငံရဲ့အကျဉ်းထောင်တွေထဲမှာ အဖမ်းခံထားရတဲ့ ကျွန်တော်တို့ရဲ့သူရဲကောင်းတွေမလွှတ်လာသမျှကာလပတ်လုံး ကျွန်တော်တို့ဘက်ကလည်း ဓားစာခံတွေကိုပြန်လွှတ်ပေးမှာမဟုတ်ပါဘူး” ဟုကာတာနိုင်ငံအခြေစိုက် ဟားမက်အဖွဲ့ တာဝန်ရှိသူတစ်ဦးက ပြောသည်။

သေဆုံးသွားသည့်ဟားမက်အဖွဲ့ခေါင်းဆောင်ဆိုသည်မှာ ၂၀၂၃ ခုနှစ် အောက်တိုဘာလ ၇ ရက်တွင် အစ္စရေးအပေါ်တိုက်ခိုက်မှုကို နောက်ကွယ်မှကြိုးကိုင်သူဖြစ်ကြောင်းသိရသည်။ **Ref: RTA**



# မလေးရှားရှိ ဝင်ငွေမြင့်မားသူများ ကုန်ကျစရိတ်ပိုများမည့်အစီအစဉ် အစိုးရထုတ်ပြန်

**ကွာလာလမ်ပူ၊ ပြည်တွင်းရေး**

မလေးရှားနိုင်ငံရှိ ဝင်ငွေမြင့်မားသူများအနေဖြင့် လာမည့်နှစ်မှစ၍ ကုန်ကျစရိတ်ပိုများစေမည့်အစီအစဉ်တစ်ရပ်ကို မလေးရှားအစိုးရက အောက်တိုဘာလ ၁၈ ရက်တွင်ထုတ်ပြန်လိုက်သည်။

မလေးရှားအစိုးရသည် ပြည်သူများ၏ဓာတ်ဆီဝယ်ယူမှုအတွက် ကြားထဲမှငွေကြေးစိုက်ထုတ်ကုန်ကျပေးလျက်ရှိသော်လည်း ဝင်ငွေမြင့်မားသူ ၁၅ ရာခိုင်နှုန်းကသာ ယင်းခံစားခွင့်ကိုရရှိနေသောကြောင့် ထိုအစီအစဉ်ကိုဖျက်သိမ်းခြင်းဖြစ်သည်။

ထို့ပြင် ယင်းသို့အစီအစဉ်ဖျက်သိမ်းရာမှ ပိုလျှံထွက်လာသည့်ငွေကြေး ရင်းဂစ် ၈ ဘီလီယံကို ပညာရေးနှင့်ကျန်းမာရေးကဏ္ဍတွင်ကောင်းစွာအသုံးပြုနိုင်ကြောင်း မလေးရှားဝန်ကြီးချုပ်နှင့် ဘဏ္ဍာရေးဝန်ကြီး အန်နဝါအီဘရာဟင်ကပြောသည်။

အလားတူ လာမည့်နှစ်အတွက် အစိုးရအသုံးစရိတ်ကို ရင်းဂစ် ၄၂၁ ဘီလီယံသုံးစွဲရန်သတ်မှတ်လိုက်ပြီး အထူးသဖြင့် တိုးမြှင့်လိုက်သော အသုံးစရိတ်အနက် အများစုကိုနိုင်ငံ့ဝန်ထမ်းများအား လစာတိုးပေး ရာတွင် အသုံးပြုသွားမည်ဖြစ်သည်ဟု အစိုးရ၏ထုတ်ပြန်ချက်၌ဖော်ပြထားသည်။

၎င်းအပြင် မလေးရှားအစိုးရက လက်ရှိသတ်မှတ်ထားသော အနိမ့်ဆုံးလုပ်အားခကို ရင်းဂစ် ၁၅၀၀ မှ ၁၇၀၀ အထိ တိုးမြှင့်သတ်မှတ်လိုက်ကြောင်းသိရသည်။ **Ref: RTA**

## သတင်းတိုကဏ္ဍ

### တရုတ်နိုင်ငံက လျှပ်စစ်စွမ်းအားခေတ်ကို ဦးဆောင်နေဟုဆို

ကမ္ဘာ့စွမ်းအင်ဈေးကွက်သည် တရုတ်နိုင်ငံကဦးဆောင်နေသော လျှပ်စစ်စွမ်းအားခေတ်ကို ဝင်ရောက်နေပြီဖြစ်သည်ဟု အပြည်ပြည်ဆိုင်ရာ စွမ်းအင်အေဂျင်စီကထုတ်ပြန်သည်။

ထို့ပြင် ကမ္ဘာ့တစ်ဝန်းရုပ်ကြွင်းလောင်စာ အသုံးပြုမှုပမာဏသည်လည်း ယခုဆယ်စုနှစ်အကုန်တွင် အမြင့်ဆုံးရောက်ရှိလာနိုင်ကြောင်း ထိုအေဂျင်စီ၏နှစ်ပတ်လည်အစီရင်ခံစာတွင်ဖော်ပြထားသည်။

အလားတူ သန့်ရှင်းစွမ်းအင်ထုတ်လုပ်မှုသည်လည်း မထင်မှတ်ထားသောနှုန်းဖြင့်တိုးတက်လာနေကြောင်း၊ ဘက်ထရီများ၊ ဆိုလာပြားများထုတ်လုပ်မှုမှာ မြင့်တက်လာကြောင်း အစီရင်ခံစာတွင်ဖော်ပြထားသည်ကိုတွေ့ရသည်။

အဆိုပါပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်များကို ရယူအသုံးပြုသူများတွင် တရုတ်နိုင်ငံက အများဆုံးဖြစ်ကြောင်း၊ ၂၀၃၀ ပြည့်နှစ်အရောက်တွင် တစ်ကမ္ဘာလုံးက ထိုစွမ်းအင်ထုတ်လုပ်မှုအနက် ၆၀ ရာခိုင်နှုန်းမှာ တရုတ်နိုင်ငံမှဖြစ်လာနိုင်ကြောင်း၊ အထူးသဖြင့် တရုတ်၏ ဆိုလာမှစွမ်းအင်ထုတ်လုပ်မှုမှာ အမေရိကန်တစ်နိုင်ငံလုံး၏ လျှပ်စစ်ဓာတ်အားပမာဏထက်ပိုနိုင်ကြောင်းသိရသည်။ **Ref: RT**

### ပဋိပက္ခဖြစ်ပွားမှု၏ တင်းမာမှုအခြေအနေ နောက်တစ်ဆင့်တက်ပြီဟု ဟစ်ဇဘိုလာကြေညာ

လက်ရှိဖြစ်ပွားနေသော အစ္စရေးနိုင်ငံနှင့်ပဋိပက္ခတင်းမာမှုအခြေအနေသည် နောက်တစ်ဆင့်သို့ တက်လှမ်းသွားပြီဖြစ်ကြောင်း ဟစ်ဇဘိုလာအဖွဲ့က ထုတ်ပြန်ကြေညာသည်။ ဟားမက်ခေါင်းဆောင်ချေမှုန်းခံရပြီးနောက် ဟစ်ဇဘိုလာအဖွဲ့က ယခုကဲ့သို့ ကြေညာခြင်းဖြစ်သည်။

ထို့ပြင် လာမည့်ရက်များအတွင်း အစ္စရေးအနေဖြင့် ပြင်းထန်သောလက်တုံ့ပြန်မှုများနှင့်ရင်ဆိုင်ရမည်ဖြစ်ကြောင်း၊ တိကျမှုရှိသော ပွဲထိန်းဒုံးများကို ပထမဆုံးအကြိမ်နေရာချထားပြီးဖြစ်သောကြောင့် တစ်ရက်ပြီးတစ်ရက် ခြိမ်းခြောက်မှုများနှင့်ရင်ဆိုင်ရစေမည်ဖြစ်ကြောင်း ဟစ်ဇဘိုလာအဖွဲ့၏ထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။

အလားတူ ဟစ်ဇဘိုလာတိုက်ခိုက်ရေးသမားရာပေါင်းများစွာသည် အစ္စရေးတို့၏ ကျူးကျော်ဝင်ရောက်မှုများအားလုံးကို တွန်းလှန်ဖယ်ရှားနိုင်ရေးအတွက် လုံးဝအသင့်ရှိနေပြီဖြစ်ကြောင်း ဟစ်ဇဘိုလာအဖွဲ့က ထုတ်ပြန်ချက်တွင်သတိပေးထားကြောင်းသိရသည်။

**Ref: RT**

### စင်ကာပူက ၁၇ နှစ်သား၏ အကြမ်းဖက်တိုက်ခိုက်ရန် အကြံအစည်ကိုဖျက်ဆီးလိုက်နိုင်

စင်ကာပူရဲတပ်ဖွဲ့က အသက် ၁၇ နှစ်သာရှိသေးသည့် စင်ကာပူနိုင်ငံသားတစ်ဦး၏ အကြမ်းဖက်တိုက်ခိုက်မည့် အကြံအစည်ကို ဖျက်ဆီးလိုက်နိုင်ကြောင်း သိရသည်။

ထိုဆယ်ကျော်သက်သည် ကျောင်းသားတစ်ဦးဖြစ်ကြောင်း၊ IS စစ်သွေးကြွအဖွဲ့ကို အခိုင်အမာအားပေးထောက်ခံသူဖြစ်ကြောင်း၊ အကြမ်းဖက်တိုက်ခိုက်ရန်လက်နက်အဖြစ် မီးဖိုချောင်သုံးဓား သို့မဟုတ် ကတ်ကြေးကိုအသုံးပြုရန်စီစဉ်ထားကြောင်း ပြည်တွင်းလုံခြုံရေးဌာနက အောက်တိုဘာလ ၁၈ ရက်တွင်ထုတ်ပြန်သည်။

တာဝန်ရှိသူများသည် အဆိုပါဆယ်ကျော်သက်က အကြမ်းဖက်တိုက်ခိုက်မှုမလုပ်မီ သီတင်းပတ်အနည်းငယ်အလိုတွင် ၎င်းကိုဖမ်းဆီးနိုင်ခြင်းဖြစ်သည်။

ထို့ကြောင့် စင်ကာပူရဲတပ်ဖွဲ့က ၂၀၂၀ ပြည့်နှစ်မှစ၍ နိုင်ငံအတွင်းသီးခြားလွတ်လပ်သော စစ်သွေးကြွအဖြစ် ကိုယ့်ကိုယ်ကိုယ်ကြေညာထားသည့် လူငယ်ငါးဦးအထိကိုဖမ်းဆီးနိုင်ခဲ့ကြောင်းသိရသည်။ **Ref: BP**

### BRICS ထိပ်သီးညီလာခံသို့ နိုင်ငံ့အကြီးအကဲများတက်မည်

၂၀၂၄ ခုနှစ်အတွက် BRICS ထိပ်သီးညီလာခံကို ရုရှားနိုင်ငံ၌ အောက်တိုဘာလ ၂၂ ရက်မှ ၂၄ ရက်အထိကျင်းပသွားမည်ဖြစ်ပြီး ထိုညီလာခံသို့ အဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံ့အကြီးအကဲများတက်မည်ဖြစ်ကြောင်းသိရသည်။

ထိုနိုင်ငံ့အကြီးအကဲများတွင် တရုတ်သမ္မတရှီကျင့်ဖျင်နှင့် အိန္ဒိယဝန်ကြီးချုပ်နာရန်ဒရာမိုဒီတို့ပါဝင်ကြောင်း သက်ဆိုင်ရာနိုင်ငံများကထုတ်ပြန်ထားသည်။

ရှီကျင့်ဖျင်အနေဖြင့် ကာဇန်မြို့၌ကျင်းပမည့် BRICS ထိပ်သီးညီလာခံသို့ တက်မည်ဖြစ်ကြောင်းနှင့် အရေးကြီးသောမိန့်ခွန်းတစ်ရပ်ကိုလည်းပြောသွားမည်ဖြစ်ကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနမှပြောရေးဆိုခွင့်ရှိသူ ဟွာချွန်ယင်းကပြောသည်။

အလားတူ အိန္ဒိယဝန်ကြီးချုပ်နာရန်ဒရာမိုဒီက BRICS ထိပ်သီးညီလာခံသို့ တက်ကာ ရုရှားသမ္မတနှင့်တွေ့ဆုံဆွေးနွေးသွားမည်ဟု ပြည်ပရေးရာဝန်ကြီးဌာနက ထုတ်ပြန်ထားသည်။ **Ref: Sputnik**

ENERGY

## နည်းလမ်းပေါင်းစုံနဲ့ လျှပ်စစ်ထုတ်ပေးမယ့် ပိုလီမာဖလင်ပြား


Rensselaer Polytechnic Institute (RPI) မှသုတေသနပညာရှင်များက သိပ်ကို ပါးလွှာလွန်းတဲ့ ပိုလီမာဖလင်ပြားတစ်မျိုးကို ဖန်တီးထုတ်လုပ်လိုက်ပါတယ်။ အဲဒီဖလင်ပြားက သူ့ကိုဖိလိုက်သည်ဖြစ်စေ၊ ညှစ်လိုက်သည်ဖြစ်စေ၊ နင်းလိုက်သည် ဖြစ်စေ လျှပ်စစ်ဓာတ်အားကို ထုတ်ပေးနိုင်စွမ်းရှိပါတယ်။

အကယ်၍များ သူ့ကိုကားလမ်းတွေအောက်မှာထည့်သွင်းအသုံးပြုလိုက်မယ်ဆိုရင် အဲဒီလမ်းပေါ်ကနေ ကားသွားလိုက်တာနဲ့တစ်ပြိုက်နက် လျှပ်စစ်ဓာတ်အားကထွက်ပြီးသားဖြစ်နေမှာပါ။ ဒ့ါအပြင် သူ့ကိုအိမ်ဆောက်ပစ္စည်းတွေနဲ့အတူတူ ထည့်သွင်းအသုံးပြုနိုင်ပါသေးတယ်။ ဒီလိုမျိုးအသုံးပြုခြင်းအားဖြင့် အဆောက်အအုံမှာတုန်ခါမှုတစ်ခုခုဖြစ်သွားပြီဆိုရင်လည်း လျှပ်စစ်ဓာတ်အားကိုထွက်လာစေမှာပါ။

ဒါတင်ပဲလားဆိုတော့ မဟုတ်ပါဘူး။ သူ့ကိုခန္ဓာကိုယ်နဲ့တွဲဖက်ပြီးတော့လည်း အသုံးပြုနိုင်ပါသေးတယ်။ ဥပမာအားဖြင့် လက်ခုပ်တီးတာမျိုး၊ လမ်းလျှောက်တာမျိုး၊ ကခုန်တာမျိုး အစရှိတဲ့လှုပ်ရှားမှုတွေတိုင်းမှာ လျှပ်စစ်ဓာတ်အားကထွက်ရှိနေမှာပါ။

အဲဒီကနေထွက်လာတဲ့လျှပ်စစ်ဓာတ်အားကို တခြားနည်းနဲ့သိုလှောင်တာမျိုး လုပ်ဆောင်ခြင်းအားဖြင့် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ကိုရရှိစေမှာပါ။ **Ref: IE**

**K.H**



---

## ဆူပီးရီးယားရေကန်အောက် ပေ ၅၀၀၀ မှာ ဟိုက်ဒရိုဂျင်ဓာတ်ငွေ့သိုက်ကြီးတစ်ခုကိုတွေ့ရှိ


အမေရိကန်သိပ္ပံပညာရှင်များက ဆူပီးရီးယားရေကန်အောက် ပေ ၅၀၀၀ မှာ အလွန်ကြီးမားတဲ့ဟိုက်ဒရိုဂျင်ဓာတ်ငွေ့သိုက်ကြီးတစ်ခုရှိနေတယ်လို့ ထုတ်ပြန်လာပါတယ်။ အထူးသဖြင့် အဲဒီအနက်မှာရှိတဲ့ ကျောက်ဆောင်အက်ကွဲကြောင်းထဲမှာရှိနေတယ်လို့ သူတို့ကဆိုကြတာပါ။

ဒါပေမဲ့ အဲဒီလိုများပြားလှတဲ့ဟိုက်ဒရိုဂျင်ဓာတ်ငွေ့သိုက်ကြီးဆီက ဓာတ်ငွေ့များကိုထုတ်လုပ်ရေး၊ ရွှေ့ပြောင်းရေးနဲ့ စုဆောင်းရေးဆိုတဲ့ အဆင့်များစွာကိုလုပ်ဆောင်ဖို့ဆိုတာကတော့ အခုမှအစပျိုးဆဲအဆင့်သာရှိသေးတယ်လို့ ပညာရှင်များကပြောထားပါတယ်။

ကမ္ဘာ့နိုင်ငံများက သန့်ရှင်းစွမ်းအင်ကို အသုံးပြုရေးဆီဦးတည်လာနေချိန် ဟိုက်ဒရိုဂျင်ဓာတ်ငွေ့လိုအပ်ချက်သည်လည်း မြင့်တက်လာရပါတယ်။ အဓိကအားဖြင့် ဟိုက်ဒရိုဂျင်ဓာတ်ငွေ့အနေနဲ့ ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ထုတ်လွှတ်မှုကို သိသိသာသာလျော့ကျစေတာကြောင့်ပါ။


ဒ့ါအပြင် သူ့ကိုမြေအောက်ထဲကနေ ထုတ်ယူအသုံးပြုရတယ်ဆိုပေမယ့်လည်း တခြားအရင်းအမြစ်တွေလိုမဟုတ်ဘဲ ရေကမီးတောင်ကျောက်များနဲ့ အပြန်အလှန်ဓာတ်ပြုချိန်မှာ ဟိုက်ဒရိုဂျင်ဓာတ်ငွေ့ကို ရရှိနိုင်တာဖြစ်လို့ မဆုံးနိုင်သောပေါ်များကြွယ်ဝတဲ့ သဘာဝအရင်းအမြစ်ကြီးတစ်ခုလည်းဖြစ်ပါတယ်။ **Ref: IE**

**K.H**



MILITARY

## အမြင့်ဆုံးသော ရှင်သန်၊ ကာကွယ်၊ တိုက်ခိုက်နိုင်စွမ်းများပါလာမယ့် BAE Systems ရဲ့ M2A4E1 Bradley သံချပ်ကာ




BAE Systems က နောက်ဆုံးပေါ် သံချပ်ကာတိုက်ယာဉ်အသစ်တစ်မျိုးဖြစ်တဲ့ M2A4E1 Bradley ကို မကြာသေးမီက ထုတ်ဖော်ပြသလိုက်ပါတယ်။ ဒီမော်ဒယ်မှာတော့ နည်းပညာပိုင်းဆိုင်ရာအဆင့်မြှင့်တင်မှုများစွာကိုပြုလုပ်ထားပြီး အထူးသဖြင့် ရှင်သန်နိုင်စွမ်း၊ ကာကွယ်နိုင်စွမ်းနဲ့ တိုက်ခိုက်နိုင်စွမ်းတို့ကို အမြင့်ဆုံးအထိရရှိအောင် အဆင့်မြှင့်ထားတာကြောင့် စွမ်းဆောင်ရည်မြင့်မားတဲ့ သံချပ်ကာယာဉ်များထဲမှာ သူသည်လည်းအပါအဝင်ဖြစ်လာပါပြီ။

အဆင့်မြှင့်တင်ထားတဲ့ထဲမှာ ဘာတွေပါလဲဆိုတော့ တင့်ဖျက်ဗုံးတွေ၊ ဒုံးတွေကို ကြားဖြတ်ပစ်ချဖျက်ဆီးနိုင်စွမ်းရှိတဲ့ IF-LD စနစ်၊ သေနတ်ပစ်သမားအနေနဲ့ ပစ်မှတ်ကိုနေ့ရောညပါထိမှန်အောင်ပစ်ခတ်နိုင်စေမယ့် လိုင်းအလျားရှည်လျားတဲ့ အနီအောက်ရောင်ခြည်ကင်မရာ၊ ဆိုက်ဘာတိုက်ခိုက်ခံရမှုကနေ ကာကွယ်ပေးနိုင်မယ့်စနစ်၊ ရှုပ်ထွေးတဲ့မြေပြင်မှာ လွယ်လင့်တကူသွားလာနိုင်စေမယ့် စနစ်သာမက ရွေ့လျားမှု၊ ပစ်ခတ်မှုနဲ့ ကာကွယ်မှုစွမ်းရည်တွေကို ဟန်ချက်ညီအောင်ထိန်းပေးမယ့် စနစ်တွေပါဝင်လာတာကိုတွေ့ရပါတယ်။ **Ref: AR**

**K.H**

---

## ရုရှားရဲ့ Borei-A အတန်းအစားရေငုပ်သင်္ဘောအသစ် စမ်းသပ်မှုများစတင်



ရုရှားက Borei-A အတန်းအစားရေငုပ်သင်္ဘောအသစ်တစ်စင်းဖြစ်တဲ့ Knyaz Pozharsky ကို ပင်လယ်ပြင်စမ်းသပ်မှုတွေ လုပ်နေပြီလို့ဆိုပါတယ်။ ဒီရေငုပ်သင်္ဘောက Borei-A အတန်းအစားရေငုပ်သင်္ဘော အဆင့်မြှင့်တင်ရေးအစီအစဉ်ရဲ့ ငါးစင်းမြောက်ဖြစ်သလို မျိုးဆက်သစ်အမြင့်ပျံဒုံးကျည်တင်ရေငုပ်သင်္ဘောတွေထဲမှာ ရှစ်စင်းမြောက်ဖြစ်ပါတယ်။

ရုရှားရေတပ်က Borei နဲ့ Borei-A အတန်းအစားရေငုပ်သင်္ဘောများကို သူ့ရဲ့ ပင်မကျောရိုးရေငုပ်သင်္ဘောများအဖြစ် သတ်မှတ်ထားတာပါ။ အဲဒီရေငုပ်သင်္ဘောတွေမှာ Bulava တိုက်ချင်းပစ်အမြင့်ပျံဒုံးကျည်တွေတပ်ဆင်ထားတဲ့အပြင် နျူကလီးယားထိပ်ဖူးများစွာကို သယ်ဆောင်နိုင်ပါသေးတယ်၊ နောက်ပိုင်းထုတ်တဲ့ရေငုပ်သင်္ဘောတွေမှာတော့ အသံတိတ်စနစ်က ပိုမိုအားကောင်းလာပါတယ်။ **Ref: AR**

**K.H**

---

## Thales က AI သုံးမောင်းသူမဲ့ဒရုန်းအုပ်များကို ထုတ်ဖော်ပြသ




ပြင်သစ်နိုင်ငံရဲ့ Thales ကုမ္ပဏီက AI နည်းပညာအသုံးပြုထားတဲ့ မောင်းသူမဲ့မျိုးဆက်သစ်ဒရုန်းအုပ်များကို ထုတ်ဖော်ပြသမိတ်ဆက်ပြီး စမ်းသပ်ပျံသန်းမှုတွေကိုလည်း မကြာသေးမီကလုပ်ဆောင်ခဲ့ပါသေးတယ်။

ဒီလိုစမ်းသပ်မှုတွေလုပ်ဆောင်ရာမှာ အဲဒီဒရုန်းတွေမှာပါတဲ့ မောင်းသူမဲ့စနစ်များက အရေးကြီးတဲ့စစ်ဆင်ရေးလုပ်ငန်းတွေမှာ ထိန်းချုပ်သူတွေအပေါ်ကျရောက်နေတဲ့ဝန်ထုပ်ဝန်ပိုးကို ဘယ်လောက်အထိလျော့ကျစေနိုင်တယ်ဆိုတာကို ပြသနိုင်ခဲ့ပါတယ်။

Thales ကုမ္ပဏီက ကြည်း၊ ရေ၊ လေ တပ်ဖွဲ့များမှာရှိတဲ့ စစ်လက်နက်ပစ္စည်းတွေနဲ့အပြန်အလှန်ချိတ်ဆက်ဆောင်ရွက်နိုင်စေမယ့် ဒရုန်းစစ်ဆင်ရေးမှာ ဦးဆောင်တီထွင်သူအဖြစ်ကိုမျှော်မှန်းလုပ်ဆောင်နေတာဖြစ်ပါတယ်။ **Ref: AR**

**K.H**

# ပဲခူးမြို့ ဆုတောင်းပြည့်ရွှေမော်ဓောစေတီတော်မြတ်ကြီးအား ဆီမီး ၁၀၀၀၀ ဆက်ကပ်လှူဒါန်းပူဇော်



**ပဲခူး အောက်တိုဘာ ၁၈**

ပဲခူးမြို့ ဆုတောင်းပြည့်ရွှေမော်ဓောစေတီတော်မြတ်ကြီးအား အောက်တိုဘာလ ၁၇ ရက် ညပိုင်း သီတင်းကျွတ်လပြည့်နေ့ အဘိဓမ္မာအခါတော်နေ့၌ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ဦးဆောင်၍ ဆီမီး ၁၀၀၀၀ ဆက်ကပ်လှူဒါန်းပူဇော်ပွဲအား ပြည်သူများနှင့်အတူ စည်ကားသိုက်မြိုက်စွာကျင်းပခဲ့သည်။

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့် တာဝန်ရှိသူများက ဆုတောင်းပြည့်ရွှေမော်ဓောစေတီတော်မြတ်ကြီးအား ဗုဒ္ဓဂုဏ်တော်များကို ရည်မှန်း၍ နမောတဿသုံးကြိမ်ရွတ်ဆိုကန်တော့ကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့က စေတီတော်မြတ်ကြီးအား ဆီမီး ၁၀၀၀၀ အား စတင်မီးထွန်းညှိပူဇော်ခဲ့ကြသည်။

ထို့နောက်တက်ရောက်လာသည့်တရားလွှတ်တော်တရားသူကြီးချုပ်၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် တိုင်းဒေသကြီး/ခရိုင်/မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ဘာသာရေးအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများက ဆုတောင်းပြည့်ရွှေမော်ဓောရင်ပြင်ပေါ်၌ ဆီမီးများအသီးသီးထွန်းညှိခြင်း၊ ရောင်စုံမီးပုံးပျံများလွှတ်တင်ပူဇော်ခဲ့ကြပြီး တေးညွှန့်မင်္ဂလာတေးဂီတအဖွဲ့က ငြိမ့်ညောင်းသာယာသော ဓမ္မတေးများဖြင့် သီဆိုပူဇော်ခဲ့ကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ဂုဏ်ပြုငွေများ ပေးအပ်ချီးမြှင့်ခဲ့သည်။

သီတင်းကျွတ်လပြည့်နေ့ အဘိဓမ္မာအခါတော်နေ့နှင့် ယနေ့တို့တွင် ပဲခူးမြို့ ဆုတောင်းပြည့်ရွှေမော်ဓောစေတီတော်မြတ်ကြီး၊ ရွှေသာလျောင်းရုပ်ပွားတော်မြတ်ကြီး၊ ကျိုက်ပွန်လေးမျက်နှာဘုရား၊ မဟာစေတီတော်မြတ်ကြီး၊ ရွှေဂူလေးဘုရား၊ ရွှေဂူကြီးဘုရား၊ ကျိုက်ပညာယျစေတီတော်မြတ်ကြီး စသည့်ရှေးဟောင်းသမိုင်းဝင် ဘုရားစေတီများတွင် ညစဉ် ဆီမီးပူဇော်ခြင်းနှင့်အတူ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာပြည်သူများနှင့် အထူးစည်ကား လျက်ရှိကြောင်း သိရသည်။

**(၄၀၁)၊ တင်စိုး(ပဲခူး)**

# အရုဏ်ဆွမ်းသိမ်းအောင်ပွဲအထိမ်းအမှတ် (၁၂)ကြိမ်မြောက်ဆွမ်းဆန်စိမ်းလောင်းလှူပွဲကျင်းပ



**နေပြည်တော် အောက်တိုဘာ ၁၈**

နေပြည်တော် ပုဗ္ဗသီရိမြို့နယ် ဇဝနဒီပရပ်ကွက်ရှိဓမ္မပါလဓမ္မာရုံ၏ ဝါတွင်းကာလအရုဏ်ဆွမ်းလောင်းလှူခြင်းဆွမ်းသိမ်းအောင်ပွဲအထိမ်းအမှတ် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို ယနေ့နံနက်ပိုင်းတွင် အဆိုပါဓမ္မာရုံ၌ကျင်းပသည်။

အဆိုပါ ဆွမ်းဆန်စိမ်းလောင်းလှူပွဲသို့ ပုဗ္ဗသီရိမြို့နယ်အတွင်းရှိ ဝါဆို ဝါကပ်သီတင်းသုံးကြသည့် ဆရာတော်သံဃာတော်များ၊ သီလရှင်ဆရာကြီး၊ ဆရာလေးများ အပါအဝင် စုစုပေါင်းပင့်သံဃာ ၄၆၇ ပါး ကြွရောက်တော်မူကြပြီး ရပ်ကွက်အုပ်ချုပ်ရေးမှူး၊ ဓမ္မာရုံမှတာဝန်ရှိသူများနှင့် ဥပါသကာများ၊ စေတနာရှင် အလှူရှင်များစုပေါင်း၍ လောင်းလှူကြခြင်းဖြစ်သည်။

အဆိုပါ ဓမ္မပါလဓမ္မာရုံသည်နှစ်စဉ်ဝါတွင်းကာလ ဝါဆို ဝါကပ်သီတင်းသုံးတော်မူကြသည့် ဆရာတော်သံဃာတော်များအား တနင်္ဂနွေနေ့တိုင်း အရုဏ်ဆွမ်းလောင်းလှူခဲ့ရာ ယနေ့နံနက်ပိုင်းတွင် အဆိုပါအရုဏ်ဆွမ်းလောင်းလှူခြင်းအောင်ပွဲသည် (၁၂)ကြိမ်မြောက်ဆွမ်းဆန်စိမ်းလောင်းလှူပွဲဖြစ်ကြောင်း ဇဝနဒီပရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးမျိုးဝင်းထံမှ သိရသည်။

**နိုင်ထွန်း**

**သင်မလိုသောမီးကိုပိတ်ထားခြင်းဖြင့် လိုအပ်သူများအလင်းရပါစေ။**

# တပ်မတော်ဆေးရုံများ၌ တက်ရောက်ဆေးကုသမှုခံယူနေသူများအား သွားရောက်ကြည့်ရှုအားပေး



အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ဇော်မင်းလတ် ဆေးကုသမှုခံယူနေသူတစ်ဦးအားကျန်းမာရေးတိုးတက်ကောင်းမွန်မှုအခြေအနေများကို ရင်းရင်းနှီးနှီးမေးမြန်းအားပေးစကားပြောကြားစဉ်။



ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူးဗိုလ်ချုပ်ဇော်ဟိန်း ဆေးကုသမှုခံယူနေသူတစ်ဦးအား ကျန်းမာရေးတိုးတက်ကောင်းမွန်မှုအခြေအနေများကိုရင်းရင်းနှီးနှီးမေးမြန်းအားပေးစကားပြောကြားပြီး စားသောက်ဖွယ်ရာများ ပေးအပ်စဉ်။

**နေပြည်တော် အောက်တိုဘာ ၁၈**

ကယားပြည်နယ်၊ လွိုင်ကော်မြို့ရှိတပ်မတော်ဆေးရုံ၊ ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်ရှိတပ်မတော်အရိုးရောဂါ အထူးကုဆေးရုံကြီး(ခုတင်-၅၀၀)နှင့် တပ်မတော်ဆေးရုံကြီး(ခုတင်-၁၀၀၀)တို့၌တက်ရောက်ကုသမှုခံယူလျက်ရှိသော အရာရှိ၊ စစ်သည်၊ မိသားစုများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများအား ယနေ့တွင် သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်ကောင်းမွန်မှုအခြေအနေများကို ရင်းရင်းနှီးနှီးမေးမြန်း အားပေးစကားပြောကြားပြီး စားသောက်ဖွယ်ရာများပေးအပ်သည်။

ထို့နောက် တိုင်းမှူးများနှင့် တာဝန်ရှိသူများသည် ဆေးရုံများအတွင်း လှည့်လည်ကြည့်ရှု၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**(၁၀၀)**

# မဟာအောင်မြေနှင့် ကျိုင်းတုံမြို့နယ်တို့တွင် မူးယစ်ဆေးဝါးများဖမ်းဆီးရမိ

**နေပြည်တော် အောက်တိုဘာ ၁၈**

မဟာအောင်မြေနှင့် ကျိုင်းတုံမြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည်အောက်တိုဘာလ ၁၇ ရက်ညနေ ၅ နာရီခွဲတွင် မဟာအောင်မြေမြို့နယ် ရဲမွန်တောင်ရပ်ကွက် ၅၈ လမ်း၊ ၄၁ x ၄၂ လမ်းကြားတွင် မခွန်မိုင် မောင်းနှင်လာသည့် SUZUKI SWIFT အမျိုးအစားမော်တော်ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ပြောင်းဆေးဝါး Happy Water သုည ဒသမ ၂၉၅ ကီလိုကိုလည်းကောင်း၊ အလားတူ ယင်းနေ့ မွန်းလွဲ ၁၂ နာရီ ၁၅ မိနစ်တွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည်ကျိုင်းတုံမြို့နယ် မိုင်းလပ်ကျေးရွာအုပ်စု ဝမ်နွဲ့ကျေးရွာအနီးတွင် အားဟူ မောင်းနှင်ပြီး အားထေ့ လိုက်ပါလာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၀၀၀ ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## အကြမ်းဖက်မှုပပျောက်ရေးအတွက်ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG ၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# တပ်ကုန်းမြို့နယ်အတွင်းရှိ ရေဘေးသင့်ပြည်သူများ အိုးအိမ်ပြန်လည်ထူထောင်ရေးအတွက် ရန်ပုံငွေနှင့် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်

နေပြည်တော် အောက်တိုဘာ ၁၈



အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ ဒုတိယဥက္ကဋ္ဌ(၂)၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းနှင့် နေပြည်တော်ကောင်စီဝင်များသည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော် တပ်ကုန်းမြို့ အောင်ဆန်းခန်းမ၌ ကျင်းပသည့် ရေဘေးသင့်အိမ်ထောင်စုများသို့ ထောက်ပံ့ငွေနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးခဲ့ရမှုများအပေါ် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို နိုင်ငံတော်အစိုးရမှ ကူညီထောက်ပံ့ဆောင်ရွက်ပေးနေမှု အခြေအနေနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ရန် လိုအပ်မှုအခြေအနေများကို ရှင်းလင်းပြောကြားပြီး ရာဂိမုန်တိုင်းဆက်စပ်ရေဘေးကြောင့် လုံးဝမျောပါ/ပျက်စီးခဲ့ကြသည့် နေအိမ်များအတွက် တစ်အိမ်လျှင် ငွေကျပ် ၂၃ သိန်း ၅ သောင်းနှုန်းဖြင့် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေမှ ထောက်ပံ့ငွေကျပ် သိန်း ၁၃၁၆၀ နှင့် စားသောက်ဖွယ်ရာများကို ထောက်ပံ့ပေးအပ်သည်။

ထို့နောက် နေပြည်တော်ကောင်စီဝင် ဦးဇေယျာလင်းက တစ်စိတ်တစ်ပိုင်း ပျက်စီးနေအိမ်များအတွက် တစ်အိမ်လျှင် ငွေကျပ် ၁၇ သိန်း ၅ သောင်းနှုန်းဖြင့် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေမှ ထောက်ပံ့ငွေကျပ် ၆၃၃၅ သိန်းကိုလည်းကောင်း၊ နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုးက စည်သွတ်ဘူးနှင့် စားသောက်ဖွယ်ရာများကိုလည်းကောင်း ထောက်ပံ့ပေးအပ်ကြပြီး ရေဘေးသင့်မိသားစုများအား ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်အားပေးစကားပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရေဘေးသင့်ပြည်သူများအား ကျန်းမာရေး စောင့်ရှောက်ပေးနေမှုကို သွားရောက်ကြည့်ရှုအားပေးပြီး ရေဘေးသင့်ပြည်သူများအား စားသောက်ဖွယ်ရာများ ပေးဝေသည်။

ဆက်လက်၍ တပ်ကုန်းမြို့နယ် ရှောက်ကုန်းကျေးရွာ၌ ရေကြီးနစ်မြုပ်ပျက်စီးခဲ့သော အခြေခံပညာအထက်တန်းကျောင်းခွဲ စာသင်ကျောင်းပြန်လည်ဖွင့်လှစ်နိုင်ရေး ပြင်ဆင်ဆောင်ရွက်နေမှုများကိုလည်းကောင်း၊ ရှောက်ကုန်းကျေးရွာအတွင်း ရေကြီးနစ်မြုပ်မှုဒဏ်ကြောင့် ပျက်စီးခဲ့ရသည့် နေအိမ်များအား နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုအရ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေမှ ထောက်ပံ့ငွေဖြင့် နေအိမ်များ ပြန်လည်ဆောက်လုပ်နေမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက ထိန်းသိမ်းထားသောရေလှောင်တမံနှင့် ရေထိန်းတမံများ ကြံ့ခိုင်မှုကောင်းမွန်လျက်ရှိပြီး စိုးရိမ်ရန်မရှိ

နေပြည်တော် အောက်တိုဘာ ၁၈

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်တွင် ထိန်းသိမ်းထားသော ရေလှောင်တမံနှင့် ရေထိန်းတမံစုစုပေါင်း ၁၂ ခုရှိရာ အောက်တိုဘာလ ၁၈ ရက်၌ ပေါင်းလောင်းရေလှောင်တမံတွင် ၃ ဒသမ ၂၈ ပေ ကန်ရေပြည့်အမှတ်အထက် ကျော်လွန်၍ ရေပိုလွှဲမှ ရေကျော်စီးဆင်းနေပြီး ယခင်နေ့နှင့်နှိုင်းယှဉ်ပါက ရေကျော်စီးဆင်းမှုအခြေအနေမှာ သုည ဒသမ ၅၂ ပေ လျော့နည်းခြင်းဖြစ်သည်။ ရေပိုလွှဲ၏ ကန်ရေပြည့်ရေမှတ်အထက်တွင် HED ရေတံခါး ၁၄ ချပ်ထောင်ထားသည်။

အဆိုပါရေလှောင်တမံများ၏ ကြံ့ခိုင်မှုအခြေအနေမှာ ကောင်းမွန်လျက်ရှိပြီး တာဝန်ကျဝန်ထမ်းများအား ၂၄ နာရီ ရေကင်းတာဝန်ချထား၍ အနီးကပ်စောင့်ကြပ်စစ်ဆေးလျက်ရှိကြောင်းနှင့် စိုးရိမ်ရန်မရှိကြောင်း သိရသည်။

**(သတင်းစဉ်)**

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**
**ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်**

ရက်စွဲ - ၁၈.၁၀.၂၀၂၄

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော် (၆ : ၀၀) နာရီ

**အကြောင်းအရာ ။ ။ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်လက်အောက်ရှိ ရေလှောင်တမံများ၏ ရေမှတ်များပေးပို့ခြင်း။**

| စဉ် | ရေလှောင်တမံအမည် | ကန်ရေပြည့် | | ကန်ရေသေ | | (၁၈.၁၀.၂၀၂၄)နေ့ရှိ | | | ယနေ့ ထုတ်လွှတ်သည့် ရေပမာဏ (ဧကပေ) | ကန်ရေပြည့်ရန် လိုအပ်သည့် | | ကန်ရေပြည့်ပြီး | | မိုးရေချိန် (လက်မ) | ယခင်နေ့ ရေမှတ် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ရေမှတ် (ပေ) | သိုလှောင်ရေ ပမာဏ (ဧကပေ) | ရေမှတ် (ပေ) | သိုလှောင်ရေ ပမာဏ (ဧကပေ) | ဝင်ရေ (ဧကပေ) | ရေမှတ် (ပေ) | သိုလှောင် ပမာဏ (ဧကပေ) | | ရေအနက် (ပေ) | သိုလှောင် ပမာဏ (ဧကပေ) | အမြင့် (ပေ) | ပိုလျှံရေ ပမာဏ (ဧကပေ) | | |
| ၁ | ပေါင်းလောင်းတမံ | ၆၂၃.၃၉ | ၅၄၉၄၂၀ | ၅၄၁.၃၆ | ၂၇၃၆၆၀ | ၁၆၈၀၈ | ၆၂၆.၆၇ | ၅၆၃၄၄၇ | ၁၃၉၁၅ (လျှပ်စစ်ထုတ်ရေ) | - | - | ၃.၂၈ | ၄၉၄၈ | - | ၆၂၇.၁၉ |
| ၂ | မဒန်းတမံ | ၆၃၅.၀၀ | ၃၆၅၀၀ | ၅၉၀.၀၀ | ၅၂၀၀ | ၅၉ | ၆၂၆.၃၀ | ၂၇၅၃၃ | - | ၈.၇၀ | ၈၉၆၇ | - | - | ၀.၁၀ | ၆၂၆.၂၅ |
| ၃ | ချောင်းမငယ်တမံ | ၅၂၀.၀၀ | ၉၁၇၇၀ | ၄၈၀.၀၀ | ၁၅၃၀၀ | ၁၇၄ | ၅၁၈.၈၀ | ၈၈၄၉၄ | ၂၇၁ | ၁.၂၀ | ၃၂၇၆ | - | - | - | ၅၁၈.၈၅ |
| ၄ | ဖောင်းလောင်တမံ | ၅၁၂.၀၀ | ၁၂၂၅၇ | ၄၉၀.၅၀ | ၂၅၄၀ | - | ၅၀၉.၁၅ | ၁၀၂၇၁ | ၇ | ၂.၈၅ | ၁၉၈၆ | - | - | - | ၅၀၉.၂၀ |
| ၅ | ရေဆင်းတမံ | ၄၃၉.၀၀ | ၇၃၀၀၀ | ၃၆၈.၄၀ | ၁၀၄၀ | ၃၈၀ | ၄၃၇.၉၀ | ၆၉၇၀၀ | ၂၈၅ | ၁.၁၀ | ၃၃၀၀ | - | - | ၀.၀၇ | ၄၃၇.၈၈ |
| ၆ | လေးလိုက်တမံ | ၅၃၅.၀၀ | ၇၅၀၀၀ | ၅၀၆.၀၀ | ၁၂၉၅၀ | ၂၈ | ၅၃၄.၆၂ | ၇၃၄၇၂ | ၃၂၀ | ၀.၃၈ | ၁၅၂၈ | - | - | ၀.၁၀ | ၅၃၄.၇၁ |
| ၇ | သဲဖြူတမံ | ၄၁၈.၀၀ | ၈၇၁၈ | ၃၉၀.၀၀ | ၆၈၇ | ၁ | ၄၁၆.၀၀ | ၇၅၈၉ | ၁၁ | ၂.၀၀ | ၁၁၂၉ | - | - | - | ၄၁၆.၀၅ |
| ၈ | ဆင်သေတမံ | ၇၁၀.၀၀ | ၁၄၃၀၉၀ | ၆၇၄.၀၀ | ၁၇၃၀၃ | ၃၂ | ၇၀၃.၅၁ | ၁၀၇၄၇၉ | ၉၅ | ၆.၄၉ | ၃၅၆၁၁ | - | - | - | ၇၀၃.၅၃ |
| ၉ | ကင်းသာရေထိန်းတမံ | ၅၅၈.၅၀ | ၇၂ | ၅၄၅.၀၀ | ၈ | ရေတိုက်စား | | | | | | | | - | |
| ၁၀ | မုန်ရေထိန်းတမံ | ၆၀၂.၀၀ | ၅၀၀ | ၅၉၂.၀၀ | ၂၂၅ | ၁၀၃ | ၆၀၁.၈၉ | ၄၉၄ | ၅၁ | ၀.၁၁ | ၆ | - | - | - | ၆၀၁.၈၉ |
| ၁၁ | မြို့လှတမံ | ၈၇၀.၀၀ | ၁၄၆၀၀ | ၈၅၀.၀၀ | ၄၅၂၀ | ၄၉ | ၈၆၃.၆၀ | ၁၀၁၉၉ | ၇၀ | ၆.၄၀ | ၄၄၀၁ | - | - | - | ၈၆၃.၆၅ |
| ၁၂ | တောက်ပြိုတမံ | ၆၇၉.၀၀ | ၂၄၉၁ | ၆၅၉.၀၀ | ၄၇၅ | ၁ | ၆၇၄.၀၀ | ၁၈၃၈ | - | ၅.၀၀ | ၆၅၃ | - | - | - | ၆၇၄.၀၀ |

မှတ်ချက် - ပေါင်းလောင်းတမံတွင် HED ရေတံခါးရွက် (၁၄) ချပ်ထောင်ထားပါသည်။


ထုတ်လုပ်မှုသက်တမ်း (၂၀) နှစ်ကျော်ရှိပြီး မိဘပြည်သူများ ယုံကြည်စိတ်ချစွာ အသုံးပြုနိုင်ပါသည်။
တစ်သက်တာလုံးကြံ့ခိုင်ဖို့
RHINO
သုံးကြစို့....
RHINO CEMENT
PREMIUM QUALITY CEMENT
RHINO PORTLAND CEMENT
PRODUCT OF MEC EXPORT QUALITY
PORTLAND CEMENT, BRITISH STANDARD OPC-BS-12-1996,42.5N
ပင်ရင်းအရောင်းဌာန- ဖုန်း - ၀၉ ၄၂၈၇၃၀၉၉၂၊ ၀၉ ၄၂၈၇၃၀၉၉၃
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန်-မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇


ထာဝရလှပသော အပြုံးအတွက်
Fluoride ပါဝင်သောကြောင့်
သွားများကို ဖြူဖွေးတောက်ပစေပါသည်။
DENTOMEC
FDA အမှတ်-2212 PCE 0013
DENTIST RECOMMENDED
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၆၉၉၀၂၇၀၈၅၊ ၀၉ ၄၂၈၀၅၅၁၆၉
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန်-မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇


OKKAN SUGAR MILL
ဥက္ကံ သကြားစက်၊ ရန်ကုန်တိုင်းဒေသကြီး
FDA ထောက်ခံချက်အမှတ်-စ၅/၂၁၃၄၆/ထလ
FDA Approved No. Sa 5/21346/Hta la
Phone,09 798157939(Office),09 773646431(Mill)
မြန်မာပြည်တွင်ထုတ်လုပ်သည်
သကြားဖြူ White Sugar


မြန်မာလင်း(န်)အင်(န်)ဒဲဗလော့(ပ်)မင့်(တ်)လီမိတက်
Myanmar Land and Development Limited
အဆင့်မြင့်နည်းပညာဖြင့် ပစ္စည်းအစစ်အမှန်သုံးကာ မြန်-ကောင်း-သက်သာ စိတ်တိုင်းကျစွာဖြင့် ဆောက်လုပ်ပေးမှာ MLDL ပါ
ဆက်သွယ်ရန်
Myanmar Land and Development Limited၊ အမှတ်(၁/၂)၊ သီရိရတနာလမ်း၊ ခွာညိုပန်းအဝိုင်းအနီး၊ဇေနသီဒ္ဓိရပ်ကွက်၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်။
ဖုန်း - ၀၆၇ ၃၄၃၅၁၈၁၊ ၀၆၇ ၃၄၃၅၁၈၂၊၀၆၇ ၃၄၃၅၁၈၅၊ ၀၆၇ ၃၄၃၅၁၈၃၊ Fax - ၀၆၇ ၃၄၃၅၁၈၈၊ Email; myanmarland2005@gmail.com

# ပရီးမီးယားလိဂ်ပွဲစဉ်(၈) စပိန်လာလီဂါပွဲစဉ်(၁၀)နှင့် ဂျာမန်ဘွန်ဒက်စ်လီဂါပွဲစဉ် (၇)ပွဲကြိုသုံးသပ်ချက်များ



## မန်ယူ Vs ဘရန့်ဖို့ဒ်

**ကစားမည့်ရက်/အချိန်**
**(၁၉-၁၀-၂၀၂၄ ည ၈:၃၀ နာရီ)**
**နှစ်သင်းနောက်ဆုံးသုံးပွဲတွေ့ဆုံမှုရလဒ်**
**ဘရန့်ဖို့ဒ် ၁ - ၁ မန်ယူ**
**မန်ယူ ၂ - ၁ ဘရန့်ဖို့ဒ်**
**မန်ယူ ၁ - ၀ ဘရန့်ဖို့ဒ်**
**နောက်ဆုံးကစားခဲ့တဲ့သုံးပွဲ အနိုင်၊ အရှုံးရလဒ်**
**မန်ယူ အိမ်(ရှုံး) ဝေး(သရေ) ဝေး(သရေ)**
**ဘရန့်ဖို့ဒ် ဝေး(ရှုံး) အိမ်(သရေ) အိမ်(နိုင်)**

ပြိုင်ပွဲစုံနောက်ဆုံးကစားခဲ့တဲ့ ငါးပွဲဆက်နိုင်ပွဲပျောက်ဆုံးထားတဲ့ မန်ယူအသင်းအတွက် ဖိအားတွေအောက်ရောက်နေလို့ အခုအိမ်ကွင်းပွဲစဉ်မှာ နိုင်ပွဲပြန်လည်ရယူနိုင်ဖို့ သေချာပြင်ဆင်လာမှာပါ။ မန်ယူအသင်းနည်းပြတန်ဟတ်အတွက် အခုပွဲစဉ်မှာသာ ရလဒ်ဆိုးရွားခဲ့မယ်ဆိုရင် နည်းပြရာထူးကနေ ချက်ချင်းထုတ်ပယ်ခံရနိုင်တဲ့အခြေအနေတွေကြောင့် မန်ယူအသင်း မဖြစ်မနေအနိုင်ရလဒ်အတွက် ဦးတည်ကစားလာမှာပါ။ မန်ယူအသင်းကွင်းလယ်ပိုင်းမှာ အဓိက ကစားသမားတွေမပါဝင်နိုင်လို့ ရုန်းကန်ရနိုင်တယ်ဆိုပေမယ့် ဘရန့်ဖို့ဒ်အသင်းနဲ့ တွေ့ဆုံတိုင်း ရလဒ်ကောင်းလေ့ရှိလို့ အခုအိမ်ကွင်းပွဲစဉ်မှာလည်း ဘရန့်ဖို့ဒ်အသင်းကို အကောင်းဆုံးဖိအားပေးကစားနိုင်မှာပါ။ မန်ယူအသင်းတိုက်စစ်ပိုင်းမှာတော့ ရက်ရှ်ဖို့ဒ်၊ ဟွိုက်လန်းနဲ့ ဇက်ဇီးတို့လို အဓိက ကစားသမားတွေ ဒဏ်ရာကင်းစင်နေလို့ အသင်းတိုက်စစ်ပိုင်းကတော့ အင်အားတောင့်တင်းမှုရှိပါတယ်။ မန်ယူအသင်းက အိမ်ကွင်းမှာ ဘရန့်ဖို့ဒ်အသင်းကို လက်ခံကစားရတိုင်း တစ်ပွဲမှမရှုံးနိမ့်ဖူးတဲ့အထိ ရလဒ်ကောင်းလေ့ရှိတာကိုတော့ သတိပြုရမှာပါ။

ဘရန့်ဖို့ဒ်အသင်းကတော့ အိမ်ကွင်းဆိုရင်သာ အသင်းလိုက်ကစားပုံ တည်ငြိမ်မှုရှိတယ်ဆိုပေမယ့် အဝေးကွင်းဆိုရင်တော့ ခြေစွမ်းပိုင်းကတည်ငြိမ်မှုမရှိဘဲ ရုန်းကန်နေရပါတယ်။ ဘရန့်ဖို့ဒ်အသင်းက ဒီဘောလုံးရာသီ ပရီးမီးယားလိဂ်ပြိုင်ပွဲ အဝေးကွင်းသုံးပွဲကစားပြီးချိန်မှာ သုံးပွဲစလုံးရှုံးနိမ့်ထားလို့ အဝေးကွင်းစွမ်းဆောင်ရည်ပိုင်းက အတော်လေးကျဆင်းနေပြီး အခုအဝေးကွင်းပွဲစဉ်မှာလည်း မန်ယူအသင်းကို ပွဲချိန်ပြည့်တုံ့ပြန်ကစားနိုင်ဖို့ ခက်ခဲနေမှာပါ။ ဘရန့်ဖို့ဒ်အသင်း တိုက်စစ်ပိုင်းကလည်း ဒီဘောလုံးရာသီ အဝေးကွင်းသုံးပွဲမှာ နှစ်ဂိုးသာရရှိတဲ့အထိ ခြေစွမ်းကျဆင်းနေလို့ မန်ယူအသင်းခံစစ်ပိုင်းကို ကျော်ဖြတ်ဖို့ ခက်ခဲမှာပါ။

ဒီနှစ်သင်းထိပ်တိုက်တွေ့ဆုံမှုအပိုင်းမှာ မန်ယူအသင်းက လေးကြိမ်အနိုင်ရရှိထားပါတယ်။ ဘရန့်ဖို့ဒ်အသင်းက တစ်ကြိမ်သာပြန်လည်အနိုင်ရရှိခဲ့ပြီး နှစ်ကြိမ်သရေရလဒ်ထွက်ပေါ်ထားပါတယ်။ ဒီပွဲမှာ အိမ်ရှင်အားသာချက်နဲ့ဖိအားအောက်ကရုန်းထွက်ဖို့ ကြိုးစားလာမယ့် မန်ယူအသင်းကိုပဲ အားပေးရမှာပါ။

ခန့်မှန်းရလဒ်- မန်ယူ ၂ - ၁ ဘရန့်ဖို့ဒ်

## ဂီရိုနာ Vs ဆိုစီဒက်စ်

**ကစားမည့်ရက်/အချိန်**
**(၁၉-၁၀-၂၀၂၄ ည ၁၁:၀၀ နာရီ)**
**နှစ်သင်းနောက်ဆုံးသုံးပွဲတွေ့ဆုံမှုရလဒ်**
**ဂီရိုနာ ၀ - ၀ ဆိုစီဒက်စ်**
**ဆိုစီဒက်စ် ၁ - ၁ ဂီရိုနာ**
**ဆိုစီဒက်စ် ၂ - ၂ ဂီရိုနာ**
**နောက်ဆုံးကစားခဲ့တဲ့သုံးပွဲ အနိုင်၊ အရှုံးရလဒ်**
**ဂီရိုနာ ဝေး(သရေ) အိမ်(ရှုံး) အိမ်(နိုင်)**
**ဆိုစီဒက်စ် အိမ်(နိုင်) အိမ်(ရှုံး) အိမ်(သရေ)**

ဂီရိုနာအသင်းက ၂၀၁၀ ပြည့်နှစ်က ဆိုစီဒက်စ်အသင်းကို အနိုင်ရရှိပြီးနောက်ပိုင်း ၂၄ နှစ်အတွင်း တစ်ကြိမ်မှ အနိုင်မရရှိခဲ့လို့ ဆိုစီဒက်စ်အသင်းနဲ့တွေ့ဆုံတိုင်း ဂီရိုနာအသင်းအတွက် ခက်ခဲခဲ့ပါတယ်။ ဂီရိုနာအသင်းရဲ့ ဒီဘောလုံးရာသီ စွမ်းဆောင်ရည်ပိုင်းကတော့ အတက်အကျမြန်ဆန်နေပြီး မတည်မငြိမ်ဖြစ်နေပါတယ်။ အသင်းမှာ အဓိက ကစားသမားအများစုထွက်ခွာသွားခဲ့တဲ့အချက်က ဂီရိုနာအသင်းရဲ့ စွမ်းဆောင်ရည်ပိုင်းနဲ့ ရလဒ်ပိုင်းအပေါ် အကျိုးသက်ရောက်မှုကြီးခဲ့ပါတယ်။ ဂီရိုနာအသင်းက ဒီဘောလုံးရာသီ အိမ်ကွင်းလေးပွဲမှာ နှစ်ပွဲအနိုင်ရရှိပြီး တစ်ပွဲသရေရလဒ်နဲ့ တစ်ပွဲရှုံးနိမ့်ထားလို့ အိမ်ကွင်းစွမ်းဆောင်ရည်ပိုင်းကတော့ အားရစရာမရှိဘဲ ပုံမှန်အနေအထားမှာပဲရှိနေသလို ဆိုစီဒက်စ်အသင်းနဲ့ တွေ့ဆုံတိုင်းလည်း ရုန်းကန်ရလေ့ရှိတဲ့ အစဉ်အလာဆိုးရှိနေပါတယ်။

ဆိုစီဒက်စ်အသင်းကလည်း ဒီဘောလုံးရာသီမှာပုံစံကောင်းပျောက်ဆုံးနေပြီး ရုန်းကန်နေရတယ်ဆိုပေမယ့် ဂီရိုနာအသင်းနဲ့တွေ့ဆုံတဲ့ပွဲစဉ်တိုင်း ရလဒ်ကောင်းလေ့ရှိပါတယ်။ ဆိုစီဒက်စ်အသင်းက ဒီဘောလုံးရာသီအဝေးကွင်းလေးပွဲကစားပြီးချိန်မှာ တစ်ပွဲသာအနိုင်ရရှိပြီး နှစ်ပွဲသရေရလဒ်နဲ့တစ်ပွဲရှုံးနိမ့်ထားလို့ အဝေးကွင်းစွမ်းဆောင်ရည်ပိုင်းက ပုံမှန်အနေအထားမှာရှိနေပါတယ်။ ဆိုစီဒက်စ်အသင်းက ပြီးခဲ့တဲ့ အနီးစပ်ဆုံးကစားခဲ့တဲ့ အက်သလက်တီကိုအသင်းနဲ့ပွဲစဉ်မှာလည်း ပုံစံကောင်း ပြန်လည်ပြသနိုင်ခဲ့ပြီး သရေရလဒ်ရရှိအောင် ကစားနိုင်ခဲ့တဲ့အထိ ခြေစွမ်းပိုင်းက အနည်းငယ်ပြန်ကောင်းလာသလို တိုက်စစ်ပိုင်းကလည်း နောက်ပိုင်းပွဲစဉ်တွေမှာ သွင်းဂိုးတွေပုံမှန်ပြန်လည်ရရှိအောင် စွမ်းဆောင်လာနိုင်ခဲ့ပါတယ်။

ဒီနှစ်သင်း ထိပ်တိုက်တွေ့ဆုံမှုအပိုင်းမှာ ဆိုစီဒက်စ်အသင်းက သုံးကြိမ်အနိုင်ရရှိပါတယ်။ ဂီရိုနာအသင်းက တစ်ကြိမ်သာအနိုင်ရရှိပြီး ရှစ်ကြိမ်သရေရလဒ်ထွက်ပေါ်ထားပါတယ်။ အခုပွဲစဉ်မှာ အနည်းဆုံးသရေရလဒ်ရရှိအောင် စွမ်းဆောင်လာမယ့် ဆိုစီဒက်စ်အသင်းပဲ ရလဒ်ကောင်းမှာပါ။

ခန့်မှန်းရလဒ်- ဂီရိုနာ ၁ - ၂ ဆိုစီဒက်စ်

## ဘိုင်ယန်မြူးနစ် Vs စတုဂတ်

**ကစားမည့်ရက်/အချိန်**
**(၁၉-၁၀-၂၀၂၄ ည ၁၁:၀၀ နာရီ)**
**နှစ်သင်းနောက်ဆုံးသုံးပွဲတွေ့ဆုံမှုရလဒ်**
**စတုဂတ် ၃ - ၁ ဘိုင်ယန်မြူးနစ်**
**ဘိုင်ယန်မြူးနစ် ၃ - ၀ စတုဂတ်**
**စတုဂတ် ၁ - ၂ ဘိုင်ယန်မြူးနစ်**
**နောက်ဆုံးကစားခဲ့တဲ့သုံးပွဲ အနိုင်၊ အရှုံးရလဒ်**
**ဘိုင်ယန်မြူးနစ် အိမ်(သရေ) ဝေး(ရှုံး) ဝေး(သရေ)**
**စတုဂတ် အိမ်(သရေ) အိမ်(သရေ)အိမ်(သရေ)**

လက်ရှိကစားသမားစုဖွဲ့မှုပိုင်းနဲ့ ခြေစွမ်းပိုင်းအရ နှိုင်းယှဉ်ကြည့်ရမယ်ဆိုရင်လည်း ဘိုင်ယန်မြူးနစ်အသင်းအတွက် အဘက်ဘက်က အသာစီးမှာရှိနေပါတယ်။ ဘိုင်ယန်မြူးနစ်အသင်းအတွက် အခုပွဲစဉ်မှာသာ နိုင်ပွဲထပ်မံပျောက်ဆုံးခဲ့မယ်ဆိုရင် အမှတ်ပေးဇယားထိပ်ဆုံးနေရာက ဖယ်ပေးရနိုင်တဲ့အခြေအနေတွေကြောင့် အခုအိမ်ကွင်းပွဲစဉ်မှာတော့ နိုင်ပွဲပြန်လည်ရရှိအောင် ပြင်ဆင်လာမှာပါ။ ဘိုင်ယန်မြူးနစ်အသင်းက ဒီဘောလုံးရာသီ အိမ်ကွင်း နှစ်ပွဲကစားပြီးချိန်မှာ ရှုံးပွဲမရှိသေးဘဲ တစ်ပွဲနိုင်၊ တစ်ပွဲသရေရလဒ်ထွက်ပေါ်ထားပါတယ်။ ဘိုင်ယန်မြူးနစ်အသင်းက ဟယ်ရီကိန်းဦးဆောင်နေတဲ့ တိုက်စစ်ပိုင်းအပြင် အိုလီဆီနဲ့ မူစီအာလာတို့လို ကွင်းလယ်ပိုင်းကလည်း တိုက်စစ်ပိုင်းအထိ လိုက်ပါဂိုးသွင်းယူနိုင်စွမ်းရှိလို့ စတုဂတ်အသင်းခံစစ်ပိုင်းအတွက်ကတော့ ပွဲချိန်ပြည့်ထိန်းချုပ်ဖို့ ခက်ခဲမှာပါ။

စတုဂတ်အသင်းကလည်း နောက်ပိုင်းပွဲစဉ်တွေမှာ စွမ်းဆောင်ရည်ပိုင်း သိသိသာသာကျဆင်းခဲ့ပြီး နောက်ဆုံးကစားခဲ့တဲ့ ပြိုင်ပွဲစုံ လေးပွဲမှာ တစ်ပွဲမှမရှုံးနိမ့်ခဲ့ဘူးဆိုပေမယ့် တစ်ပွဲမှနိုင်ပွဲမရရှိဘဲ သရေရလဒ်တွေသာရရှိခဲ့လို့ ပုံမှန်ခြေစွမ်းအောက်ရောက်နေပါတယ်။ စတုဂတ်အသင်းက ဒီဘောလုံးရာသီ အဝေးကွင်းပွဲစဉ် သုံးပွဲကစားပြီးချိန်မှာ တစ်ပွဲသာအနိုင်ရရှိခဲ့ပြီး တစ်ပွဲသရေရလဒ်နဲ့ တစ်ပွဲရှုံးနိမ့်ထားလို့ စွမ်းဆောင်ရည်ပိုင်းကတော့ အားရစရာမရှိပါဘူး။ ဒ့ါပြင် စတုဂတ်အသင်းက ဘိုင်ယန်မြူးနစ်အသင်းအိမ်ကွင်းမှာ ၂၀၁၈ ခုနှစ်က အနိုင်ရရှိပြီးနောက်ပိုင်း တစ်ကြိမ်မှအနိုင်ရရှိခြင်းမရှိတော့ဘဲ ပွဲစဉ်တိုင်း ရုန်းကန်ခဲ့ရသလို အခုအဝေးကွင်းပွဲစဉ်မှာလည်း ရုန်းကန်ရနိုင်ပါတယ်။

ဒီနှစ်သင်းတွေ့ဆုံမှုမှာ ဘိုင်ယန်မြူးနစ်အသင်းက ၃၇ ကြိမ်အနိုင်ရရှိထားပါတယ်။ စတုဂတ်အသင်းက ခုနစ်ကြိမ်အနိုင်ရရှိခဲ့ပြီး ခြောက်ကြိမ်သရေရလဒ်ထွက်ပေါ်ထားပါတယ်။ ဒီပွဲမှာ ကစားသမားစုဖွဲ့မှုပိုင်း အသာစီးမှာရှိနေတဲ့ ဘိုင်ယန်မြူးနစ်အသင်းပဲ နိုင်ပွဲရရှိပါလိမ့်မယ်။

ခန့်မှန်းရလဒ်- ဘိုင်ယန်မြူးနစ် ၃ - ၂ စတုဂတ်

## ပရီးမီးယားလိဂ်ပွဲစဉ်(၈)

ဖူလ်ဟမ် - **အက်စ်တွန်ဗီလာ**
**အစ်ဝှစ်ချ်** - အဲဗာတန်
**နယူးကာဆယ်** - ဘရိုက်တန်
**စပါး** - ဝက်စ်ဟမ်း
**ဆောက်သမ်တန်** - လက်စတာ
ဘုန်းမောက်စ် - **အာဆင်နယ်**

## စပိန်လာလီဂါပွဲစဉ်(၁၀)

**ဘီလ်ဘာအို** - အက်စ်ပန်ညို
အိုဆာဆူနာ - ဘတ်တစ်
ဆယ်လ်တာဗီဂို - **ရီးယဲလ်မက်ဒရစ်**

## ဂျာမန်ဘွန်ဒက်စ်လီဂါပွဲစဉ်(၇)

**လေဗာကူဆင်** - ဖရန့်ဖတ်
**ဂလာဘတ်** - ဟီဒန်ဟိန်း
**ဖရိုင်းဘတ်** - အော့စ်ဘတ်
**ဟော့ဖန်ဟိန်း** - ဘိုချမ်
မိန့်ဇ် - **လိုက်ပဇစ်**

**စည်သူအောင်**



# သစ်စိမ်းမြေဩဇာ(ပိုက်ဆန်လျှော်)စိုက်ပျိုးခြင်း သရုပ်ပြပွဲနှင့် တောင်သူအသိပညာပေးဆွေးနွေး

ညောင်ဦး အောက်တိုဘာ ၁၈

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သစ်စိမ်းမြေဩဇာ(ပိုက်ဆန်လျှော်) စိုက်ပျိုးခြင်း သရုပ်ပြပွဲနှင့် တောင်သူအသိပညာပေးဆွေးနွေးပွဲကို အောက်တိုဘာလ ၁၇ ရက်က ညောင်ဦးမြို့ အမှတ်(၇) ရပ်ကွက် တောင်ဘီကျေးရွာရှိ ကွင်းအမှတ် (၁၅၁၈) တောင်သူ ဦးအောင်မင်း၏ ယာမြေ ၁၀ ဧကၡ ဆောင်ရွက်ကြောင်း သိရသည်။

ရှေးဦးစွာ တောင်သူဦးအောင်မင်း၏ ယာမြေ ၁၀ ဧကတွင် သစ်စိမ်းမြေဩဇာ (ပိုက်ဆန်လျှော်) ကြဲပက်စိုက်ပျိုးခြင်းကို သရုပ်ပြသကြသည်။

ယင်းနောက် ပညာပေးဆွေးနွေးပွဲကို ယာယီမဏ္ဍပ်၌ ကျင်းပရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူးဒေါ်ခင်ငွေးရီက တောင်သူများ ဓာတ်မြေဩဇာကို ရေရှည်အသုံးပြုခြင်းဖြင့် မြေဆီလွှာအတွင်း သဘာဝမြေဆွေးများဆုံးရှုံးခြင်း၊ မြေချဉ်၊ ငန်နှုန်းများ ပြောင်းလဲလာခြင်း၊ အကျိုးပြုအဏုဇီဝများ လျော့နည်းသွားခြင်းတို့ကြောင့် သီးနှံအထွက်နှုန်းလျော့ကျလာခြင်းကို အလွယ်ကူဆုံးနှင့် အသက်သာဆုံးဖြေရှင်းပေးနိုင်စေရန် ယခုကဲ့သို့ သစ်စိမ်းမြေဩဇာ (ပိုက်ဆန်လျှော်)များ ရည်ရွယ် စိုက်ပျိုးပေးခြင်းဖြစ်ကြောင်း အသိပညာပေး ရှင်းလင်းပြောကြားသည်။

ညောင်ဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် တောင်သူပညာပေးလုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်ပေးလျက်ရှိသည်။ အဆိုပါသရုပ်ပြပွဲနှင့် တောင်သူအသိပညာပေးဆွေးနွေးပွဲတွင် တောင်သူများအား သစ်စိမ်းမြေဩဇာ (ပိုက်ဆန်လျှော်)စိုက်ပျိုးခြင်းဖြင့် ရရှိလာနိုင်သည့် အကျိုးကျေးဇူးများကို အသိပညာပေးဆောင်ရွက်ခဲ့သည်။ ထို့ပြင် တောင်သူများကိုယ်တိုင် ပါဝင်ကြဲပက်သရုပ်ပြသစေ၍ စိတ်ပါဝင်စားစွာစိုက်ပျိုးလိုသည့် တောင်သူများကိုလည်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဧက ၄၀ စာ မျိုးစေ့များ အခမဲ့ဖြန့်ဝေပေးရန် စီစဉ်ထားကြောင်း သိရသည်။

အဆိုပါအခမ်းအနားသို့ ညောင်ဦးခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစောထွန်းဝင်းနှင့်အဖွဲ့ဝင်များ၊ ညောင်ဦးမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနန်းတင့်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူးနှင့်ဝန်ထမ်းများ၊ ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန ဦးစီးမှူးနှင့်ဝန်ထမ်းများ၊ ဖိတ်ကြားထားသည့် တောင်သူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**ဒီပါလင်း**

# ဝါသီးနှံအထွက်နှုန်း အရည်အသွေးတိုးတက်မြင့်မားရေး ပိုးမွှားရောဂါကာကွယ်နှိမ်နင်းမှုနှင့် မျိုးကောင်းမျိုးသန့်မျိုးစေ့ အဆင့်ဆင့်စိုက်ပျိုးထုတ်လုပ်ခြင်းနည်းပညာပေး သင်တန်းဖွင့်လှစ်



ကျောက်ဆည် အောက်တိုဘာ ၁၈


မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် ကျောက်ဆည်မြို့နယ် ဝါသီးနှံသုတေသနနှင့် နည်းပညာဖွံ့ဖြိုးရေးခြံ (လွန်ကျော်)၌ ဝါသီးနှံအထွက်နှုန်း၊ အရည်အသွေးတိုးတက်မြင့်မားရေး၊ ပိုးမွှားရောဂါကာကွယ်နှိမ်နင်းမှုနှင့် မျိုးကောင်းမျိုးသန့်မျိုးစေ့ အဆင့်ဆင့်စိုက်ပျိုးထုတ်လုပ်ခြင်း နည်းပညာပေးသင်တန်းကို အောက်တိုဘာလ ၁၇ ရက်က ဖွင့်လှစ်ရာ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီး အတွင်းရှိ ခရိုင်/မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သင်တန်းသား၊ သင်တန်းသူ ၃၀ ဦး တက်ရောက်ကြကြောင်း သိရသည်။

သင်တန်း၌ မန္တလေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဝင်းထိန်က ဝါသီးနှံ တစ်ဧကပန်းတိုင်အထွက်နှုန်း ပိဿာ ၇၀၀ ရရှိရေး စိုက်ပျိုးနည်းစနစ်များကို စနစ်တကျလေ့လာသင်ယူရန် အရေးကြီးကြောင်း၊ သင်တန်းသားများအနေဖြင့် ဝါသီးနှံနှင့်စပ်လျဉ်း၍ စာတွေ့ လက်တွေ့ ကျွမ်းကျင်အောင် လေ့လာသင်ယူကြစေလိုကြောင်း စသည်ဖြင့် အမှာစကားပြောကြားသည်။

အဆိုပါသင်တန်း၌ ဝါသီးနှံနှင့်ပတ်သက်၍ ပန်းတိုင်အထွက်နှုန်း ပိဿာ ၇၀၀ ရရှိရေး စိုက်ပျိုးနည်းစနစ်များ၊ အရည်အသွေးကောင်းဝါမျိုးစေ့ ထုတ်လုပ်ပုံအဆင့်ဆင့်၊ ပိုးမွှားရောဂါကာကွယ်နှိမ်နင်းနည်းများ၊ ဝါပင်အတွက် အရေးကြီးသော အာဟာရဓာတ်များနှင့် ဝါသီးနှံ ရေကြီးနစ်မြုပ်မှုဖြစ်ပေါ်ပါက ပြန်လည်ကုစားရမည့်နည်းလမ်းများ စသည့် ဘာသာရပ်များကို စာတွေ့သင်ကြားပို့ချပေးခဲ့သည်။ ထို့ပြင် ဝါစိုက်ခင်းများ၌ ဝါသီးနှံမျိုးကွဲနုတ်ပယ်ခြင်း၊ ပိုးမွှားမှတ်တမ်းကောက်ယူခြင်း၊ ဝါအထွက်နှုန်းခန့်မှန်းတိုင်းတာခြင်း၊ မျိုးကူးစပ်ခြင်းများနှင့် သီးလုံးဖောက်ပိုးဒဏ်ခံနိုင်ရည်ရှိသော Bt gene ပါဝင်မှုရှိ၊ မရှိ စစ်ဆေးခြင်းတို့ကိုလည်း လက်တွေ့သင်ကြားခဲ့ကြောင်းနှင့်သင်တန်းအပြီးတွင် ဆန်းစစ်စာမေးပွဲကျင်းပကာ ပထမ၊ ဒုတိယ၊ တတိယနှင့် နှစ်သိမ့်ဆုရရှိသူများအား ဆုများချီးမြှင့်ပေးခဲ့ကြောင်း သိရသည်။

**သက်မောင်(ကျောက်ဆည်)**

## မိုးလေဝသ သတင်း




| မှတ်သားဖွယ်ရာမိုးရေချိန်များ | |
|---|---|
| မြိတ် | (၂.၃၆)လက်မ |
| ဖြူး | (၂.၁၇)လက်မ |
| တမူး | (၁.၇၇)လက်မ |
| အုတ်ဖို | (၁.၄၅)လက်မ |
| လက်ပံတန်း | (၁.၀၆)လက်မ |
| နေပြည်တော် (ဇေယျာသီရိ) | (၀.၉၈)လက်မ |
| ကော့ကရိတ် | (၀.၉၈)လက်မ |
| သာစည်(လှိုင်းတက်) | (၀.၈၃)လက်မ |
| မိတ္ထီလာ | (၀.၇၉)လက်မ |
| မချမ်းဘော့ | (၀.၆၃)လက်မ |

| တိုင်းဒေသကြီး/ပြည်နယ် | (နိမ့်) | (မြင့်) |
|---|---|---|
| ကချင် | ၁၉ | ၃၁ |
| ရှမ်း(မြောက်) | ၂၀ | ၃၀ |
| ရှမ်း(အရှေ့) | ၂၀ | ၃၂ |
| ရှမ်း(တောင်) | ၁၅ | ၂၉ |
| ချင်း | ၁၄ | ၂၅ |
| စစ်ကိုင်း(အထက်) | ၂၃ | ၃၁ |
| စစ်ကိုင်း(အောက်) | ၂၄ | ၃၄ |
| နေပြည်တော် | ၂၄ | ၃၃ |
| မန္တလေး | ၂၄ | ၃၄ |
| မကွေး | ၂၄ | ၃၅ |
| ရခိုင် | ၂၃ | ၃၅ |
| ပဲခူး | ၂၂ | ၃၄ |
| ရန်ကုန် | ၂၅ | ၃၆ |
| ဧရာဝတီ | ၂၄ | ၃၄ |
| ကယား | ၂၂ | ၃၂ |
| ကရင် | ၂၄ | ၃၄ |
| မွန် | ၂၄ | ၃၄ |
| တနင်္သာရီ | ၂၃ | ၃၃ |

# ဓမ္မစကြာဒေသနာရွတ်ဖတ်ပူဇော်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကျင်းပ

ရန်ကုန် အောက်တိုဘာ ၁၈

ရန်ကုန်တိုင်းဒေသကြီး ဒဂုံ(မြောက်ပိုင်း) မြို့နယ် ပြည်ကြီးချမ်းသာမဟာစေတီတော် (မြို့ဦးစေတီ) သန္တိသုခဓမ္မာရုံ၌ သီတင်းကျွတ်လပြည့် (အဘိဓမ္မာအခါတော်နေ့) ဓမ္မစကြာဒေသနာရွတ်ဖတ်ပူဇော်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို အောက်တိုဘာလ ၁၇ ရက်က ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးသန်းဝင်းက အဖွင့်အမှာစကားပြောကြားပြီး အထူးဆုနှင့် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသည့်ဝတ်အသင်းများအား အိတ်ပိတ်စာအိတ်များကို ဖွင့်ဖောက်ကြေညာပေးရာ (၃၉) ရပ်ကွက်ဝတ်အသင်းနှင့် (၁၀၇) ရပ်ကွက်ဝတ်အသင်းတို့မှ ပထမဆုပူးတွဲရရှိသည်။ ဆက်လက်၍ (၃၉) ရပ်ကွက်ဝတ်အသင်းမှ အသင်းခေါင်းဆောင်တစ်ဦးက ကျေးဇူးတင်စကားပြောကြားကာ ရရှိသည့်ဆုငွေကို ပြည်ကြီးချမ်းသာမဟာစေတီတော်သို့ ပြန်လည်လှူဒါန်းသည်။

ထို့နောက် ပြည်ကြီးချမ်းသာ မဟာစေတီတော်(မြို့ဦးစေတီ) ဘဏ္ဍာထိန်းဂေါပကအဖွဲ့ဥက္ကဋ္ဌက ကျေးဇူးတင်ဝမ်းမြောက်စကားပြောကြားပြီး အခမ်းအနားကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုပိတ်သိမ်းကာ ဆုရဝတ်အသင်းများက ဓမ္မစကြာဒေသနာတော်အား ရွတ်ဖတ်ပူဇော်ကြသည်။

အဆိုပါ ဓမ္မစကြာဒေသနာရွတ်ဖတ်ပူဇော်ပွဲတွင် ဝတ်အသင်းကိုးသင်းပါဝင်ယှဉ်ပြိုင်ကြကြောင်း သိရသည်။ (၂၈၅)

# ကျောင်းကုန်းမြို့နယ်၌ ဒေသထွက် ကြက်ဟင်းခါးသီးများ အရောင်းအဝယ်ကောင်းမွန်နေ

ကျောင်းကုန်း အောက်တိုဘာ ၁၈

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ်၌ ဒေသထွက် ကြက်ဟင်းခါးသီးများ အရောင်းအဝယ်ကောင်းမွန်နေကြောင်း ကျောင်းကုန်းမြို့နယ်၌ ကုန်စိမ်းမျိုးစုံရောင်းဝယ်ရေးလုပ်ငန်းလုပ်ကိုင်သူ ဒေါ်အေးကဗျာ၏ပြောပြချက်အရ သိရသည်။

ကျောင်းကုန်းမြို့နယ်၌ အောက်တိုဘာလပထမပတ်မှစ၍ ကြက်ဟင်းခါးသီးများ ဝယ်လိုအားကောင်းလာခြင်းဖြစ်ပြီး ရောင်းတမ်းဝင် ကြက်ဟင်းခါးသီးများ တစ်ရက်လျှင် အလုံး ၁၇၀၀၀ မှ ၁၉၀၀၀ အထိ အရောင်းအဝယ်ဖြစ်နေကြောင်းနှင့် အဆိုပါဒေသထွက်ကြက်ဟင်းခါးသီးများမှာ အရည်အသွေးကောင်းမွန်ကြောင်း သိရသည်။

"ကျောင်းကုန်းမြို့နယ်မှာ မိုးသီးနှံအဖြစ် စိုက်ထားတဲ့အရည်အသွေးကောင်း ကြက်ဟင်းခါးသီးတွေ ထွက်ရှိနေပါပြီ။ အထွက်နှုန်းလည်းကောင်းပါတယ်။ ကြက်ဟင်းခါးသီးတွေကို ဒေသဈေးကွက်အပြင် တခြားဒေသကုန်စိမ်းဈေးကွက်တွေကလည်း အဝယ်လိုက်နေပါတယ်။ ကျောင်းကုန်းဒေသထွက် ကြက်ဟင်းခါးသီးတွေက ပိုးမွှားကင်းရှင်းပြီး အရည်အသွေးကောင်းမွန်တာတွေ့ရပါတယ်"ဟု ဒေါ်အေးကဗျာကပြောသည်။

လက်ရှိတွင် ကျောင်းကုန်းမြို့နယ်မှ စိုက်ပျိုးထွက်ရှိသည့် ကြက်ဟင်းခါးသီးများ ဈေးရရှိနေကြောင်း၊ အဆိုပါဒေသထွက် ကြက်ဟင်းခါးသီးများနှင့် တခြားကုန်စိမ်းများကို ဒေသဈေးကွက်အပြင် ပုသိမ်၊ ပန်းတနော်၊ မအူပင် စသည့်ဒေသတို့သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။ **ကျော်ကျော်လင်း**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့်ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့်စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့်စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကိုအားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကိုအကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ **လက်နက်ကိုင်ပဋိပက္ခကို နိုင်ငံရေးနည်းနဲ့မဖြေရှင်းဘဲ အကြမ်းဖက်တိုက်ခိုက်မှုနဲ့ ဖြေရှင်းနေမှုတွေကို ယဉ်ကျေးတဲ့လူ့အဖွဲ့အစည်းတစ်ခုအနေနဲ့ လုံးဝလက်ခံလို့မရတာကြောင့် ဘုံရန်သူအဖြစ်သတ်မှတ်ပြီး ရှမ်းပြည်နယ်မြောက်ပိုင်းဒေသကိုသာမဟုတ်ဘဲ နိုင်ငံတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းမှု ပြန်လည်ရရှိတဲ့အထိ ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမှာဖြစ်ပါတယ်. . .**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၆ ရက်နေ့တွင် နိုင်ငံတော်၏ လုံခြုံရေးဆိုင်ရာအခြေအနေများနှင့်ပတ်သက်၍ ပြောကြားချက်မှ ကောက်နုတ်ချက်)

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ် (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ ဗုဒ္ဓဝင်ဆယ်ဘွဲ့လာ မဟာဇနကဇာတ်တော်ကြီးပြိုင်ပွဲသို့ တက်ရောက်ကြည့်ရှုအားပေး





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ဇနီး ဒေါ်သန်းသန်းနွယ်နှင့်အဖွဲ့ဝင်များ ၂၀၂၄ ခုနှစ်၊ (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ ဗုဒ္ဓဝင်ဆယ်ဘွဲ့လာ "မဟာဇနက" ဇာတ်တော်ကြီးပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးကိုယ်စားပြု"ရွှေရန်ကုန်တိုင်းဇာတ်အလှသဘင်"ဇာတ်တော်ကြီးအဖွဲ့၏ ယှဉ်ပြိုင်ကပြဖျော်ဖြေမှုကို ကြည့်ရှုအားပေးစဉ်။

နေပြည်တော် အောက်တိုဘာ ၁၈

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်တို့သည် ယနေ့ညပိုင်းတွင် နေပြည်တော်စည်ပင်သာယာရေးကော်မတီရှိ လဟာပြင်ဇာတ်ရုံ၌ ကျင်းပလျက်ရှိသည့် ၂၀၂၄ ခုနှစ်၊ (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ ဗုဒ္ဓဝင်ဆယ်ဘွဲ့လာ "မဟာဇနက" ဇာတ်တော်ကြီးပြိုင်ပွဲသို့ တက်ရောက်ကြည့်ရှုအားပေးသည်။

အဆိုပါပြိုင်ပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့်ဇနီးတို့နှင့်အတူ ပြည်ထောင်စုဝန်ကြီးများနှင့်ဇနီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ အကဲဖြတ်ဒိုင်အဖွဲ့ဝင်များ၊

စာမျက်နှာ ၅ ကော်လံ ၁ ❐

**ရေကြောင်းလုံခြုံရေးပင်လယ်ပြင်လေ့ကျင့်ခန်း (Maritime Security Exercise) ဆောင်ရွက်စဉ် ရေကြောင်းသတိပေးချက်နှင့် လေကြောင်းသတိပေးချက်ထုတ်ပြန်ကြေညာခြင်း**

စာ - ၂၇ သို့

**အောက်တိုဘာလ ၁၉ ရက်မှ ၂၄ ရက်အတွင်း မိုးကြီးခြင်းနှင့် လေပြင်းတိုက်ခတ်ခြင်းများဖြစ်ပေါ်နိုင်**

စာ - ၁၅ သို့

ဗန္ဓုလသယ်ယူပို့ဆောင်ရေးကုမ္ပဏီလီမိတက်
ရွှေမန်းသူ
အဝေးပြေးခရီးသည်ပို့ဆောင်ရေးလုပ်ငန်း
ပါရမီလက်မှတ်အရောင်းဌာန
ရွှေမန်းသူ ၀၉၂၅၄၇၈၁၀၆၀၊ ၀၉၂၆၁၄၀၀၈၄၄
ရွှေမြိုင်သူ ၀၉၂၆၁၄၀၀၈၅၅
ရန်ကုန်မြို့တွင်း
ရှမ်းမလေး G & G Store ဆိုင်များ
ပုသိမ်သူ Online
Easy Ticket, Go - Auto Ticket
ရန်ကုန်
နေပြည်တော်
တောင်ကြီး
မုံရွာ၊ မန္တလေး၊ ပြင်ဦးလွင်
ကျောက်ပန်းတောင်း - ချောက် - ဆိပ်ဖြူ
ပုဂံ (ညောင်ဦး) - ပခုက္ကူ
မကွေး - မင်းဘူး - ရွှေစက်တော်၊ မိတ္ထီလာ - မြင်းခြံ
မော်လမြိုင် - မုဒုံ - သံဖြူဇရပ် - ကျိုက်မရော
တောင်ငူ - ဆွာ - ရေနီ
ပုသိမ်


ဘေးကင်း လုံခြုံစိတ်ချ တာဝန်ယူမှုပြည့်ဝသော ခရီးသွားဝန်ဆောင်မှု